မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၍

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် ၂၀၁၇ ခုနှစ်၊ ဧပြီ ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၈၄)

ပြည်သူနှင့်အတူ

ကြားဖြတ်ရွေးကောက်ပွဲ နိုင်ငံအဝန်း လစ်လပ်မဲဆန္ဒနယ်များ၌ တစ်ပြိုင်နက်ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၌ မဲရုံပေါင်း ၉၄၂ ရုံဖွင့်လှစ်၊ မဲဆန္ဒရှင် တစ်သန်းကျော်ရှိ

သတင်းစဉ်(ရန်ကုန်သတင်းအဖွဲ့)

ရန်ကုန် ဧပြီ ၁

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းရှိ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာ၌ တစ်ပြိုင်နက်ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လစ်လပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးနေရာတွင် လှိုင်သာယာ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ကော့မှူးမြို့နယ်များ ပါဝင်ပြီး လစ်လပ်အမျိုးသား မဲဆန္ဒနယ် တစ်နေရာဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် အမှတ်(၆) မဲဆန္ဒနယ်မြေတွင် ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်နှင့် အလုံမြို့နယ်တို့ ပါဝင်ရာ သတ်မှတ်မဲရုံပေါင်း ၉၄၂ ရုံ ဖွင့်လှစ်ထားရှိပြီး

စာမျက်နှာ ၄ ကော်လံ ၁

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အလုံမြို့နယ် မဲရုံတစ်ရုံ၌ အဘွားအိုတစ်ဦး ဆန္ဒမဲ လာရောက်ပေးစဉ်

ဂျာနယ်ကျော်မမလေး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကျင်းပ

စာ »၃

မုံရွာကြားဖြတ် ရွေးကောက်ပွဲတွင် မျက်မမြင်များ ကိုယ်တိုင် မဲပေးသည်ကိုတွေ့ရခြင်းမှာ အားရစရာကောင်းကြောင်း နိုင်ငံတကာအဆင့် ရွေးကောက်ပွဲ စောင့်ကြည့်သူကပြောကြား

စာ »၅

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားသည်။

ပထမအကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုမှ သိန်းတစ်သောင်းဆု ကံထူးရှင်ထွက်ပေါ်

ကျောက်ဖြူ ဧပြီ ၁

မြန်မာနိုင်ငံ၌ (၁)အကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် သိန်းတစ်သောင်းဆုကို ကံထူးရှင် ကျောက်ဖြူမြို့နယ်မှ ဦးစံရွှေခိုင်က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

(၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆု လက်မှတ်ဖွင့်လှစ်ပွဲကို ဧပြီ ၁ ရက်တွင် ရန်ကုန်မြို့ အောင်ဘာလေ သိန်းဆုဖွင့်ပွဲ အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါ သိန်းဆုလက်မှတ်ဖွင့်လှစ်ပွဲတွင် ပထမဆုလက်မှတ်ဖြစ်သည့် သိန်းတစ်သောင်းဆုကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပြည်သာယာဈေးအတွင်း ဖွင့်လှစ်ရောင်းချနေသည့် သားကောင်းရတနာထီဆိုင်မှ ထီလက်မှတ်ဝယ်ယူခဲ့သူ ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် ရုံးတက်လမ်းနှင့် ပိတောက်ရွှေဝါလမ်းအကြား ဖြတ်လမ်း(၃)နေ ဦးစံရွှေခိုင်က ဖော်ပြပါထီဆိုင်မှ မင်္ဂလာစုံတွဲ(အထူး)တစ်အုပ် ဝယ်ယူကံစမ်းခဲ့သည့်အနက် ပ-၅၉၆၈၇၂ လက်မှတ်ဖြင့် (ကျပ်သိန်းတစ်သောင်းတိတိ)ဆုကို ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်လည်းဖြစ် အမြင့်ဆုံးထီဆုလည်းဖြစ်သည့် သိန်းတစ်သောင်းဆုကို ပထမဆုံးဆွတ်ခူးနိုင်ခဲ့သော ဦးစံရွှေခိုင်အတွက် ဝမ်းမြောက်ကြကြောင်း သိရသည်။

စောမိုးကျော်

SQA

Racer Engineering College

City & Guilds

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများနှင့် အင်ဂျင်နီယာပညာ လိုလားသူများအတွက် အခွင့်လမ်းကောင်းများ

Higher National Diploma (SQA,UK)
City & Guilds Diploma (UK)

SQA, Ambassador Award
ဆုရှင် (၃) ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

Architecture
Civil Engineering
Electronics Engineering

No.D-22,23,ရွှေဖြူပလာဇာ၊ ၃၂-၃၃ လမ်းကြား၊ ၇၇-၇၈ လမ်းကြား၊ မန္တလေးမြို့။ ☎ ၀၉-၂၀၁၄၄၅၀

မြန်မာ့အလင်း

တစ်နှစ်ပြည့်အောင်မြင်မှုမှသည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးလောကကို ဝင်လာစဉ်ကတည်းက ပြည်သူလူထုအား တစ်ခုတည်းသောကတိကို ပြုခဲ့ပါသည်။ ဤသည်မှာအကောင်းဆုံးဖြစ်ရန်ကြိုးပမ်းမည်ဟူသောကတိ ဖြစ်ပါသည်။ အဆိုပါကတိသည် ရိုးရှင်းသောကတိဖြစ်သော်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ကျင့်တရားနှင့် ရိုးသားဖြောင့်မတ်မှုအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကြောင့် ကြီးမားသော နိုင်ငံရေးအင်အား ဖြစ်လာပါသည်။တိုင်းပြည်၏ အပြောင်းအလဲအချိုးအကွေ့ကို ပြည်သူလူထု၏ ယုံကြည်မှု(သို့မဟုတ်) နိုင်ငံရေးအင်အားဖြင့်သာ စွမ်းဆောင်နိုင်သည်ကို သမိုင်းကသက်သေပြပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်တွင် ပြောကြားသည့် မိန့်ခွန်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရအဖွဲ့ကိုင်စွဲသည့် အခြေခံစိတ်ဓာတ်ကို အဂတိတရားလေးပါးမှ ကင်းရှင်းရေးဟု ဖွင့်ဆိုရှင်းလင်းသွားပါသည်။ ဆန္ဒ၊ ဒေါသ၊ ဘယာနှင့် မောဟဟူသော အဂတိတရားလေးပါးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ညွှန်းဆိုပြောကြားသွားခြင်းဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် အဂတိတရားလေးပါးမှ ကင်းရှင်းစေရမည်ဟု ရဲရဲဝင့်ဝင့်ကတိပြုရဲသော အစိုးရတစ်ရပ်ရရှိရန် နှစ်ပေါင်းများစွာ ကြိုးပမ်းရုန်းကန်ခဲ့ရပါသည်။ ပြည်သူလူထုအား ရဲရဲဝင့်ဝင့်ကတိပြုရဲသော အစိုးရတစ်ရပ်နှင့် အစိုးရ၏ ဤကတိတို့အပေါ် ပြည်သူလူထု၏ ယုံကြည်မှုရယူနိုင်သော အစိုးရတစ်ရပ်ဟူသော ရိုးရှင်းသောအချက်ကပင် လူထုအစိုးရသစ်၏ အောင်မြင်မှုကို လှစ်ဟပြသနေပါသည်။ သို့သော် အဂတိတရားလေးပါးကို အမြစ်ပြတ်ဖယ်ရှားရှင်းလင်းရေးသည် နှစ်ပေါင်း ၅၀ ကျော် အမြစ်တွယ်ခဲ့သော စနစ်ကို ပြုပြင်ပြောင်းလဲနိုင်မှသာဖြစ်မြောက်နိုင်မည်ဖြစ်ပါသည်။ နှစ်ပေါင်း ၅၀ ကျော် အမြစ်တွယ်ခဲ့သော စနစ်တစ်ရပ်ကို တစ်နှစ်အတွင်း မပြောင်းလဲနိုင်သည်မှာ လူတိုင်းနားလည်လက်ခံနိုင်သောအချက် ဖြစ်ပါသည်။ အစိုးရဟူသည် ပြည်သူလူထုအတွက်ဖြစ်ရမည်ဟူသောအချက်ကို ထင်ရှားအောင်လုပ်နိုင်ခြင်းသည်ပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ကြားသကဲ့သို့ လူထုအစိုးရသစ်၏ အောင်မြင်မှုဖြစ်ပါသည်။

လူထုအစိုးရသစ်သည် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးကို အရေးကြီးတာဝန်အဖြစ်သတ်မှတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်စဉ်များကို လေ့လာပါက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထောက်ပြသကဲ့သို့ ရှေ့သို့တိုးတက်သည်လည်း ရှိပါသည်၊ ရပ်တန့်သည်လည်း ရှိပါသည်၊ နောက်သို့ပြန်ဆုတ်ခြင်းလည်းရှိပါသည်။ ဤကဲ့သို့သော အချိုးအကွေ့များပြွမ်းတီးနေသော ငြိမ်းချမ်းရေး ခရီးလမ်းအပေါ် ပြည်သူလူထုက စိတ်အားမငယ်ရန် လိုအပ်ပါသည်။ သန္နိဋ္ဌာန်ချထားသော ကြိုးပမ်းမှု၌မျှော်လင့်ချက်များနှင့်အတူ အပြီးသတ်အောင်ပွဲရှိနေသည်ကို ကမ္ဘာ့သမိုင်းဖြစ်ရပ်များက သက်သေထူပြသနေပါသည်။

တီဘီ၊ ငှက်ဖျားနှင့် **HIV AIDS** ဟူသော ရောဂါကြီးသုံးခုတိုက်ဖျက်ရေးအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသော **Global Funds** အဖွဲ့ကြီးက မြန်မာနိုင်ငံ၏ ဤရောဂါကြီးသုံးခုတိုက်ဖျက်ရေးအပေါ် အသိအမှတ်ပြုချီးကျူး၍ သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၅၀၀ ထောက်ပံ့ရန် သဘောတူခဲ့ခြင်းသည် လူထုအစိုးရသစ်၏ ပြည်သူလူထုအပေါ်ထားသော မေတ္တာကို မီးမောင်းထိုးပြသနေပါသည်။ အလုပ်အကိုင်သစ်ဖန်တီးရေးနှင့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် လျှပ်စစ်မီးရရှိရေးကို အဓိကထားလုပ်ဆောင်မည်ဟူသော လူထုအစိုးရသစ်၏ အနာဂတ်လုပ်ငန်းစဉ်သည် ပြည်သူလူထု၏ အဓိကမျှော်လင့်ချက်ကို ဖြည့်ဆည်းပေးမည်ဖြစ်၍ အနာဂတ်ကာလများ၌လည်း ပိုမိုကြီးမားသော အောင်မြင်မှုများရရှိမည်မှာ မလွဲကေန်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

တစ်နိုင်ငံလုံးအမှတ်အများဆုံး ကျောင်းသား ကျောင်းသူများအားဆုချီးမြှင့်

ရန်ကုန် မေ ၁

၂၀၁၆ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်၊ တက္ကသိုလ်ဝင်တန်းအောင် Top Ten ကျောင်းသား ကျောင်းသူများအား လူရည်ချွန်(၁၉၆၄-၈၈) အဖွဲ့က ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အောဂစ်ဟိုတယ်၌ ကျင်းပသည်။

"လူငယ်လူရွယ်တွေ ဆိုတာ နိုင်ငံတော်ရဲ့အနာဂတ်ဖြစ်ပါတယ်။ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေ အများကြီးလိုအပ်ပါတယ်။ ဒီအတွက် ထူးချွန်တဲ့လူငယ်တွေ တိုးပွားလာဖို့ရည်ရွယ်ကာ အခုလို ဂုဏ်ပြုဆုတွေ ချီးမြှင့်ရခြင်း ဖြစ်ပါတယ်"ဟု အသင်းဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်က စတင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန်ဆုအမည်ဖြင့် ပေါ်ထွက်လာခဲ့ကြောင်း၊ ယခုအခါ အခြေခံပညာကျောင်းများတွင် ရှစ်တန်း၊ ကိုးတန်းနှင့် ဆယ်တန်းကျောင်းသား ကျောင်းသူများထဲမှ ကျောင်းစာအပြင်၊ အားကစားတွင်လည်း

ထူးချွန်သူများကို ဘက်စုံပညာထူးချွန်သူများအဖြစ် နှစ်စဉ်ရွေးချယ်ပေးလျက်ရှိကြောင်း သိရသည်။ "ကျွန်တော်တို့ ၂၀၁၆ ခုနှစ်မှာတော့ ကလေးတွေက တစ်နိုင်ငံလုံးမှာ Top Ten ဖြစ်တဲ့အပြင် ဘက်စုံပညာ ထူးချွန်ဆုရထားတဲ့သူတွေလည်းဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၆ ခုနှစ်အတွက် ထူးခြားချက်ဖြစ်ပါတယ်" ဟု လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့ အတွင်းရေးမှူး ဦးကျော်ဌေးက ပြောသည်။

အခမ်းအနားတွင် လူရည်ချွန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် တာဝန်ရှိသူများက ၂၀၁၆ ခုနှစ်ဘက်စုံပညာထူးချွန်လူငယ်တက္ကသိုလ်ဝင်တန်းတွင် ရမှတ်အများဆုံး Top Ten ကျောင်းသားကျောင်းသူ ၁၁ ဦးအား ဆုများချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ အမှတ်အများဆုံး ကျောင်းသား ကျောင်းသူများမှာ မထက်ယမင်းအောင် ၅၆၂ မှတ်၊ မမေမြတ်နိုး ၅၅၄ မှတ် ၊ မခင်ဦးကုံကော် ၅၅၀မှတ် ၊ မဖြိုးသဥ္ဇာထက် ၅၄၉ မှတ်၊ မကျော့ရတီခင် ၅၄၇ မှတ်၊ မောင်ကောင်းထက်နိုင် ၅၄၇ မှတ်၊ မခင်နှင်းထက်ခိုင် ၅၄၆ မှတ်၊ မခိုင်ချင်းချင်းစိုး ၅၄၅ မှတ်၊ မောင်စိုးသီဟလင်း ၅၄၄ မှတ် ၊ မသူသူဇော် ၅၄၃ မှတ်နှင့် မောင်ကောင်းထက်စံ ၅၄၃ မှတ်တို့ဖြစ်ကြပြီး ၎င်းတို့အားလုံးမှာ ခြောက်ဘာသာဂုဏ်ထူးရှင်များဖြစ်ကြောင်း သိရသည်။

သတင်း - မြင့်မောင်စိုး
ဓာတ်ပုံ - သက္က

ဒစ်ဂျစ်တယ်သတင်းစာအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

မော်လမြိုင် မေ ၁

ပြန်ကြားရေးဝန်ကြီးဌာနမှ မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်တော့မည့် ဒစ်ဂျစ်တယ်သတင်းစာနှင့်ပတ်သက်၍ သိကောင်းစရာသတင်းနှင့် နည်းပညာများအကြောင်းကို မြန်မာ့အလင်းသတင်းစာစာတည်းမှူးချုပ်နှင့် နည်းပညာကျွမ်းကျင်သူများမှ မေ ၁ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ မွန်ပြည်နယ်ရှိ သတင်းထောက်များနှင့် တွေ့ဆုံကာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

"အခြေခံလူတန်းစား အများစုအပါအဝင် မြန်မာနိုင်ငံရဲ့ လူဦးရေ သန်း ၂၀ ကျော်က မိုဘိုင်းရေစီးကြောင်းထဲ လျှောက်နေချိန်မှာ ဈေးကွက် လိုအပ်ချက်အရ ပုံနှိပ်မီဒီယာကနေ ဒစ်ဂျစ်တယ်သတင်းစာကိုပြောင်းဖို့ ဝန်ကြီးဌာနအနေနဲ့ စိတ်ကူးရှိနေတာ ကြာပါပြီ။ အဲဒါကို မေ ၁ ရက်မှာစပြီး အကောင်အထည်ဖော်ဖို့ ကြိုးစားနေပါတယ်။ သတင်းစာတစ်စောင်ကို ကော်ဖီတစ်ခွက်နဲ့ ဇိမ်ခံဖတ်နိုင်တဲ့ခေတ် မဟုတ်တော့တဲ့အချိန်မှာ အချိန်ကုန်သက်သာစေမယ့် ဒစ်ဂျစ်တယ်သတင်းစာဟာ မရှိမဖြစ် လိုအပ်လာပါတယ်။ ပြည်ပက နည်းပညာဝယ်ထားပြီး ပြန်ကြားရေးကလုပ်မယ့် ဒစ်ဂျစ်တယ်သတင်းစာမှာ ပုံနှိပ်စာမျက်နှာအတိုင်း ဖွဲ့စည်းထားမှာဖြစ်ကာ ဖတ်ချင်တဲ့စာမျက်နှာအလိုက်၊ ဖတ်ချင်တဲ့သတင်းပုဒ်အလိုက် ရွေးဖတ်လို့ရနိုင်ပါမယ်" ဟု မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက ဒစ်ဂျစ်တယ်သတင်းစာနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မွန်ပြည်နယ်ရှိ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားလုပ်ငန်းဌာနမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်အခြေစိုက် မီဒီယာအသီးသီးမှ သတင်းထောက်များနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြတ်မွန်ထွေး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၈၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၅၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၈၀၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၈၅/၇၀၅ ကျပ် (လက်ကားဈေး)
အောက်တိန်း ၉၂	၆၉၅/၇၁၀ ကျပ် (လက်ကားဈေး)
အောက်တိန်း ၉၅	၇၃၅/၇၆၀ ကျပ် (လက်ကားဈေး)
ပရီမီယံဒီဇယ်	၇၁၀/၇၃၀ ကျပ် (လက်ကားဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၆၂ ・ ၀၀
ဥရောပ	တစ်ယူရို	၁၄၇၂ ・ ၄
စင်ကာပူ	တစ်ဒေါ်လာ	၉၇၅ ・ ၁၂
ထိုင်း	တစ်ဘတ်	၃၉ ・ ၅၀
အိန္ဒိယ	တစ်ရူပီး	၂၀ ・ ၉၃
တရုတ်	တစ်ယွမ်	၁၉၇ ・ ၉၆
မလေးရှား	တစ်ရင်းဂစ်	၃၀၈ ・ ၂၅

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ဒီကနေ့ဒီအချိန်မှာ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအောင်မြင်အောင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်တို့နဲ့ သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့သော (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

အဂတိတရား (၄)ပါးကင်းဖို့လို

အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် လုပ်တဲ့နေရာမှာလည်း ဒီအဂတိတရား (၄)ပါးကင်းဖို့ လိုပါတယ်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ။ မကြိုက်လို့ မလုပ်တာတို့၊ ကြိုက်လို့ လုပ်တာတို့၊ ကြောက်လို့ လုပ်တာတို့၊ ဒါမှမဟုတ် အသိတရားကင်းမဲ့လို့ လုပ်တာတို့၊ မလုပ်တာတို့ ဒါတွေအားလုံးဟာ အဂတိတရားတွေပါပဲ။ ဒါတွေကနေ ကင်းစင်ဖို့ အစိုးရတစ်ရပ်ဟာ အင်မတန်မှ ကြိုးစားရပါလိမ့်မယ်။

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

ဂျာနယ်ကျော်မမလေး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ယခုအခမ်းအနားတွင် စာရေးဆရာကြီး ဆရာမကြီးများက စာရေး ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ စာပေအကြောင်းများကို ပြည့်ပြည့်စုံစုံ ဆွေးနွေးကြမည်ဟု သိရှိရပါကြောင်း၊ ဤသည်မှာ ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်ဖြစ်ပါကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်ရန် လက်ရှိ ရှိနေသည့် စာပေများကို ဝေဖန်ဆွေးနွေးသုံးသပ်သည်များရှိသကဲ့သို့ ယခင်အဆက်ဆက်ကရှိခဲ့သည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ စာရေးဆရာကြီး၊ ဆရာမကြီးများ စာပေများကို သုံးသပ်ဆွေးနွေးခြင်းသည်လည်း စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အစဉ်အလာတစ်ခု ဖြစ်ပါကြောင်း။

ဂျာနယ်ကျော်မမလေး၏ ဝတ္ထု၊ အတ္ထုပ္ပတ္တိ၊ စာပေလှုပ်ရှားမှု အကြောင်းများကို ငယ်စဉ်ကပင် ဖတ်ရှုခဲ့ပါကြောင်း၊ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးသည် ဝတ္ထုအရေးအသားအလွန်ကောင်းပြီး မြန်မာနိုင်ငံ၌ ထိုအချိန်က စာပေလွှမ်းမိုးမှုအရှိဆုံး စာရေးဆရာမကြီးတစ်ဦးဖြစ်ပါကြောင်း၊ စာရေးဆရာအသင်း၌လည်း စာပေရေးရာဆိုင်ရာများတွင် တက်တက်ကြွကြွလှုပ်ရှားခဲ့ပါကြောင်း၊ ယနေ့ခေတ်တွင် စာပေရေးရာလွတ်လပ်ခွင့်များ၏ အသီးအပွင့်များကို တွေ့ကြုံရသည့် အချိန်ကာလကို ရောက်ရှိပြီဖြစ်ပါကြောင်း၊ စာပေအနုပညာဖန်တီးသူများအဖို့ လွတ်လပ်စွာဖန်တီးနိုင်သည့် အချိန်ကာလဖြစ်သည့် အားလျော်စွာ မိမိလိုချင်သည့်ပုံစံမျိုးကို ဖန်တီးဆောင်ရွက်ကြရန် အကြံပြုလိုပါကြောင်း၊ မြန်မာစာပေနယ်ပယ် ယခုကဲ့သို့ ပွဲများစည်ပင်အောင် စာပေလှုပ်ရှားမှုများကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆရာမောင်ခင်မင် (ဓနုဖြူ)၊ ဆရာထက်မြက်၊ ဆရာမကြူကြူသင်း နှင့် ဆရာမောင်မိုးသူတို့က စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးနှင့် စပ်လျဉ်း၍ အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး မိသားစုကိုယ်စား ဦးသိမ်းစိုး(သိမ်းစိုး-သီဟရတနာစာပေတိုက်)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော စာရေးဆရာ ဆရာမများ၏ ဓာတ်ပုံများ၊ ဂျာနယ်ကျော်စာစောင်များ၊ မြန်မာ့ဆေးပညာမှတ်တမ်း၊ ဂျာနယ်ကျော်မမလေး၏ မှတ်တမ်းဓာတ်ပုံများနှင့် ရေးသားခဲ့သော စာအုပ်များကို လှည့်လည်ကြည့်ရှုသည်။

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးကို ၁၉၁၇ ခုနှစ် ဧပြီ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကမကလူရွာတွင် မွေးဖွားခဲ့ပြီး ၁၉၈၂ ခုနှစ် ဧပြီ ၆ ရက်၊ အသက် ၆၅ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ဂျာနယ်ကျော်မမလေးသည် ဝတ္ထုတိုပေါင်း ၁၀၀ ခန့်၊ ဝတ္ထုရှည် ၁၃ ပုဒ်၊ ခရီးသွားမှတ်တမ်း နှစ်ပုဒ်၊ အထွေထွေဆောင်းပါး ၁၀၀ ကျော် ရေးသားခဲ့ပြီး ၎င်းတို့အနက် “မြက်ကလေးတစ်ပင်” ဝတ္ထုကို ဂျာမန်ဘာသာ၊ “တွေးတစိမ့်စိမ့်” ဝတ္ထုကို ရုရှားဘာသာ၊ “သွေး” ဝတ္ထုကို ဂျပန်နှင့် ထိုင်းဘာသာ၊ “မုဆိုးမ” ဝတ္ထုကို အင်္ဂလိပ်ဘာသာ၊ “မုန်း၍မဟူ” ဝတ္ထုကို ရုရှား၊ ဥဇဘတ်၊ ပြင်သစ်နှင့် တရုတ်ဘာသာ၊ “သူလိုလူ” ဝတ္ထုကို အင်္ဂလိပ်ဘာသာတို့ဖြင့် ဘာသာပြန်ဆိုခြင်းခံရသည်။

ဂျာနယ်ကျော်မမလေးသည် ၁၉၅၅ ခုနှစ်တွင် “မုန်း၍ မဟူ” ဝတ္ထုရှည် စာပေဗိမာန်ဆု၊ ၁၉၆၃ ခုနှစ်တွင် “တွေးတစိမ့်စိမ့်” ဝတ္ထု စာပေဗိမာန် အနုပညာစာပေဆု၊ ၁၉၆၃ ခုနှစ်တွင် ဝတ္ထုတိုပေါင်းချုပ်တတိယဆုနှင့် ၁၉၇၉ ခုနှစ်တွင် “သွေး”ဝတ္ထုဖြင့် ဘာသာပြန်စာပေ ပထမဆုတို့ကို ရရှိခဲ့သည်။

အဆိုပါအခမ်းအနားကို ယနေ့မှ ဧပြီ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မောင်ခင်မင်(ဓနုဖြူ)၊ မောင်မိုးသူ၊ ထက်မြက်၊ ကြူကြူသင်း၊ ကြည်မင်း၊ ကြည်ရွှန်း၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ အောင်ဇင်မင်း၊ နှင်းဝေငြိမ်း၊ မီမို၊ မာန်(တောင်လုံးပြန်)၊ လေးကိုတင်၊ ဇာဂနာ၊ ကြည်စိုးထွန်း၊ ဗိုလ်ကလေးတင့်အောင်၊ စံရွှေမောင်နှင့် မျိုးသန္တာထွန်းတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး ခေတ်အဆက်ဆက် မြန်မာစာရေးဆရာ ဆရာမများ၏ ပုံတူပန်းချီဓာတ်ပုံ ၃၀၀ ကျော် ပြသခြင်း၊ စာပေ၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်တို့မှ ပညာရှင်များက ဟောပြောဆွေးနွေးခြင်းနှင့် ဂျာနယ်ကျော်စာစောင်များ၊ ဂျာနယ်ကျော်မမလေး၏ ဝတ္ထုမှတ်တမ်း ရုပ်ရှင်များ ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်း-ရီမြတ်သန့်
ဓာတ်ပုံ-ဇော်မင်းလတ်

မြန်မာ-ထိုင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ပထမအကြိမ်အစည်းအဝေး ကော့သောင်းမြို့တွင် ပြုလုပ်

နေပြည်တော် ဧပြီ ၁

မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ နှစ်နိုင်ငံဝန်ကြီးများသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ တွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နှင့် ခရီးသွားလုပ်ငန်းများမြှင့်တင်ရေးအတွက် သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းသဘောတူစာချုပ်၏ နောက်ဆက်တွဲအစီအစဉ်အဖြစ် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံအားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr.Pongpanu Sveterundra ဦးဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့သည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ Victoria Cliff Hotel ၌ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတစ်ရပ် ကျင်းပ ခဲ့သည်။

အစည်းအဝေးတွင် Working Group (၁) ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က မြန်မာနိုင်ငံသည် ယခင်ကပင် ASEAN , CLMV, MEGONG စသည့်နိုင်ငံများ၊ အဖွဲ့အစည်းများ၏ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ အပြန်အလှန်ခရီးသွားလုပ်ငန်းတိုးမြှင့်ဆောင်ရွက် ရေးအတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း နှစ်နိုင်ငံဝန်ကြီးများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါ ကြောင်း၊ ယခုအခါ Working Group (၂) ခုဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံအားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr.Pongpanu Sveterundra က ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ လာရောက်လည်ပတ်သည့် ခရီးသည်များအဆင်ပြေစွာသွားလာနိုင်ရေး၊ လာရောက် ရင်းနှီးမြှုပ်နှံလိုသူများ လွယ်ကူစွာလုပ်ကိုင်နိုင်ရေး၊ ကော့သောင်းဒေသရှိ အက်ဒမန် ပင်လယ်ကျွန်းစုများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နှစ်နိုင်ငံကမ္ဘာလှည့်ခရီးသည် စောင့်ရှောက်ရေးရဲတပ်ဖွဲ့ (Tourist Police) များ အပြန်အလှန်ကူညီရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် တာဝန်ရှိသူများက ခရီးသွားဧည့်သည်များနှင့်သက်ဆိုင်သည့် သတင်းများ အပြန်အလှန်ဖလှယ်ပေးပို့ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း ခရီးသွားများ တစ်စုံတစ်ရာ မတော်တဆမှုများဖြစ်ပွားပါက အပြန်အလှန်အကူအညီပေးရေး၊ နယ်စပ် ဖြတ်ကျော်ဝင်ရောက်ကြသည့် ခရီးသွားဧည့်သည်များ၏ လုံခြုံရေးအတွက် ကူညီ စောင့်ရှောက်ရေး၊ တတိယနိုင်ငံသားများ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လည်ပတ်နိုင်ရေးနှင့် ကော့သောင်းဒေသရှိ ခရစ္စတင်းကျွန်းသို့လည်း လာရောက်ရာတွင် ကူညီသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စရပ် များ လွယ်ကူစေရေး၊ လုပ်ငန်းစဉ်များ ရှင်းလင်းပြီး လျှော့ချသွားနိုင်ရေးကိစ္စများဆွေးနွေးသည်။

ဆက်လက်၍ Working Group အဖွဲ့(၂) ခေါင်းဆောင် FMI ကုမ္ပဏီများ အုပ်စုဥက္ကဋ္ဌ ဦးသိမ်းဝေ(ခ) Mr.Serge Pun က အဏ္ဏဝါခရီးသွားလုပ်ငန်းများ တိုးတက်လာစေရေး၊ လာရောက်ရင်းနှီးမြှုပ်နှံမှုများအား အပြည့်အဝပူးပေါင်းဆောင်ရွက်ပေးရေးကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း (MTF) အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက နှစ်နိုင်ငံခရီးသွားလုပ်ငန်း အရှိန်မြှင့်တိုးတက်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံအမြဲတမ်းအတွင်းဝန် အသီးသီးတို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှ

မဲပေးခွင့်ရှိသူ မဲဆန္ဒရှင် ပြည်သူ ၁၀၀၆၂၅၂ ဦး မဲပေးခွင့်ရှိကြောင်း သိရသည်။ မဲရုံများ စတင်ဖွင့်ချိန် နံနက် ၆ နာရီတွင် မဲရုံအများစု၌ လာရောက်မဲပေးသူ နည်းပါးမှုရှိနေသော်လည်း နံနက် ၈ နာရီနောက်ပိုင်းမှစတင်၍ မဲပေးသူများ တဖွဲဖွဲ လာရောက်မဲပေးကြသည်ကို တွေ့မြင်ရသည်။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပနေစဉ် ပြည်သူများ လွတ်လပ်၍ တရားမျှတစွာ မဲပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ အင်အားထက်ဝက်ခန့်ကို အသုံးပြု၍

လှိုင်မြို့နယ် (၁၃)ရပ်ကွက် မဲရုံအမှတ်(၅)၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးရန် မဲလက်မှတ်ထုတ်ယူနေစဉ်

လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ကြားဖြတ်ရွေးကောက်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကမာရွတ်မြို့နယ်အမှတ်(၄)ရပ်ကွက် ယုဇနလမ်းနှင့် ဘုရင့်နောင်လမ်းကြား သဘော်ကျင်းအိမ်ရာရှိ အမှတ်(၁)မဲရုံတွင် လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် လှိုင်သာယာမြို့နယ် FMI City ဝင်းအတွင်းရှိ ဖွင့်လှစ်ထားသော မဲရုံတွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက်ရှိ အမျိုးသမီးဂေဟာ၌ ဖွင့်လှစ်ထားသော အမှတ်(၃)မဲရုံတွင် လည်းကောင်း လာရောက် ဆန္ဒမဲပေးခဲ့ကြသည်။

လှိုင်သာယာမြို့နယ်တွင် မဲရုံပေါင်း ၂၆၂ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၃၇၈၅၁၆ ဦးရှိရာ နံနက် ၆ နာရီမှ စတင်၍ မဲဆန္ဒရှင် ပြည်သူများက သက်ဆိုင်ရာမဲရုံများတွင် လာရောက်မဲပေးကြသည်။

လှိုင်သာယာမြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းရှိ မဲရုံတွင် လာရောက်မဲပေးသူ ဒေါ်အေးမြတ်မွန်က “မဲလက်မှတ်ကို ကြိုထုတ်ထားတာဆိုတော့ မဲပေးရတာ အဆင်ပြေပါတယ်။ မနက်ပိုင်းဆိုတော့ မဲပေးတဲ့သူ နည်းနေသေးတယ်။ တိုင်းပြည်အတွက် တကယ်အကျိုးပြုမယ့် ကိုယ်စားလှယ်မျိုးကို ရွေးချယ်ခဲ့ပါတယ်”ဟု ပြောသည်။

ကျန်လစ်လပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သုံးနေရာဖြစ်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မဲရုံပေါင်း ၁၀၈ ရုံ နှင့် မဲပေးပိုင်ခွင့်ရှိသူ ၈၉၈၀၇ ဦး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် မဲရုံပေါင်း ၁၆၉ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၉၉၆၃၁ ဦးနှင့် ကော့မှူးမြို့နယ်တွင် မဲရုံပေါင်း ၁၅၅ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၉၄၆၉၈ ဦးတို့ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက်ရှိ အမှတ်(၃) မဲရုံ၌ ဆန္ဒမဲပေးစဉ်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၉) ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း မဲရုံသို့ ဆန္ဒမဲလာရောက်မဲပေးသူ ကိုကျော်ကျော်သက်က “ကြားဖြတ်ရွေးကောက်ပွဲကို စိတ်ဝင်စားပါတယ်၊ မဲရုံဖွင့်စ အချိန်လောက်က လူကနည်းပါတယ်၊ သိပ်မတွေ့ရဘူး၊ တဖြည်းဖြည်းတော့ မဲလာပေးတဲ့သူများတာ တွေ့ရပါတယ်၊ အခုချိန်က နိုင်ငံကောင်းဖို့အတွက် ချီတက်နေချိန်မှာ နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ချင်လို့ပါ။ ကိုယ်ရွေးချယ်မယ့် ကိုယ်စားလှယ်က နိုင်ငံအတွက် အလုပ်လုပ်နိုင်မယ့်သူကို မျှော်လင့်တယ်၊ ရပ်ရွာဒေသအတွက် ကောင်းတာတွေ လုပ်ပေးဖို့လည်း မျှော်လင့်ပါတယ်”ဟု ပြောသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ မဲဆန္ဒရှင်များ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက လုံ့ကင်းပတ်ကင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မဲရုံတွင် ဆန္ဒမဲလာရောက်ပေးသူ ဒေါ်မြင့်မြင့်စန်းကမူ “ကိုယ်သဘောကျတဲ့ ရွေးချယ်မယ့် ကိုယ်စားလှယ်က ကိုယ့်မြို့နယ်ဒေသအတွက် စွမ်းဆောင်ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ပြီး မဲပေးခဲ့တာပေါ့” ဟု ဆိုသော်လည်း လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးကမူ “ယခု ကြားဖြတ်ရွေးကောက်ပွဲကို မဲမပေးတော့ဘူး” ဟု ပြောသည်။

လစ်လပ် အမျိုးသားမဲဆန္ဒနယ် တစ်နေရာဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် အမှတ်(၆) မဲဆန္ဒနယ်မြေတွင် ကမာရွတ်မြို့နယ်၌ မဲရုံပေါင်း ၃၅ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၅၉၄၄၃ ဦး၊ ကြည့်မြင်တိုင်မြို့နယ်၌ မဲရုံပေါင်း ၅၄ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၇၀၉၁၄ ဦး၊ ဆိပ်ကမ်းမြို့နယ်၌ မဲရုံပေါင်း သုံးရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၁၈၃၇ ဦး၊ လသာမြို့နယ်၌ မဲရုံပေါင်း ၁၈ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၂၂၁၀၁ ဦး၊ လှိုင်မြို့နယ်၌ မဲရုံပေါင်း ၈၅ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၁၁၁၁၈၆ ဦး၊ လမ်းမတော်မြို့နယ်၌ မဲရုံပေါင်း ၂၀ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၃၃၃၇၆ ဦးနှင့် အလုံမြို့နယ်၌ မဲရုံပေါင်း ၃၂ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၄၅၇၄၃ ဦးတို့ရှိကြောင်း သိရသည်။

လှိုင်မြို့နယ်ရှိ သတ်မှတ်မဲရုံတွင် ဆန္ဒမဲလာရောက်ပေးသူ ဦးသိန်းနိုင်က “ကိုယ့်မြို့နယ်၊ ကိုယ့်ရပ်ကွက် တိုးတက်အောင် လုပ်ပေးနိုင်မယ်ထင်တဲ့သူကို ရွေးချယ်မဲပေးခဲ့တာပါ။ လွှတ်လွှတ်လပ်လပ်လည်း မဲပေးခွင့်ရပါတယ်။ သူတို့ လုပ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု ဆိုသကဲ့သို့ ဒေါ်လွှင်လွှင်ခိုင်ကမူ “တိုးတက်အောင် လုပ်ပေးနိုင်မယ်ဆိုတဲ့ ယုံကြည်မှုတစ်ခုကြောင့်ပေါ့၊ လိုအပ်ချက်တွေက အများကြီးရှိပါတယ်၊ လုပ်ပေးနိုင်မယ့် အတိုင်းအတာအထိတော့ မျှော်လင့်ပါတယ်” ဟု ပြောသည်။

ကမာရွတ်မြို့နယ်ရှိ သတ်မှတ်မဲရုံတွင် ဆန္ဒမဲလာရောက်ပေးသူ ပန်းချီပညာရှင် ကိုတင်လှိုင်က “ကျွန်တော် ရွေးကောက်တင်မြှောက်ချင်တဲ့ ကိုယ်စားလှယ်၊ ယုံကြည်အားထားရတဲ့ ပုဂ္ဂိုလ်ကို လွတ်လွတ်လပ်လပ် မဲပေးခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့မြို့နယ်၊ ရပ်ကွက်အထိ တိုးတက်အောင် လုပ်ပေးနိုင်မယ်လို့ မျှော်လင့်လို့ပါ” ဟု ဆိုသည်။

လမ်းမတော်မြို့နယ် အမှတ်(၇) ရပ်ကွက် မဲရုံအမှတ်(၂) မဲရုံမှူး ဦးမောင်မောင်တင်က “မနက် ၆ နာရီ မဲရုံစဖွင့်တဲ့အချိန်ကစပြီး တစ်နာရီ တစ်ကြိမ် စစ်တမ်းကောက်တယ်။ တစ်နာရီအတွင်းမှာ ၁၀၀ ကျော် ဝင်ပါတယ်။ မဲပေးမယ့်သူတွေကို ကြိုတင်ပြီး လက်မှတ်လေးတွေ ပေးထားပါတယ်။ လာတဲ့သူတွေ အခက်အခဲမရှိအောင် မဲစာရင်းစာအုပ်လည်း ချထားပေးထားတယ်။ နံပါတ်ပြောလိုက်တာနဲ့ တစ်ခါတည်း မဲပေးလို့ရတယ်။ စောင့်ရရင် တစ်မိနစ်၊ နှစ်မိနစ်ပဲ။ လူများရင်တော့ နည်းနည်းစောင့်ရပါတယ်” ဟု ပြောသည်။

လသာမြို့နယ် အမှတ်(၂)ရပ်ကွက် မဲရုံ၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး ဆန္ဒမဲပေးနေစဉ်

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ကြားဖြတ်ရွေးကောက်ပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ မာစီရယ်လ်နှင့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ပြည်တွင်း ပြည်ပလေ့လာစောင့်ကြည့်ရေး အဖွဲ့ဝင်များကလည်း သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများမှ မဲရုံများသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

Newspaper of the Japanese Communit Party မှ Honai Bureau Chief ဖြစ်သူ Mr. MATSUMOTO Masashi က “ဂျပန် အာခါတာရှင်ဗွန်း သတင်းဌာနကပါ၊ လေ့လာသူအနေနဲ့ လာတာပါ။ လမ်းမတော်မြို့နယ်နဲ့ အနီးတစ်ဝိုက်ကို သွားမယ်။ ဒီမဲရုံတွေသွားမယ်။ စိတ်ဝင်စားမှုအနေနဲ့ မဲရုံတစ်ဝိုက်မှာ ကြည့်လိုက်တဲ့အခါ မဲပေးသူတွေ လာတာတွေ့ပေမယ့် အရင် General Election လောက်တော့ မတွေ့ပါဘူး။ ဒီ By Election ကတော့ စိတ်ဝင်စားမှု အများကြီး မရှိတာတွေ့ရတယ်။ ပြည်သူတွေအနေနဲ့ NLD Government ရဲ့ တစ်နှစ်တာ Election အပြီးမှာ ဘာတွေလုပ်နိုင်ခဲ့တယ်။ ဘာတွေကို ဆက်ပြီးလုပ်မယ် ဆိုတာကို မျှော်လင့်နေကြတယ်။ စီးပွားရေးနဲ့ တိုင်းရင်းသားကဏ္ဍတွေမှာ ဘယ်လိုတွေများ ဖြေရှင်းမလဲဆိုတဲ့ မျှော်လင့်ချက်တွေလည်း ရှိနေကြတယ်လို့ ယူဆတယ်”ဟု ပြောသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒနယ် ၁၉ နယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး Result Center ၌ မေ ၂ ရက် နံနက် ၉ နာရီတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လစ်လပ်မဲဆန္ဒနယ်များရှိ မဲရုံများတွင် ဆန္ဒမဲ လာရောက်ပေးသူများ စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီ မဲရုံများ ပိတ်သိမ်းသည့်အချိန်တွင်လည်း မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းရေးသွင်းကြသည်။

မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ **Ms.Nguyen Hong Thao** ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် အမှတ်(၉၄)ရပ်ကွက် မဲရုံသို့ လာရောက်လေ့လာစဉ်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၉၆၃၁ ဦးတွင် ၃၉၄၂၉ ဦး ဆန္ဒမဲပေး

ရန်ကုန် မေ ၁

ယနေ့ကျင်းပသည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ၉၉၆၃၁ ဦးတွင် ဆန္ဒမဲပေးသူ ၃၉၄၂၉ ဦးသာရှိကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။

“မနက်ကတည်းက မဲရုံတွေကို လိုက်ကြည့်တော့ မဲပေးတဲ့သူ နည်းတာတွေ့ရတယ်။ ကြားဖြတ်လည်းဖြစ်တယ်၊ ပြည်သူတွေကလည်း စိတ်ဝင်စားမှုနည်းတယ်။ စောစောပိုင်း မဲစာရင်းတွေ ကပ်တုန်းကလည်း လာကြည့်တဲ့သူနည်းတယ်။ သိပ်တော့ အားမရဘူး” ဟု ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုစိုးက ပြောသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက်နေ ကိုမောင်ကြီးက “အိမ်ကမိသားစုတွေကတော့ မနက်ကတည်းက မဲသွားပေးကြတယ်။ ကျွန်တော်ကတော့ နံနက် ၁၁ နာရီ ကျော်လောက်မှာပဲ မဲသွားပေးခဲ့တယ်။ မဲသွားပေးတာ ဘာအခက်အခဲမှမရှိပါဘူး။ ၂၀၁၅ ရွေးကောက်ပွဲကြီးလောက်တော့ မဲပေးတဲ့သူ သိပ်မတွေ့ရဘူး”ဟု ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မဲစာရင်းများ စနစ်တကျ ပြုလုပ်ထားသည့်အတွက် အမှားအယွင်းမရှိကြောင်းနှင့် ဆန္ဒမဲပေးရာတွင်လည်း တိုင်ကြားမှုများမရှိကြောင်းလည်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ရွေးကောက်ပွဲ တွဲဖက်အရာရှိ ဦးဝင်းမျိုးထက်က ပြောသည်။

ထို့အတူ မဲရေတွက်သည့်နေရာတွင်လည်း ပွင့်လင်းမြင်သာစွာဖြစ်ရန် ပါတီကိုယ်စားလှယ်များနှင့် အများပြည်သူကို စောင့်ကြည့်ခွင့်ပေးထားကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲ တွဲဖက်အရာရှိထံမှ သိရသည်။

ယနေ့ကျင်းပသည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် မဲရုံပေါင်း ၁၆၉ ရုံဖွင့်လှစ်ထားကာ မဲရုံမှူး အပါအဝင် လုံခြုံရေး ၁၈၃

ဦးနှင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ နှစ်ဖွဲ့ ထားရှိပြီး လစ်လပ်မဲဆန္ဒနေရာတွင် ပါတီ ၅ ပါတီမှ ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း

ရန်ကုန်တိုင်းဒေသကြီး ကြားဖြတ်ရွေးကောက်ပွဲနှင့် သူတို့အမြင်

တွေ့ဆုံမေးမြန်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-လှမိုး

မစ္စတာ စကော့မာစီရယ်လ်

H.E. Mr. JUKR BOON-LONG

ဦးရဲမြင့်

ဦးသန်းဝင်း

ဦးစာကြီး

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို မြန်မာတစ်နိုင်ငံလုံးရှိ လစ်လပ် မဲဆန္ဒနယ် (၁၉)နေရာအတွက် ယနေ့ မေ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ နေရာအတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့)၊ ကော့မှူး၊ လှိုင်သာယာမြို့နယ်များတွင် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁ နေရာအတွက် ဆိပ်ကမ်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်နှင့် လှိုင်မြို့နယ်များတွင် လည်းကောင်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည့် မဲဆန္ဒနယ်များသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ဥက္ကဋ္ဌနှင့် နိုင်ငံခြားသံအမတ်များက လှည့်လည်ကြည့်ရှုခဲ့ကြရာ ကြားဖြတ်ရွေးကောက်ပွဲအပေါ် သဘောထားအမြင်များကို ကောက်နှုတ်ဖော်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်

မြန်မာနိုင်ငံက ပြည်သူတွေအနေနဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ မဲပေးခြင်းကို အခုလို ကြားဖြတ်ရွေးကောက်ပွဲမှာ မဲပေးကြတာမြင်ရလို့ ဝမ်းသာပါတယ်။ ကျွန်တော် ကိုယ်တိုင်ကတော့ တစ်ခု၊ နှစ်ခုလောက်ပဲ ကြည့်ဖို့ရှိပါတယ်။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေကတော့ တခြားမဲရုံတွေကို သွားလေ့လာနေတာတွေရှိပါတယ်။ အခုကတော့ မနက်ပိုင်းပဲရှိသေးတော့ မှတ်ချက်ပေးဖို့တော့ စောပါသေးတယ်။ ဒီရွေးကောက်ပွဲက တရားမျှတမှု ရှိ၊ မရှိဆိုတာကိုတော့ မြန်မာပြည်သူတွေ၊ မဲပေးသူတွေက သူတို့မဲပေးရတာ လွတ်လပ်မှု ရှိ၊ မရှိကို သူတို့ကိုယ်တိုင်ပဲ ဆုံးဖြတ်ရပါလိမ့်မယ်။ ကျွန်တော်တို့ အခုလိုလာပြီး လေ့လာတယ်ဆိုတာက မြန်မာနိုင်ငံမှာ အခုလို ရွေးကောက်ပွဲတွေ ဖြစ်ပေါ်လာဖို့ ဘက်ပေါင်းစုံက လုပ်နေတဲ့သူတွေအတွက် ကျွန်တော်တို့က အပြည့်အဝထောက်ခံအားပေးမှုရှိတယ်ဆိုတာကို ဖော်ပြချင်တဲ့ ရည်ရွယ်ချက်နဲ့ လာလေ့လာတာဖြစ်ပါတယ်။ အခု ကျွန်တော်လေ့လာမိသလောက်တော့ လုပ်ပေးထားတာတွေကြည့်ရတာ အထင်ကြီးလေးစားမိပါတယ်။ မြန်မာနိုင်ငံမှာ မဲပေးတဲ့သူတွေထဲမှာ မသန်စွမ်းတွေကအစ မဲပေးနိုင်အောင် သေချာစီစဉ်ထားတာ၊ အလုပ်တွေ အများကြီးလုပ်ထားတာကို တွေ့ရတဲ့အတွက် ကျေနပ်ဝမ်းမြောက်မိပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. JUKR BOON LONG

ဒီမိုကရေစီအစိုးရတွေမှာ အမြင်အာရုံချို့တဲ့သူတွေကိုလည်း မဲပေးနိုင်အောင် စီစဉ်ထားတာတွေ့ရတဲ့အတွက် ဒီမဲရုံကို လာကြည့်ရတာ ကျွန်တော် ကျေနပ်အားရဖြစ်မိပါတယ်။ ဂုဏ်လည်းယူပါတယ်။ အလုံမြို့နယ်မှာ မဲပေးနေတာတွေကိုလည်း ကြည့်ခဲ့ပါတယ်။ နေ့လယ်ပိုင်းမှာလည်း အခြားမြို့နယ်တွေကို သွားလေ့လာဖို့ အစီအစဉ်တွေ ရှိပါတယ်။ ပထမဆုံးလေ့လာခဲ့တဲ့ မဲရုံကတော့ စောသေးလို့ထင်တယ်။ လာတာနည်းနေသေးတာတွေ့ရပါတယ်။ အခု ဒီမှာတော့ ပိုများလာတာ တွေ့ရပါတယ်။ နောက်ထပ်အများကြီး လာလိမ့်မယ်လို့လည်းထင်ပါတယ်။

ဦးရဲမြင့်

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ဥက္ကဋ္ဌ

အရင်ရွေးကောက်ပွဲ ကျင်းပခဲ့တဲ့ အားနည်းချက်တွေကို ဖြေလျှော့တာတွေ အကုန်လုပ်ထားပါတယ်။ ကော်မရှင်ပိုင်းကတော့ အပြည့်အစုံလုပ်ထားတယ်။ တာဝန်ကျေပါတယ်၊ ပြည်သူက မဲပေးဖို့တော့လိုတယ်။ အခု ရန်ကုန်တိုင်းဒေသကြီးက ကိုယ်စားလှယ် လစ်လပ်သွားတာဟာ အရင်ပြည်သူကရွေးတဲ့ ကိုယ်စားလှယ်တွေပဲ၊ ဒါပေမယ့် ပြည်ထောင်စုလွှတ်တော်က အဆင့်မြင့်တဲ့ တာဝန်ပေးလိုက်တယ်။ ၂၄ နာရီ နိုင်ငံတော်အဆင့်လုပ်နေရပြီဆိုတော့ ပြန်မကြည့်နိုင်တော့ဘူး။ အဲဒီအတွက်ကို ရန်ကုန်တိုင်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် ပြန်ချိတ်ပေးတာပေါ့။ ကိုယ်က ပြန်ရွေးခံပေးရမယ်။

ဦးသန်းဝင်း

ကမာရွတ်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲက လွှတ်တော်သုံးရပ်အတွက် ဖြစ်ပါတယ်။ အခု ကြားဖြတ်ရွေးကောက်ပွဲက အမျိုးသားလွှတ်တော် တစ်ခုတည်းအတွက်ပဲ၊ အခြေခံကတည်းက ကွာခြားတယ်၊ မဲပုံး၊ မဲရုံ၊ မဲလက်မှတ်အရေအတွက်တွေကအစ ကွာခြားသွားတဲ့အတွက် ပြည်သူတွေရဲ့ စိတ်ဝင်စားမှုတွေက လျော့နည်းနိုင်တယ်၊ စိတ်ဝင်စားမှုနည်းတယ်ဆိုတာကလည်း လစ်လပ်တဲ့ မဲဆန္ဒနယ်တွေမှာသာ မဲပေးပိုင်ခွင့်ရှိတာကြောင့် ဖြစ်တယ်။ အခုက ဒီဘက်ရပ်ကွက်မှာက မဲရုံရှိတယ်၊ ဟိုဘက်မှာက မရှိဘူးဆိုတော့ သီးခြားဖြစ်နေတာကြောင့် ဘေးပတ်ဝန်းကျင် လှုံ့ဆော်မှုမရှိတဲ့အတွက်ကြောင့် စိတ်ဝင်စားမှုနည်းမှာပဲ။ နည်းတယ်ဆိုပေမယ့်လည်း ထိုက်သင့်သလောက် စိတ်ဝင်စားမှုတော့ရှိတယ်။ မဲရုံတစ်ရုံတည်း (သို့မဟုတ်) တစ်နေရာတည်း ကြည့်ပြီးတော့ နည်းတယ်ဆုံးဖြတ်လို့တော့ မရဘူး။ နောက်ဆုံး မဲရုံပိတ်ချိန်မှသာ ပြောလို့ရမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့ ကိုယ့်ရဲ့မဲတစ်ပြားကို တန်ဖိုးထားရမယ်ဆိုတဲ့ အသိတွေလည်း နည်းနေသေးတာလည်းပါမယ် ထင်ပါတယ်။

ဦးစာကြီး

လှိုင်မြို့နယ် မဲရုံအမှတ်(၅) အဖွဲ့ဝင်

၂၀၁၅ ရွေးကောက်ပွဲတုန်းကတော့ နံနက် ၆ နာရီ မဲရုံမဖွင့်ခင်ကတည်းက လာရောက်တန်းစီ စောင့်ဆိုင်းနေကြတယ်။ အခုကတော့ စဖွင့်ကတည်းက တစ်ယောက်ချင်းစီပဲ လာကြတယ်။ အများကြီး မလာတော့ဘူး။ အရင် ၂၀၁၅ မှာ ဒီလိုအချိန် လူတစ်ထောင်လောက်လာပြီးမဲပေးပေမယ့် အခုတော့ လူတစ်ရာလောက်ပဲ မဲပေးသေးတယ်။ တစ်နေကုန်မဲပေးလို့ရတယ်ဆိုတော့ အချို့ကလည်း အေးအေး ဆေးဆေးလာကြတယ်ထင်ပါတယ်။

မုံရွာကြားဖြတ်ရွေးကောက်ပွဲတွင် မျက်မမြင်များကိုယ်တိုင် မဲပေးသည်ကို တွေ့ရခြင်းမှာ အားရစရာကောင်းကြောင်း နိုင်ငံတကာအဆင့်ရွေးကောက်ပွဲစောင့်ကြည့်သူက ပြောကြား

မုံရွာ မေ ၁

ဆန္ဒမဲပေးပြီးကြောင်း ပြသနေသည့် မျက်မမြင်များအား တွေ့ရစဉ်

အချို့နိုင်ငံ အတော်များများတွင် မျက်မမြင်များမဲပေးနိုင်ရန် ဆောင်ရွက်မှုတွင် ခက်ခဲနေဆဲဖြစ်သော်လည်း မုံရွာမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲတွင် စံပြမဲရုံအဖြစ် မြို့သစ်ရပ် မဲရုံ၌ မျက်မမြင်များ အဆင်ပြေပြေ ကိုယ်တိုင်မဲပေးနိုင်မှုကို တွေ့ရခြင်းသည် အားရစရာကောင်းသော မြင်ကွင်းဖြစ်ကြောင်း နိုင်ငံတကာအဆင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ Anfrel Foundation မှ International Observer Ms;Corazon Ignacio ထံမှ သိရသည်။

"မျက်မမြင်တွေနဲ့ ပတ်သက်ပြီး ရွေးကောက်ပွဲမဲပေးတာဟာ တကယ်ကို စံချိန်တင်လောက်ပါတယ်။ UEC ကနေပြီး မျက်မမြင်နဲ့ မသန်စွမ်းတွေရဲ့ အခွင့်အရေးဥပဒေကို အခွင့်အရေးပေးခဲ့တယ်လို့မြင်ပါတယ်။ မျက်မမြင်များကိုယ်တိုင်သူတို့ရဲ့ လက်စမ်းစူးဖောက်စာနဲ့ မဲပေးတာကို လေ့လာတွေ့ရှိမိတာ အားရစရာကောင်းလှပါတယ်။ မဲပေးတဲ့ စာရွက်ကို မျက်မမြင်တွေရေးတဲ့ လက်စမ်းစူးဖောက်စာအဖြစ် ပြောင်းလဲပေးတာဟာ အချိန်ယူပြီးပြင်ဆင်ကြရတဲ့အရာပါ။ အဲဒါတွေကို မုံရွာက ပေးထားတာမြင်တော့ မျက်မမြင်တွေအတွက် အားရပါတယ်။ တချို့နိုင်ငံတွေမှာတောင် မျက်မမြင်တွေ မဲပေးနိုင်ဖို့အတွက် အခုထက်ထိခက်ခဲနေတုန်းဆိုတာ တွေ့နေရပါတယ်" ဟု Ms;Corazon Ignacio က ပြောပြသည်။

မုံရွာမြို့ မြို့သစ်ရပ် ရောင်ခြည်သစ် မျက်မမြင်ပရဟိတကျောင်းမှ မျက်မမြင်ကျောင်းတက်သူ ၄၀ ခန့်ရှိသည့်အနက် မဲပေးခွင့်ရှိသူမျက်မမြင် ၂၀ နှင့် မသန်စွမ်းတစ်ဦးတို့သည် မေ ၁ ရက် နံနက် ၁၀ နာရီက မြို့သစ်ရပ်ကွက် အမှတ် ၁၅ မူလတန်းကျောင်းရှိ မဲရုံအမှတ်(၂) တည်ရှိရာ ပင်မတိုးချဲ့ ပုဗ္ဗသီရိကျောင်းဆောင်သို့ လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။ မဲပေးခွင့်ရှိသူ မျက်မမြင် ၂၀ လွယ်လင့်တကူ နည်းစနစ်ကျ မဲပေးနိုင်ရန် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များက မဲပေးနည်းသင်တန်းများကို နှစ်ရက်ကြာ ပို့ချခဲ့သလို ယခုမဲပေးရာတွင် အခက်အခဲမရှိစေရန် မျက်မမြင်များ အသုံးပြုသည့် လက်စမ်းစူးဖောက်စာကတ်ဖြင့် မဲပေးခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံမသန်စွမ်းသူ ရှေ့ဆောင်အဖွဲ့က မဲပေးရာတွင်သုံးရန် ၅ ကတ်ကို ပေးလှူထားကြောင်း သိရသည်။

"၂၀၁၅ တုန်းကလည်း မဲပေးခဲ့တယ်။ အခု ၂၀၁၇ မဲရုံက မျက်မမြင်ကျောင်းနဲ့ ပိုနီးတော့ လာရတာလွယ်တာပေါ့။ ကိုယ်စားလှယ်တွေကိုယ်တိုင် မျက်မမြင်ကျောင်းလာပြီး မဲဆွယ်စည်းရုံးတာမရှိပေမယ့် ရေဒီယိုက နားထောင်ပြီး မဲဘယ်သူ့ကိုပေးရင် ကောင်းမယ်ဆိုတာကို ဆုံးဖြတ်ပြီးလာပေးတာပါ။ မျက်မမြင် ၂၀ ကို မဲပေးနည်းသင်တန်း နှစ်ရက်လာပေးထားတဲ့အတွက် အကူအညီမလိုဘဲ မဲပေးခန်းထဲမှာ ကိုယ့်ဘာသာလက်နဲ့စမ်း မဲပေးနိုင်ခဲ့ပါတယ်။ မျက်မမြင်တွေရဲ့ဘဝ စားဝတ်နေရေး အဆင်ပြေဖို့ကို အနိုင်ရတဲ့ ကိုယ်စားလှယ်လောင်း အနေနဲ့ ဆောင်ရွက်ပေးဖို့ကိုပဲ မျှော်လင့်မိပါတယ်"ဟု မုံရွာမြို့ ရောင်ခြည်သစ် မျက်မမြင်ပရဟိတ ကျောင်းအုပ်ဆရာကြီး ဦးကြည်က ပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

အမ်းမြို့နယ်၌ မဲဆန္ဒရှင်များ အေးချမ်းစွာဆန္ဒမဲပေး

အမ်း မေ ၁

မေ ၁ ရက်တွင် ပြုလုပ်သော ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ပြည်သူ့လွှတ်တော် တစ်နေရာ ကြားဖြတ်ရွေးကောက်ပွဲနှင့် ဆက်စပ်ပြီး အမ်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု(၂၉)အုပ်စုရှိကာ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံပေါင်း ၁၃၇ ရုံ တည်ရှိပြီး မဲဆန္ဒရှင်ပြည်သူလူထု ၇၅၈၂၈ ဦးရှိကြောင်း သိရသည်။

ရပ်ကွက်/ကျေးရွာများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် မြောက်ဦးခရိုင်၊ သံတွဲခရိုင်၊ ကျောက်ဖြူခရိုင်များမှ ရဲတပ်ဖွဲ့များအနေဖြင့်လည်း ပြည်သူလူထုအခက်အခဲမရှိစေရန်အတွက် လုံခြုံရေးပြည့်ဝစွာ တာဝန်ပေးထားလျက်ရှိကြောင်းနှင့် မဲရုံများအသီးသီးတွင် မဲလာရောက်ပေးနေကြသော ပြည်သူလူထုများကလည်း အခက်အခဲမရှိ အေးချမ်းစွာ ဆန္ဒမဲပေးနေကြကြောင်း မဲဆန္ဒရှင်များထံမှ သိရသည်။

အောင်လှဖြူ

ထန်တလန်မြို့ပေါ်၌ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃)အတွက် ဆန္ဒမဲပေး

ထန်တလန် မေ ၁

ထန်တလန်မြို့ပေါ်တွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၃) အတွက် ဆန္ဒမဲကို မေ ၁ ရက် နံနက် ၆ နာရီတွင် စတင်ပေးကြသည်။

ထန်တလန်မြို့နယ်တွင် မဲရုံစုစုပေါင်း ၁၀၁ ရုံရှိပြီး မဲပေးနိုင်သူဦးရေမှာ ၂၇၉၄၅ ဦး ရှိသည်။ ထန်တလန်မြို့ပေါ်တွင် ရပ်ကွက် သုံးရပ်ကွက်၊ မဲရုံ ခြောက်ရုံ မဲပေးနိုင်သူဦးရေ ၄၉၂၅ ဦးရှိသည်။ ကြိုတင်မဲမှာ ၁၅၈ မဲ ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြားဖြတ်ရွေးကောက်ပွဲတွင် လှိုင်သာယာမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် ၁၂ ဒသမ ၂၆ ရာခိုင်နှုန်းသာ လာရောက်မဲပေး

ရန်ကုန် မေ ၁

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတို့အနက် ၁၂ ဒသမ ၂၆ ရာခိုင်နှုန်းသာ လာရောက်မဲပေးခဲ့ကြောင်း အဆိုပါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

လှိုင်သာယာမြို့နယ် FMI City အတွင်းရှိ ဖွင့်လှစ်ထားသော မဲရုံသို့ ဆန္ဒမဲလာရောက်ပေးသည့် သက်ကြီးရွယ်အိုအား တာဝန်ရှိသူများ ကူညီပေးစဉ်

ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ မဲပေးပိုင်ခွင့်ရှိသူ ၁၀၀၆၂၅၂ ဦးရှိပြီး မဲရုံပေါင်း ၉၄၂ ရုံရှိရာ ယင်းတို့အနက် လှိုင်သာယာမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၃၇၈၅၁၆ ဦးနှင့် မဲရုံပေါင်း ၂၆၂ ရုံရှိရာ လာရောက်မဲပေးသူ ၄၆၄၁၈ ဦး သာရှိကြောင်း သိရသည်။

အဆိုပါမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် ရပ်ကွက်နှင့်ကျေးရွာများအတွင်းရှိ မဲရုံများကို ယနေ့နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လာရောက်မဲပေးမှု နည်းပါးခဲ့ကြောင်း သိရသည်။

မဲပေးမှုနှင့်ပတ်သက်၍ “အလုပ်မသွားခင် လာရောက်မဲပေးတာပါ။ မဲပေးရတာ အဆင်ပြေပါတယ်။ ၂၀၁၅ ခုနှစ်တုန်းကလည်းပေးခဲ့တဲ့ အတွေ့အကြုံရှိထားတဲ့အတွက် အခက်အခဲမရှိပါဘူး။”ဟု အဆိုပါ မြို့နယ် အမှတ်(၇) ရပ်ကွက်နေ မချိုမာက ပြောသည်။

မဲပေးရာတွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာမဲပေးနိုင်ရေးအတွက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ စီစဉ်ပေးထားပြီး အရာရှိနှင့် အခြားအဆင့်အပါအဝင် ရဲတပ်ဖွဲ့ဝင် အင်အား ၄၀၀ တို့က မဲရုံအသီးသီးတွင် လုံခြုံရေးဖြန့်ကြက်ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ယနေ့ မဲပေးရာတွင် အဆိုပါမြို့နယ် အမှတ် (၁၂) ရပ်ကွက်၌ မဲဆန္ဒရှင်ကိုယ်စား မဲပေးခဲ့မှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ကိုယ်စားမဲပေးမှုဖြင့် လည်းကောင်း၊ အမျိုးသမီးနှစ်ဦးအား ကိုယ်စားမဲပေးရန် စေခိုင်းမှုဖြင့်လည်းကောင်း ပြည်သူ့ရွေးကောက်ပွဲဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်မှုများ ရှိခဲ့သည့်အပြင် အမှတ်(၄) ရပ်ကွက် FMI City အတွင်းရှိမဲရုံတစ်ရုံ၌ မဲပေးပိုင်ခွင့်ရှိသည့် အထောက်အထား ခိုင်လုံမှုမရှိဘဲ မဲပေးခြင်းနှင့်ပတ်သက်၍ မဲရုံမှူးအား အသိပေးခြင်း၊ တိုင်ကြားခြင်း၊ မဲရုံ၏ ပရဝဏ် (ကိုက် ၅၀၀ အကွာ) အတွင်း မဲပေးမှုနှင့်ပတ်သက်ပြီး သံသယဖြစ်ဖွယ် အကြောင်းအရာများဖြစ်ပွားခြင်းတို့နှင့် ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးသို့ တိုင်ကြားစာများ ပေးပို့ခဲ့ခြင်းများရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးနေရာအတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့)၊ ကော့မှူးနှင့် လှိုင်သာယာမြို့နယ်တို့နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်နေရာအတွက် ဆိပ်ကမ်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်နှင့် လှိုင်မြို့နယ်တို့ ပါဝင်လျက်ရှိသည်။

ယင်းတို့အနက် လှိုင်သာယာမြို့နယ်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာအတွက် နိုင်ငံရေးပါတီ ခြောက်ပါတီနှင့် တစ်သီးပုဂ္ဂလနှစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၅ ရွေးကောက်ပွဲထက် စိတ်ဝင်စားမှုနည်း

မုံရွာ မေ ၁

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကို မုံရွာမြို့နယ်အတွင်း မဲရုံ ၁၅၉ ရုံ၌ မေ ၁ ရက်တွင်ပြုလုပ်ရာ မဲဆန္ဒရှင်အများစုက ၂၀၁၅ ရွေးကောက်ပွဲထက် စိတ်ဝင်စားမှုနည်းကြောင်း မဲပေးခွင့်ရှိသူများအနေဖြင့် မဲလုံးဝမပေးသူများလည်းရှိနေကြောင်း မေ ၁ ရက် မွန်းတည့် ၁၂ နာရီအထိ အခြေအနေအရ သိရသည်။

“၂၀၁၅မဲပေးတုန်းက မဲစာရွက်တွေ အိမ်တိုင်ရာရောက်လာပေးပြီး တက်တက်ကြွကြွဆောင်ရွက်ခဲ့ကြတာကိုး။ အခုကျတော့ လုပ်တဲ့လုပ်ငန်းက ၂၀၁၅ ရွေးကောက်ပွဲအပြီးမှာ ဆယ်အိမ်မှူးနှင့်ရာအိမ်မှူး အပြောင်းအလဲတွေ လုပ်ခဲ့ကြတာမဟုတ်လား။ နောက်ခန့်ထားတဲ့သူက နယ်မြေကျွမ်းကျင်မှုမရှိတော့ အခု ကြားဖြတ်ရွေးကောက်ပွဲမှာလုပ်တော့ စမ်းတဝါးဝါးနဲ့ အမှားများတာတွေ တွေ့လာရတာပေါ့။

အဲဒီတော့ဘာဖြစ်လာလဲဆိုတော့ အခုကြားဖြတ်ရွေးကောက်ပွဲမှာ ကိုယ့်ဘာသာကိုယ် ဆော်သြပြီး သွားပေးကြဘာညာလုပ်ရတာတွေရှိတော့တူတော့ မတူဘူးပေါ့လေ။ ဒါကြောင့်လည်း မဲပေးသူ၊ စိတ်ဝင်စားသူနည်းသွားတယ်ထင်ပါတယ်”ဟု မုံရွာမြို့၏ မဲဆန္ဒရှင် မဲပေးသူဦးရေအများဆုံးဖြစ်သော မြဝတီရပ်ကွက်နေ ဦးမောင်ဦးက ပြောပြသည်။

ယခင်၂၀၁၅ ခုနှစ် ရွေးကောက်ပွဲက မုံရွာမြို့ပေါ်ဈေးများရှိ နယ်မှလာရောက်ရောင်းချကြသော ဈေးသည်အများစုသည် ထိုနေ့တွင် ဈေးလာမရောင်းကြတော့ဘဲ မဲပေးမှုကို အရေးတယူအားရပါးရ ဆောင်ရွက်ကြသော်လည်း ယခုကြားဖြတ်ရွေးကောက်ပွဲ မေ ၁ ရက် နံနက်ပိုင်းတွင် ဈေးများအတွင်းမှ ဈေးသည်အများစုသည် ဈေးအပြန်မှ မဲပေးမည့်သူရှိသလို လုံးဝမပေးဟု ဆုံးဖြတ်ထားသူများလည်း တွေ့ရပြီး ဈေးအပြန်မှအခြေအနေကြည့်ကာ မဲပေးမပေးကို ဆုံးဖြတ်မည့်သူများလည်းရှိသည်ကို တွေ့ရသည်။

ယခင်၂၀၁၅ ရွေးကောက်ပွဲနေ့က နံနက် ၂ နာရီခန့်မှစ၍ မဲရုံသို့ အစားအသောက်ရေဘူးများဖြင့် လာရောက်စောင့်ဆိုင်းမဲပေးသည်များရှိသလို ညနေမဲရုံပိတ်ချိန် ၄ နာရီအထိ တိုးဝှေ့ကာမဲပေးရန်စောင့်ဆိုင်းနေမှုများရှိ၍ အချိန်ယူကာ မဲရုံပရဝဏ်တွင်းရောက်နေသူအားလုံးမဲပေးခွင့်ရအောင် ဆောင်ရွက်ပေးခဲ့ရမှုများရှိခဲ့သော်လည်း ယခုကြားဖြတ် ရွေးကောက်ပွဲတွင် မဲရုံမဖွင့်ခင် ၆ နာရီထိုးခါနီးမှသာ လာရောက်ကာ အေးအေးဆေးဆေး မဲပေးကြသည်ကို တွေ့ရသည်။ ကျေးလက်တောရွာမဲရုံများတွင် အလုပ်ခွင်မှာ နံနက်စောစောလယ်ယာအလုပ်လုပ်ရသောကြောင့် မဲရုံဖွင့်ဖွင့်ချင်းလူပါးသလို မုံရွာမြို့ပေါ်မဲရုံများတွင် နေ့ခင်းအချိန်တွင်ပင် မဲပေးသူမရှိသည်ကိုတွေ့ရသည်။ ထူးခြားစွာ ထမင်းဟင်းနှင့် စားသောက်ဖွယ်ရာများဖြင့် သစ်ပင်ရိပ်မှထိုင်စောင့်ကာ မဲပေးသည့်မြင်ကွင်းကို မုံရွာမြို့မြောက်ဘက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အနီးမှ ဇေယျာသီရိခန်းမမဲရုံတွင် တွေ့ခဲ့ရပြီး မဲပေးသူများပြားသည်ကို တွေ့ခဲ့ရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မေ ၁ ရက်က ကြားဖြတ်ရွေးကောက်ပွဲကျင်းပသော ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်(အ.ထ.က-၁) မဲရုံ၌ ရပ်ကွက်နေပြည်သူအများ ဆန္ဒမဲပေးနေကြသည်ကို မလေးရှားသံရုံးမှ သံအမတ်ကြီး Mr. Mohd Haniff ABD RAHMAN နှင့်အဖွဲ့ လာရောက်လေ့လာစဉ် ဘော်ဂါသွေး

ကော့မှူးမြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပ

ရန်ကုန် မေ ၁

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကော့မှူးမြို့နယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲပေးပွဲကို မေ ၁ ရက် နံနက် ၆ နာရီမှ စတင်ကာ မြို့နယ်အတွင်း ဖွင့်လှစ်ထားသော မဲရုံ ၁၅၅ ရုံ၌ မဲပေးပိုင်ခွင့်ရှိသူ ကိုးသောင်းကျော်တို့က ဆန္ဒမဲများ လာရောက်ပေးကြသည်။ ကော့မှူးမြို့နယ် မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသား ကွန်ဂရက်ပါတီ ၊ အမျိုးသားတိုးတက်ရေးပါတီနှင့် တစ်သီးပုဂ္ဂလနှစ်ဦး စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းကိုးဦး ဝင်ရောက် ယှဉ်ပြိုင်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

မေ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်များ၌ မေ ၁ ရက်က ပြည်သူများ ဆန္ဒမဲပေးရန် စောင့်ဆိုင်း နေစဉ် (မိုင်းရှူးမြို့နယ်တွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ဦးရေ ၄၃၉၆၄ ဦးရှိပြီး မဲရုံပေါင်း ၄၄ ရုံရှိကြောင်း၊ ကျေးသီးမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၅၃၄၅၁ ဦးရှိပြီး၊ မဲရုံပေါင်း ၅၈ ရုံရှိကြောင်း သိရသည်။) **(ခရိုင် ပြန်/ဆက်)**

မေ ၁ ရက်က ချောင်းဆုံမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်များပေးပို့သော မဲစာရင်းများအား စာရင်းပြုစုနေသည်ကို တွေ့ရစဉ်

မြတ်မွန်ထွေး

မေ ၁ ရက်က ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မဲရုံအမှတ်(၁) ၌ တာဝန်ရှိသူများက မဲများ ရေတွက်နေသည်ကို တွေ့ရစဉ်

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဖြေလွှာများ စစ်ဆေးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ လှည့်လည်ကြည့်ရှု

ရန်ကုန် မေ ၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေဝင်းဦး၊ ဒဂုံတက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးအေးထွန်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် တာဝန်ရှိသူများနှင့်အတူ ဒဂုံတက္ကသိုလ်တွင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ (ပဲခူးတိုင်းဒေသကြီး)စာစစ်လုပ်ငန်းကို မေ ၁ ရက် နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ဒဂုံတက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ပြည်တက္ကသိုလ်တို့မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ ဆရာ ဆရာမ စုစုပေါင်း ၇၈၈ ဦးနှင့်အတူ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထက်တန်းပြ ဆရာ ဆရာမ စုစုပေါင်း ၁၂၂၄ ဦးတို့၏ စာစစ်လုပ်ငန်းအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ ပေးပို့ရမည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများရရှိသည့်ဆန္ဒမဲစာရင်း ပုံစံ-၁၉ များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပြုစုနေဆဲဖြစ်ကြောင်း။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆန္ဒမဲစာရင်း ပုံစံ-၁၉ ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်အသီးသီးရရှိသော မဲစာရင်းများကို ပြုစုပြီးမှသာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ ပေးပို့ရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်က လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏ အမည်စာရင်းကို ကြေညာရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပုံစံ-၁၉ များ အတည်ပြုပေးပို့မှသာလျှင် မိမိတို့အနေဖြင့် တရားဝင်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို ကြေညာပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ည ၉ နာရီတွင် ကြေညာမည့် ကိုယ်စားလှယ်လောင်းအမည် အတည်ပြုကြေညာရန် အခြေအနေမပေးသည်ကို တောင်းပန်ပါကြောင်း၊ မိဘပြည်သူများကို တင်ပြလိုသည်မှာ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၅ တွင် မကျင်းပနိုင်ခဲ့သည့် ရှမ်းပြည်နယ် ကျေးသီးမြို့နှင့် မိုင်းရှူးမြို့တို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ကို တင်ပြလိုပါကြောင်း။

ယခုရွေးကောက်ပွဲတွင်လည်း သက်ဆိုင်ရာ မြို့နယ် ၂၂ မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၉ နေရာအတွက် ကျင်းပပေးသည့်နေရာတွင် ယခုလို အောင်အောင်မြင်မြင်ကျင်းပပြီးစီးသွားသည့်အတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသည့် မဲဆန္ဒရှင်မိဘပြည်သူများအားလုံး၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ပုဂ္ဂိုလ်များ၊ ရွေးကောက်ပွဲစေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် လုံခြုံရေးကော်မတီအဆင့်ဆင့်မှ ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျေးဇူးအထူးတင်ရှိပါကြောင်း။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲရလဒ်ဖြစ်သည့် ပုံစံ-၁၉ ကို အချိန်မီရောက်ရှိလာပါက မေ ၂ ရက် နံနက် ၉ နာရီတွင် အမည်စာရင်းကို ကြေညာပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်မည်

နေပြည်တော် မေ ၁

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာ သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စုပေါင်းစည်းဝေးခန်းမ၊ ရုံးအမှတ်(၇)၊ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ရာ ပထမအစီအစဉ်အဖြစ် မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ဖြင့်လည်းကောင်း၊ မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ဖြင့် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ e-mail: ir.pso.moi 2015@gmail.com လိပ်မှ၍ အမည်၊ သတင်းဌာန၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာ(e-mailလိပ်စာ) တို့အား ပေးပို့ရန်နှင့် ဆက်လက်ရှင်းလင်းမည့် ဝန်ကြီးဌာနများနှင့် ရှင်းလင်းပွဲပြုလုပ်မည့် နေ့ရက်များအား ကြိုတင်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေလေလွင့်ဆုံးရှုံးမှုလျှော့ချရေး ဇုန်အလိုက် ဆောင်ရွက်မည်

ရန်ကုန် မေ ၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)နှင့် Mitsubishi Corporation ၊ Minila Water ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရေလေလွင့်ဆုံးရှုံးမှု လျှော့ချရေးအတွက် Pilot DMA Project များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသဖြင့် ဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ရန်ကုန်မြို့ မြို့တော်ခန်းမ၌ မတ် ၃၁ ရက်က ကျင်းပသည်။

"ကျွန်တော်တို့ ဒီစီမံကိန်းက ၂၀၁၄ ခုနှစ် မတ်လက ရန်ကုန်မြို့ရဲ့ရေလေလွင့်ဆုံးရှုံးမှုလျှော့ချရေးစီမံကိန်းတွေထဲက တစ်ခုအဖြစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ Minila Waten Mitsubishi တို့ ပူးပေါင်းပြီး MoU လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီစီမံကိန်းအရ ရန်ကုန်မြို့ ရေပေးဝေရေးဇုန် ၁၀ ဇုန်ရှိတဲ့အနက် ဇုန်သုံးခုဖြစ်တဲ့ တောင်ဥက္ကလာပ၊ အင်းစိန်၊ ကမာရွတ်နဲ့ မရမ်းကုန်းမြို့နယ် လေးမြို့နယ်နဲ့ အကျုံးဝင်တဲ့ အင်းစိန် ထန်းပင်ကုန်းရပ်ကွက်နဲ့ တောင်ဥက္ကလာပ(၁၄/၂) ရပ်ကွက်နှစ်ခုမှာ ဆောင်ရွက်ခဲ့ပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ ဒုတိယဌာနမှူး ဦးမျိုးသိမ်းက ပြောသည်။

ယင်းကဲ့သို့ ရေလေလွင့်မှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော ဇုန်အတွင်း ရေပိုက်လိုင်းများ အစားထိုးခြင်း၊ အသစ်တပ်ဆင်ခြင်း၊ ရေမီတာများကို စစ်ဆေးဆောင်ရွက်ခြင်း၊ ရေပိုက်လိုင်းများ ကျိုးပေါက်ယိုစိမ့်နေမှုများကို ပြင်ဆင်ခြင်း စသော လုပ်ငန်းများ ပါဝင်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ရေဖိအားကောင်းလာပြီး ရေပေးဝေမှုကို ထိရောက်မှုဖြစ်စေကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ရေပေးဝေရေးဇုန် ၁၀ ဇုန်ရှိသည့် အနက် ဇုန် (၁)၊ ဇုန် (၃)၊ ဇုန် (၇)၊ ဇုန် (၈)၊ ဇုန် (၉)တို့ကို ဂျပန်နိုင်ငံ၏ ODA ချေးငွေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်သည့် Pilot DMA Project အရ အင်းစိန်းမြို့နယ် ထန်းပင်ကုန်းရပ်ကွက်တွင် ရေလေလွင့်ဆုံးရှုံးမှု၅၂ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်း၊ တောင်ဥက္ကလာပမြို့နယ်တွင် ၆၁ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်း အသီးသီးလျှော့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ ရေပေးဝေရေးစနစ်တွင် ရေလေလွင့်ဆုံးရှုံးမှုလျှော့ချရေး စီမံကိန်းများကို ဇုန်အလိုက် သတ်မှတ်ဆောင်ရွက်နေသကဲ့သို့ ပိုမိုရေပေးဝေနိုင်ရေးအတွက် ရန်ကုန်အရှေ့ခြမ်း လဂွမ်းပြင် ရေပေးဝေရေး စီမံကိန်းနှင့် ရန်ကုန်အနောက်ပိုင်း ကုက္ကိုဝရေပေးဝေရေးစီမံကိန်းတို့ကိုလည်း ဆောင်ရွက်နေကြောင်း၊ လဂွမ်းပြင်စီမံကိန်းသည် ၂၀၂၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ပြီးစီးပါက နေ့စဉ် ရေဂါလန် သန်း ၄၀ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်းနှင့် ကုက္ကိုဝရေပေးဝေရေးစီမံကိန်းမှာ ၂၀၂၄ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး နေ့စဉ် ရေဂါလန် သန်း ၆၀ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး

စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) ကကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကို မေ ၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီအထိ သိမ်ကျောင်းလမ်းနှင့် ဗိုလ်ချုပ်နေဝင်းလမ်းထောင့် မြို့သစ်အလယ်ရပ်ကွက် မြို့မဈေးအနီး သန်လျင်မြို့ရှိ Paradise ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခ ဦးရဲမြ၊ တွဲဖက်ပါမောက္ခ ဦးသိန်းမြင့်၊ ဒေါက်တာ Vijay Kumar နှင့် ဒေါက်တာ ဦးဝင်းဇော်တို့က ဟောပြောမည်ဖြစ်ကြောင်းနှင့် ဆရာဝန်အားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ **ဗထူး**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဝင် မိသားစုများနှင့် စေတနာရှင်များ ပေါင်းစု၍ ဆဋ္ဌမအကြိမ်မြောက် ထမင်းဟင်း စတုဒိသာကျွေးပွဲကို မေ ၁ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးရှေ့၌ ကျင်းပစဉ်

(စတုဒိသာ ကျွေးပွဲ၌ ဆိတ်သားအချိန် ၃၀၀၊ ကြက်သားအချိန် ၁၅၀၊ ဆန် ၁၆ တင်း၊ ရေခဲမုန့် ၂၅ စည် ကျွေးမွေးလှူဒါန်းခဲ့သည်)

ကိုကြီးတင်

❖ *ကျောဖုံးမှ*

ရာသီမရွေး ဒေသခံတွေအတွက် ကုန်ထုတ်လမ်းနဲ့ ပညာရေး၊ ကျန်းမာရေးစတာတွေအတွက် လမ်းအဖြစ်လည်း အသုံးပြုနိုင်မှာပါ။ အရင်ကဆို လယ်ကွင်းတွေထဲမှာ ထီးတည်းရှိတဲ့ ကျေးရွာခုနစ်ရွာလောက်က ကျေးရွာချင်းဆက်လမ်းတွေအဖြစ် အသုံးပြုပြီးတော့ မြို့နဲ့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပါတော့မယ်။ တာပေါင်ရဲ့ စုစုပေါင်း အလျားက ၂၉ မိုင် ရှည်ပါတယ်။ ဒီနှစ်အတွက်ကိုတော့ ၉ မိုင်ခန့် ဆောင်ရွက်ပြီးပါပြီ"ဟု လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၆) သထုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တာဦး-ဆင်ရွာ ရေလျှံထိန်းတာပေါင် ၂၉ မိုင် တာဖို့ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်ကာ ၁၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် စီမံကိန်း၏ ၃၀ ရာခိုင်နှုန်းဖြစ်သည့် တာပေါင် ၉ မိုင်ခန့် တာဖို့ခြင်းလုပ်ငန်းကို ယခုနှစ် ဖေဖော်ဝါရီလအတွင်းမှ စတင်ဆောင်ရွက်ခြင်းဖြစ်ကာ လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နာရေးကူညီမှုအသင်း အခမဲ့ဆေးခန်းတွင် လူနာတစ်သောင်းကျော် ကုသပေးထားပြီးဖြစ်

ရေး မေ ၁

မွန်ပြည်နယ် ရေးမြို့နယ် နာရေးကူညီမှုအသင်း၏ အခမဲ့ဆေးပေးဆေးခန်းကို ၂၀၁၄ ခုနှစ် မတ် ၂ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီးနောက် အခမဲ့ဆေးဝါးကုသပေးလျက်ရှိရာ ယခုအချိန်ထိ သုံးနှစ်တာကာလအတွင်း မြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူမျိုးဘာသာမရွေး လူနာပေါင်း တစ်သောင်းကျော်ကို ကုသပေးထားပြီးဖြစ်ကြောင်း သိရသည်။

တစ်လလျှင် ပျမ်းမျှလူနာမှာ ၂၅၀မှ ၅၀၀ အထိရှိရာ လူနာပေါင်း တစ်သောင်းကျော်ကို အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း၊ ကုန်ကျစရိတ်မှာ အနည်းဆုံးကုန်ကျသည့်လတွင် ငွေကျပ် ၁၈ သိန်းခန့်ရှိပြီး လူနာများသောလများတွင် ငွေကျပ် ၂၂ သိန်းခန့်အထိ ကုန်ကျကြောင်း၊ ဆေးပေးခန်းတွင် အခမဲ့ကုသပေးရေးအတွက် ပြင်ပဆရာဝန်များ၊ ရေးပြည်သူ့ဆေးရုံမှ ဆရာဝန်နှင့် သူနာပြုများ၊ လုပ်အားပေးများအပြင် ဆေးဝါးကျွမ်းကျင်နှင့် အခြားစေတနာ့ဝန်ထမ်းများကပါ ကူညီပံ့ပိုးပေးကြပြီး အထွေထွေရောဂါ၊ သွားနှင့် ခံတွင်းရောဂါများအပြင် မြန်မာ့တိုင်းရင်းဆေးဖြင့်လည်း ကုသပေးလျက်ရှိကြောင်း ဆေးပေးခန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။



ဆေးခန်းဖွင့်လှစ်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အများဆုံးလာရောက်ကုသသော လူနာများထဲမှာ နာတာရှည်လူနာများ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ လူနာများက အများဆုံးဖြစ်ပြီး အခြားအထွေထွေရောဂါက အနည်းငယ်သာရှိကြောင်း၊ လာရောက်ကုသသော လူနာများထဲမှ အရေးပေါ် အရေးကြီးလူနာများကို ရေးမြို့နယ်ပြည်သူ့ဆေးရုံသို့ တရားဝင်လွှဲပြောင်းပေး၍ ကုသမှုခံယူစေကြောင်းလည်း အဆိုပါ တာဝန်ရှိသူက ဆက်ပြောသည်။

ဆေးခန်းတွင် အခမဲ့ကုသပေးနိုင်ရန်အတွက် အဝေးရောက် ရေးမြို့သူမြို့သားများနှင့် ပြည်တွင်းမှ စေတနာရှင်များ၏ လစဉ်အလှူငွေများဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ လက်ရှိအချိန်တွင် ဆရာဝန်အင်အားလိုအပ်ချက်ရှိနေသေး၍ ဆေးခန်းဖွင့်ရက်မှာ တစ်ပတ်လျှင် ငါးရက်ဖွင့်လှစ်ကုသပေးနေကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် မြို့မအသင်းကြီးမှ သင်္ကြန်သီချင်းအသစ် ၁၂ ပုဒ်ဖြင့် လှည့်လည်ဖျော်ဖြေမည်

ယခင်နှစ်မန္တလေးသင်္ကြန်ပွဲတော်တွင် သီချင်းဖြင့် လှည့်လည်ဖျော်ဖြေသည့် မြို့မအသင်းကြီးဖျော်ဖြေရေးယာဉ်

မန္တလေး ဧပြီ ၁

ယခုနှစ်မန်းသင်္ကြန်ပွဲတော်တွင် မြို့မအသင်းကြီးမှ ကိုယ်တိုင်ရေးစပ်ထားသည့် သင်္ကြန်သီချင်းအသစ် ၁၂ ပုဒ်ဖြင့် သင်္ကြန်ကာလအတွင်း မန္တလေးမြို့လုံးအနှံ့ လှည့်လည်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း မြို့မအသင်းဥက္ကဋ္ဌ ဒေါက်တာ လှခိုင်က ပြောသည်။

အဆိုပါ သင်္ကြန်သီချင်းအသစ် ၁၂ ပုဒ်အား မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ တေးရေးဆရာများဖြစ်ကြသော မြို့မဆရာပေါ၊ ဆရာရွှန်းမြိုင်၊ ဦးရဲထွေး၊ ဦးမောင်စိန်၊ ဦးသန်းမောင်ဝင်း၊ ဦးတင်၊ မြဒါလီတို့က ရေးစပ်ပေးထားသည့် သီချင်းများဖြစ်ပြီး ညွှန့်သည် အဆိုတော်အဖြစ် ဒေါ်မာမာအေးကလည်း လာရောက်ဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းကြီးက မန်းသင်္ကြန်ကို ညွှန့်ခံဖျော်ဖြေတာ ၂၂ ကြိမ်ရှိပါပြီ။ ဒါကြောင့် ဒီနှစ်မှာ အတိတ်ရဲ့ မန်းသင်္ကြန်ပုံရိပ်ကို ပြန်လည်ဖော်ထုတ်တဲ့အနေနဲ့ မန္တလေးမြို့တော်မဟာ သင်္ကြန်မဏ္ဍပ်နဲ့ ကျွန်တော်တို့ မြို့မအလှပြယာဉ်တို့ သင်္ကြန်သီချင်းတွေကို တစ်နာရီလောက်ကြာအောင် တစ်လှည့်စီ အပြန်အလှန်သီဆိုရင်း သင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးသွားမှာပါ"ဟု ၎င်းကပြောသည်။

ယခုနှစ်သင်္ကြန်တွင် မြို့မအလှပြယာဉ်ကို ယခင်နှစ်များကဲ့သို့ သစ်သားဖြင့် တည်ဆောက်သွားမည်မဟုတ်ဘဲ သံဖရိန်၌ သစ်သားကပ်ကာတည်ဆောက်သွားမည်ဖြစ်၍ မီးတပ်ဆင်မှုအပိုင်းကိုလည်း မှတ်တမ်းဓာတ်ပုံရိုက်ကူးသူများ အဆင်ပြေစေရန် ၂၀ ဝပ် မီးသီးများ အသုံးပြုတပ်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သင်္ကြန်တွင်း လှည့်လည်ဖျော်ဖြေမှုအစီအစဉ်အနေဖြင့် အကြိုနေ့ နံနက်ပိုင်းတွင် မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ၌ ပါဝင်ဆင်နွဲကာ ညပိုင်းတွင် နန်းရှေ့မှ ဖိတ်ကြားထားသူများထံ သွားရောက်ဖျော်ဖြေမည်ဖြစ်ပြီး သင်္ကြန်အကျနေ့မှ အတက်နေ့အထိ မြို့လုံးအနှံ့ အလှည့်ကျညည့်နက်သည်အထိ လှည့်လည် ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေးလမ်းလျှောက်သင်္ကြန်ကျင်းပရန် ကျုံးတောင်ဘက်ခြမ်းတွင် မဏ္ဍပ် ၃၅ ခု ဆောက်လုပ်ခွင့်ပြုမည်

မန္တလေး ဧပြီ ၁

ယခုနှစ် မန္တလေးမြို့တော်သင်္ကြန်ကို လမ်းလျှောက်သင်္ကြန်အဖြစ် အကောင်အထည်ဖော် ကျင်းပသွားမည်ဖြစ်ပြီး ကျုံးတောင်ဘက် ၇၈ လမ်းမှ ၇၃ လမ်းအထိ နေရာ၌ ရေကစားမဏ္ဍပ် ၃၅ ခု ဆောက်လုပ်ရန်အတွက် လျှောက်လွှာခေါ်ယူထားကြောင်း သိရသည်။

အဆိုပါ လျှောက်ထားသူများအား ဧပြီ ၃ ရက်တွင် မဲနှိုက်၍ နေရာချထားပေးမည်ဖြစ်ပြီး ဆောက်လုပ်ခွင့်ရရှိသူများအနေဖြင့် မြို့တော်စည်ပင်သို့ အနည်းဆုံး အလှူငွေကျပ်သိန်း ၃၀ ထည့်ဝင်ကာ သတ်မှတ်ထားသည့် အရွယ်အစားဖြစ်သော အရှည်ပေ ၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေခန့်နှင့် နောက်ခံဘုတ်အမြင့် ခြောက်ပေရှိသော မဏ္ဍပ်များ ဆောက်လုပ်ရမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်ထံမှ သိရသည်။

"မဏ္ဍပ်ဆောက်ဖို့ ထည့်ဝင်တဲ့ အလှူငွေတွေကို မြို့ပြဖွံ့ဖြိုးရေးနဲ့ လုံခြုံရေးအတွက် စီစီတီဗွီကင်မရာတွေ တပ်ဆင်တဲ့နေရာတွေမှာ သုံးစွဲသွားမှာပါ။ UD Group က ဆောက်လုပ်မယ့် မဏ္ဍပ်ပုံစံ အရွယ်အစားအတိုင်း ကျန်မဏ္ဍပ်တွေကို ဆောက်လုပ်ဖို့ နမူနာပုံစံ ပြထားပေးမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်ကို ကျုံးတောင်ဘက် ၇၈ လမ်းမှ ၆၆ လမ်းအထိ လမ်းလျှောက်သင်္ကြန်ကျင်းပရန် မြို့တော် စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသည့်အပြင် ခရီးသွားမြှင့်တင်ရေးကဏ္ဍအတွက် ၆၆လမ်းမှ ၆၉ လမ်းအထိကိုလည်း မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ အစီအစဉ်ဖြင့် လမ်းလျှောက်သင်္ကြန်ကျင်းပရန် ခွင့်ပြုပေးထားကြောင်း သိရသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် ကျုံးပတ်လည်၌မဏ္ဍပ်များ ဆောက်လုပ်မည်ဖြစ်ရာ ကျုံးတောင်ဘက်အခြမ်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် နန်းမြို့သူ သင်္ကြန်မဏ္ဍပ်၊ ခရီးသွားမြှင့်တင်ရေး(ဇဟို) ဖျော်ဖြေရေးမဏ္ဍပ်များအပြင် တိုင်းရင်းသားဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်မည်ဖြစ်ပြီး ကျုံးအရှေ့ဘက်ခြမ်းတွင် အိုးအိမ်ဦးစီးဌာနနှင့် ppp ဌာနတို့၏ မဏ္ဍပ်များနှင့်အတူ ပုဂ္ဂလိကမဏ္ဍပ်ခုနစ်ခု ဆောက်လုပ်မည်ဖြစ်ကြောင်း၊ ကျုံးအနောက်ဘက်ခြမ်းတွင် မဏ္ဍပ်နှစ်ခု ဆောက်လုပ်ခွင့်ပြုထားပြီး ကျုံးမြောက်ဘက်ခြမ်းတွင်မူ မတ် ၃၀ ရက်အထိ မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်ထားသူမရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်တွင် သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်နေသည်ကို တွေ့ရစဉ် (ယခုနှစ်တွင် တာချီလိတ်ခရိုင် ဇဟိုမဏ္ဍပ်၊ မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးမဏ္ဍပ်အပါအဝင် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။)

မောင်ယဉ်ကျေး

တောင်ငူ၌ သင်္ကြန်ပွဲတော်စည်ကားစွာ ကျင်းပနိုင်ရေးဆွေးနွေး

တောင်ငူ ဧပြီ ၁

တောင်ငူ၌ ယခုနှစ်တွင် မြန်မာ့ရိုးရာအခါသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအစည်းအဝေးကို မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှိ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းတို့က ယခုနှစ်သင်္ကြန်ကျင်းပမည့် အစီအစဉ်များကို ဆွေးနွေးရာ တောင်ငူမြို့တွင် ယခင်နှစ်များအတိုင်း ဇဟိုမဏ္ဍပ်ကို ဗိုလ်မှူး ဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးအနီး၌ထားရှိပြီး ကန်လမ်းရှိ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် ရေကစားမဏ္ဍပ်ကြီးတစ်ခု၊ ရန်ကုန်-မန္တလေးလမ်း အုတ်ကျွတ်တန်းတွင် ရပ်ကွက်(၈၊ ၉၊ ၁၀)စုပေါင်း ရေကစားမဏ္ဍပ်တစ်ခု၊ ထောင်လမ်းတွင် အကျဉ်းဦးစီးဌာနက ပြုလုပ်သည့် မိသားစုရေကစားမဏ္ဍပ်တစ်ခုရှိမည်ဖြစ်ကြောင်း၊ ကျန်မဏ္ဍပ်များမှာ ပြုလုပ်မည့်သူကိုမသိရှိရသေးကြောင်း၊ တောင်ငူမြို့ကန်တော်ကြီးပတ်လမ်းတွင် ရေကစားမဏ္ဍပ်ပြုလုပ်မည့်သူနှင့် အဖွဲ့အစည်းရှိပါက ပြုလုပ်နိုင်ရန်နှင့် ကန်တော်ကြီး ရေအသုံးပြုနိုင်ရန် သက်ဆိုင်ရာများကို ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့လုံးကျွတ်စည်ကားနိုင်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက ဆွေးနွေးကြရာ ဘဏ္ဍာငွေ အခက်အခဲများနှင့် ရေရရှိမှုပြဿနာများကို တင်ပြဆွေးနွေးကြသည်။ ယခုနှစ် ဇဟိုမဏ္ဍပ်တွင် ယိမ်းအကပြိုင်ပွဲများ၊ သင်္ကြန်အလှမယ် ရွေးချယ်ခြင်း၊ နိုင်ငံကျော်တေးသံရှင်များနှင့် ဖျော်ဖြေမည့်အစီအစဉ် သံချပ်ထိုးဖျော်ဖြေမှုများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

မအူပင်သုံးကြိုင်စိုက်ကွင်းစွန့်လွှတ်မြေ မမှန်မကန်ခွဲဝေမှု မူလလယ်သမားများနစ်နာ

ရန်ကုန် ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် သုံးကြိုင်စိုက်ကွင်းစွန့်လွှတ်မြေ ၃၃၆ဧကအား မူလပိုင်ရှင်မရှိဘဲ မမှန်မကန်ခွဲဝေပေးခဲ့သဖြင့် လက်ရှိလုပ်ကိုင်လျက်ရှိသော တောင်သူများနစ်နာနေမှုအပေါ် စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ်ကို မတ် ၃၁ ရက်က ရန်ကုန်မြို့ စီးတီးစတားဟိုတယ်၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဘာမှစိုက်လို့ ပျိုးလို့မရတဲ့ မြေလွတ်မြေရိုင်းတွေကို ကိုယ့်အားကိုယ်ကိုးခုတ်ထွင်ရှင်းလင်းပြီး ၂၀၀၈ ခုနှစ်ကတည်းက နိုင်ငံတော်နဲ့ အကျိုးတူတစ်ဧကေ ၁၅ တင်းနှုန်းပေးသွင်းပြီး ၂၀၁၃ ခုနှစ်အထိ ခြောက်နှစ်ကြာ စွမ်းစွမ်းတမံ စိုက်ပျိုးခဲ့ပါတယ်။ ဒီအတွက် နိုင်ငံတော်သို့ စပါးတင်းပေါင်း ၂၃၄၀၀ ကျော်ကိုလည်း တာဝန်ကျေပွန်စွာ ပေးသွင်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဝန်ကြီးဌာနက မူလပိုင်ရှင်တွေကို ပြန်လည်ပေးအပ်ဖို့ပြောခဲ့ပေမယ့် ဒေသတာဝန်ရှိသူတွေက မူလလယ်လုပ်ကိုင်သူမဟုတ်တဲ့သူတွေကို ပုံစံ(၇)ထုတ်ပေးတဲ့အတွက် ပြဿနာတွေ ပေါ်ပေါက်လာပါတယ်။ စပါးခင်းအတွင်း အတင်းအဓမ္မစပါးဝင်လုတာတွေ ဖြစ်လာပါတယ်။ ဒီအတိုင်းဆက်လုပ်နေမယ်ဆိုရင် ရာဇဝတ်မှုခင်းတွေအထိ ဖြစ်လာနိုင်ပါတယ်။ ဒီအတွက် နိုင်ငံတော်အဆင့်ဆင့်လူကြီးတွေသိရှိအောင် အခုလိုရှင်းလင်းပွဲ ပြုလုပ်ရတာဖြစ်ပါတယ်"ဟု သုံးကြိုင်စိုက်ကွင်းစွန့်လွှတ် မြေလွတ်မြေရိုင်းဖော်ထုတ်လုပ်ကိုင်ခဲ့သူ လယ်သမားတစ်ဦးဖြစ်သည့် ဦးသန်းထွန်းက ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တောင်သူလယ်သမားများက မြို့နယ်ရဲစခန်းသို့ တိုင်တန်းမှုများ ပြုလုပ်ခဲ့သော်လည်း အရေးယူဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိကြောင်း၊ အချို့တောင်သူများမှာ အခြားတစ်မြို့သို့နေရပ်စွန့်ခွာပြီး အလုပ်ပြောင်းလုပ်ကိုင်နေရကြောင်း၊ မိမိပိုင်စိုက်ပျိုးထားသော လယ်ယာမြေမှ စပါးတင်း ၂၅၀ ကျော် အလုခံရသူလယ်သမားတစ်ဦးဖြစ်သည့် ဒေါ်သန်းသန်းဌေးက ပြောသည်။ နိုင်ငံတော်နှင့် အကျိုးတူလုပ်ကိုင်လာခဲ့သော ယင်းစွန့်လွှတ်မြေတွင် တောင်သူ ၂၀ ရှိပြီး ခြောက်နှစ်ကြာ စပါးစိုက်ပျိုးခဲ့သော်လည်း မြေယာပိုင်ဆိုင်မှု အထောက်အထားမရှိသူများအား ပုံစံ(၇)ထုတ်ပေးခဲ့ခြင်းကြောင့် မူလလုပ်ကိုင်သူများ များစွာနစ်နာလျက်ရှိကြောင်း သိရသည်။

မြင့်မောင်စိုး

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

ရန်ကုန် ဧပြီ ၁

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။

၂။ အပျော်လွန်ကြူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။

၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။

၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။

၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။

၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများမပြုရ။

၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။

၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ ၍ မောင်းနှင်ခြင်းမပြုရ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ဒေသဖွံ့ဖြိုးရေး လမ်းတံတားများတည်ဆောက်ပြုပြင်မှုနှင့်အတူ အနာဂတ်လင်းလက်လာမည့် ရခိုင်ပြည်နယ်

ကျော်လင်း(ဆောက်လုပ်ရေး)

၃၀-၃-၂၀၁၇ ရက်နေ့မှအဆက်

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘူးသီးတောင်-မောင်တော-ရသေ့တောင်မြို့များသည် ကားလမ်းဆက်သွယ်ရေး အလွန်ခက်ခဲသော မြို့များဖြစ်သည်။ ယခင်ကဆိုလျှင် ရေလမ်းခရီးဖြင့်သာ သွားလာရ၍ တစ်နေ့တာ အချိန်ကုန်ခံပြီး သင်္ဘောဖြင့် သွားလာရပါသည်။ အစိုးရသစ်လက်ထက်တွင် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော-အလယ်သံကျော်-အငူမော် လမ်းမကြီးကို စီမံချက်ချ ဆောင်ရွက်ခဲ့ပြီး ယခုအခါ အချို့တံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ကာ အချို့မှာ တည်ဆောက်ဆဲဖြစ်သည်။ လာမည့်နှစ်နှစ်အတွင်းတွင် အဆိုပါ လမ်းမကြီးပြီးစီးအောင် လမ်းများနှင့် တံတားများ တည်ဆောက်သွားမည်ဖြစ်ပြီး ယခုအခါ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင် တစ်ဖက်ကမ်းအထိ မော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်သည်။ ရသေ့တောင်မှ ဘူးသီးတောင်အထိ လမ်းပိုင်းကို တံတားများ တည်ဆောက်ရန်ရှိပြီး နှစ်နှစ်အတွင်း ပြီးစီးရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဘူးသီးတောင်-မောင်တောလမ်းပိုင်းသည်လည်း ယခင်က ၆၅၈ ပေရှိသော လိုဏ်ခေါင်းကြီး၏ အကန့်အသတ်ရှိနေရာမှ ယခုအခါ လမ်းသစ်ဖောက်လုပ်ပြီး ဘူးသီးတောင်-မောင်တောကို ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် တစ်နှစ်အတွင်း တည်ဆောက်နိုင်ခဲ့သည်။

မောင်တောမှ အလယ်သံကျော်၊ အငူမော်အထိ မိုင် ၅၀ မှာလည်း လွန်ခဲ့သောနှစ်အထိ လမ်းတံတားများကို မပြင်ဆင်နိုင်ခဲ့ဘဲ မိုင် ၅၀ ကို ငါးနာရီခန့် သွားလာခဲ့ရသော အခြေအနေမှ ယခုတစ်နှစ်အတွင်း လမ်းအဆင့်မြှင့်တင်ပြီးစီးခဲ့ရာ မောင်တောမှ အငူမော်အထိ ယာဉ်မောင်းချိန် နှစ်နာရီနှင့် ရောက်ရှိနိုင်ပြီဖြစ်သည်။ ၂၀၁၆-၁၇ တစ်နှစ်အတွင်း ရခိုင်ပြည်နယ် လမ်းတံတားကဏ္ဍ ပီပီပြင်ပြင်တိုးတက်ဖွံ့ဖြိုးမှုကို ဇယားတွင် တွေ့မြင်နိုင်ပါသည်။

စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်-မောင်တော-အငူမော် လမ်းပြမြေပုံ

ကျောက်တော်-ပလက်ဝလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်

ဘူးသီးတောင်-မောင်တောလမ်း (၁၂ ဒသမ ၈ ကီလိုမီတာ -၁၃ ဒသမ ၂ ကီလိုမီတာ)အထိ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း မဆောင်ရွက်မီပုံနှင့် ဆောင်ရွက်ပြီးနောက် တွေ့ရပုံ

ရသေ့တောင်-ဘူးသီးတောင်လမ်း ပန်ဇင်းချောင်းတံတား အဆင့်မြှင့်တင်ဆောင်ရွက်သည့် အရှည် ၂၉၃ မီတာ သံကူကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

မာန်အောင်ကျွန်းပတ်လမ်း (၁၂ ကီလိုမီတာ - ၁၅ ဒသမ ၂ ကီလိုမီတာ)အတွင်း မူလအမာခံလမ်းမှ အကျယ် ၁၂ ပေ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း မဆောင်ရွက်မီပုံနှင့် ဆောင်ရွက်ပြီးနောက် တွေ့ရပုံ

ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း တောဖျားချောင်းတံတား အဆင့်မြှင့်တင်ဆောင်ရွက်သည့် အရှည် ၃၆၅ ဒသမ ၇ မီတာ သံကူကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

စဉ်	အကြောင်းအရာ	၂၀၁၆-၂၀၁၇ နှစ်အတွင်း တိုးတက်လာမှု	မှတ်ချက်
၁။	ကွန်ကရစ်လမ်း တိုးတက်လာမှု	၁၄ မိုင် ၄ ဖာလုံ	
၂။	AC လမ်းတိုးတက်မှု	၂ မိုင်	
၃။	ကတ္တရာလမ်းတိုးတက်လာမှု	၂၀ မိုင် ၁ ဖာလုံ	
၄။	အကျယ် ၁၂ ပေ ကတ္တရာလမ်း တိုးတက်လာမှု	၃၄ မိုင် ၃ ဖာလုံ	
၅။	ပေ ၁၈၀ အထက် တံတားကြီးများတိုးတက်ပြီးစီးမှု	၅ စင်း	
၆။	ပေ ၁၈၀ အထက် တံတားကြီးများ Renovation	၁ စင်း	
၇။	ပေ ၁၈၀ အောက် ပေ ၅၀ အထက် တံတားများ တိုးတက်မှု	၁၄ စင်း	
၈။	ပေ ၅၀ အောက် တံတားနှင့် Culvert များ တိုးတက်လာမှု	၁၉၃ စင်း	
၉။	ကျောက်ချောလမ်းပြီးစီးမှု	၃၄ မိုင် ၄ ဖာလုံ	

ဘူးသီးတောင်-မောင်တောလမ်း မိုင် (၆/၇-၇/၀) ကြား အရှည်ပေ ၄၀ တံတားအမှတ် (၁၃/၇) ကို သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း မဆောင်ရွက်မီပုံနှင့် ဆောင်ရွက်ပြီးနောက်တွေ့ရပုံ

ရခိုင်ပြည်နယ်အတွင်း အဓိကလမ်းမကြီးများကို (၁)နှစ်အတွင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်ခဲ့ပြီး အခြားလမ်းများဖြစ်သည့် မြို့တွင်းလမ်းများ၊ မာန်အောင်ကျွန်းပတ်လမ်း၊ မြေပုံ-မင်းပြားလမ်း၊ ပေါက်တော-မင်းပြားလမ်းအပါအဝင် အခြားလမ်းများကိုလည်း အဆင့်မြှင့်တင်ခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရသစ်၏ (၁)နှစ်တာအတွင်း ရခိုင်ပြည်နယ်၌ ဒေသဖွံ့ဖြိုးရေး လမ်းတံတားများ တည်ဆောက်ပြုပြင်မှုနှင့်အတူ လမ်းတံတားကဏ္ဍ သိသိသာသာတိုးတက်လာကာ လာမည့် လေးနှစ်တာကာလအတွင်းတွင် ရခိုင်ပြည်နယ်ကြီး တစ်ခုလုံး၏ လမ်းတံတားကဏ္ဍသည် ထူးခြားပီပြင်စွာ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ရာ ပြည်နယ်အတွင်း သွားလာဆက်သွယ်မှု လွယ်ကူလျင်မြန်လာမှုကြောင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ အခြေအနေများလည်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ပြီး အနာဂတ်လင်းလက်လာမည့် ရခိုင်ပြည်နယ်ဟု ဆိုချင်မိပါသည်။

ဆန္ဒပြသူများ ပါရာဂွေး လွှတ်တော်အဆောက်အအုံအား မီးရှို့



အေဆန်းရှင်း မေ ၁

ပါရာဂွေးအထက်လွှတ်တော် (ဆီးနိတ်) သည် သမ္မတဟာရိုကိုင်ရီ ကာတက်စ် ပြန်လည်ရွေးကောက်ခံနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ပြင်ဆင်နိုင်ရေး လျှို့ဝှက်စွာမဲပေးခဲ့ပြီးနောက် ယင်းကိစ္စအပေါ် မကျေနပ်သည့် ဆန္ဒပြသူများသည် ပါရာဂွေး လွှတ်တော် အဆောက်အအုံအား ယမန်နေ့က မီးရှို့လိုက်ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

၁၉၈၉ ခုနှစ် ရက်စက်သော အာဏာရှင်အစိုးရလက်ထက်ပြီးနောက် ပါရာဂွေးနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၂ ခုနှစ်က အတည်ပြုခဲ့သည်။ အတည်ပြုခဲ့သော ယင်းဥပဒေအရ ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းအား တားမြစ်ထားကြောင်း သိရသည်။

(ဆီးနိတ်) ကလည်း သမ္မတဟာရိုကိုင်ရီကာတက်စ် ပြန်လည်ရွေးကောက်ခံနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ပြင်ဆင်နိုင်ရေးကြိုးစားဆောင်ရွက်သလို မိမိတို့ကလည်း အဆိုပါကိစ္စအား တားဆီးသွားရမည်ဖြစ်ကြောင်း၊ အဆိုပါ ကိစ္စအား တားဆီးရန် လူပေါင်းများစွာ ထပ်မံဖိတ်ခေါ်ထားကြောင်း အတိုက်အခံပါတီဘက်မှ အထက်လွှတ်တော်အမတ် (ဆီးနိတ်တာ) ဒက်ဆာရီ မက်ဆီက ပြောခဲ့သည်။

ယမန်နေ့ညပိုင်းက ဆန္ဒပြသူများ လွှတ်တော်အဆောက်အအုံမှ ထွက်ခွာသွားပြီးနောက် မီးသတ်သမားများသည် မီးတောက်များကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများသည် အခြားနေရာများတွင် အချိန်အတော်ကြာအထိ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

အဆိုပါဆန္ဒပြမှုတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ရာဘာကျည်ဆန်ကြောင့် ဆန္ဒပြသူတစ်ဦးဖြစ်သူ အသက် ၂၅ နှစ်ရှိ ရိုဒရီဂို ကွင်တာနာသေဆုံးခဲ့ကြောင်း အတိုက်အခံအုပ်စုဘက်က ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးက ၎င်းသေဆုံးမှုအတွက် ထင်သာမြင်သာ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မေ ၁ ရက်တွင် ဆန္ဒပြသူများသည် ပါရာဂွေးမြို့တော် အေဆန်းရှင်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ သမ္မတ ကာတက်စ်က အခြေအနေတည်ငြိမ်မှုရှိရေး ဆော်သြခဲ့ပြီး အကြမ်းဖက်မှုများအား လက်မခံကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် အစိုးရအနေဖြင့် အကောင်းဆုံးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ **(ရိုက်တာ)**

မြောက်ကိုရီးယား ကုမ္ပဏီတစ်ခုနှင့် နိုင်ငံသား ၁၁ ဦးကို စီးပွားရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုအသစ်များ အမေရိကန်ပြုလုပ်

ဝါရှင်တန် မေ ၁

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများကို ထောက်ခံမှုပြုခဲ့သည့် မြောက်ကိုရီးယားနိုင်ငံမှ ကုန်သွယ်ရေး ကုမ္ပဏီတစ်ခုနှင့် မြောက်ကိုရီးယားနိုင်ငံသား ၁၁ ဦးကို အမေရိကန်က စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ယမန်နေ့က အမိန့်ထုတ်ပြန်ခဲ့သည်။

အမေရိကန်က စီးပွားရေးအရ ပိတ်ဆို့အရေးယူခဲ့သော မြောက်ကိုရီးယားနိုင်ငံမှ ကုန်သွယ်ရေးကုမ္ပဏီတစ်ခုနှင့် မြောက်ကိုရီးယားနိုင်ငံသား ၁၁ ဦးတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ ဘဏ်လုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ပြည်ပရုံးခွဲများတွင် လုပ်ငန်းဆောင်ရွက်နေသူများဖြစ်ကြောင်း သိရသည်။

အမေရိကန်က စီးပွားရေးအရ ပိတ်ဆို့ အရေးယူခဲ့သူများသည် ပြည်ပနိုင်ငံများတွင် မြောက်ကိုရီးယားအစိုးရ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သူများဖြစ်သလို ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့မှ တားမြစ်ထားသည့် အကြီးစားအဖျက်လက်နက်စီမံကိန်းများအတွက် လိုအပ်သည့် ပစ္စည်းများဝယ်ယူပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် ငွေကြေးထောက်ပံ့ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

အီဂျစ်တရားရုံးက တရားသူကြီးတစ်ဦးအား ထောင်ဒဏ် ၂၅ နှစ်ချမှတ်

ကိုင်ရို မေ ၁

အီဂျစ်တရားရုံးတစ်ရုံးက မူးယစ်ဆေးဝါးပိုင်ဆိုင်မှုဖြင့် တရားသူကြီး တစ်ဦးအား မေ ၁ ရက်က တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ်လိုက်ကြောင်း နိုင်ငံပိုင် မီနာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

တရားသူကြီးဟောင်းတစ်ဦးဖြစ်သူ တာရက်ခ်မိုဟာမက် ဇာကီကို ထောင်ဒဏ် ၂၅ နှစ်ချမှတ်လိုက်ကြောင်း၊ ထိုသို့ချမှတ်လိုက်ခြင်းသည် အီဂျစ်တရားဥပဒေအရ တစ်သက်တစ်ကျွန်းထောင်ဒဏ်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါအမှုနှင့်ပတ်သက်သော ဇာကီ၏ ယာဉ်မောင်းနှင့် အမျိုးသမီးတစ်ဦးတို့ကိုလည်း ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၂၀၁၆ ခုနှစ် နိုဝင်ဘာလက တရားသူကြီးဖြစ်သူ ဇာကီ၏ ကားထဲ၌ အမေရိကန်ဒေါ်လာ ၉၂၄၀၀ ပမာဏခန့်ရှိ ဆေးခြောက် ၆၈ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့သည်။ အဆိုပါအမှုနှင့်ပတ်သက်ပြီး အီဂျစ်တရားရေးဝန်ကြီးက ဇာကီ၏ နုတ်ထွက်မှုကို လက်ခံခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

အိုင်အက်စ်ပုန်းခိုနေရာများကို အီရတ်လေကြောင်းချီ တိုက်ခိုက်

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံ လေကြောင်းတပ်ဖွဲ့များသည် အိုင်အက်စ် အကြမ်းဖက်သမားများ ပုန်းခိုသည့်နေရာများကို လေကြောင်းချီတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အကြမ်းဖက်သမား ၂၀၀ နီးပါး ချေမှုန်းနိုင်ခဲ့ကြောင်း အီရတ်နိုင်ငံ ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားမှုဌာနမှ ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

အိုင်အက်စ် အကြမ်းဖက်သမားများပုန်းခိုသည့် မိုဆူးလ်မြို့အနောက်ဘက် မိုင်ပေါင်း ၁၃၀ အကွာတွင်ရှိသည့် ဘာဂျာမြို့သည် လက်ရှိအချိန်တွင် အိုင်အက်စ် အကြမ်းဖက်တပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်၌ ရောက်ရှိနေကြောင်း သိရသည်။ ယင်းနေရာသည် အီရတ်နယ်စပ်ကို ဖြတ်ကျော်ရန်အတွက် အရေးပါသည့် ဒေသတစ်ခုလည်းဖြစ်သည်။လတ်တလောတွင် အီရတ်အစိုးရတပ်ဖွဲ့သည် အိုင်အက်စ် အကြမ်းဖက်အဖွဲ့ထံမှ မိုဆူးလ်ဒေသအား ပြန်လည်ရရှိသိမ်းပိုက်နိုင်ရေးအတွက် စစ်ဆင်ရေးများ ဆောင် ရွက်နေကြောင်း သိရသည်။

(ဆင်ဟွာ)

အင်ဒိုနီးရှားတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်၊ လူ ၁၁ ဦးထက်မနည်း မြေအောက်၌ နစ်မြုပ်သေဆုံး

ဂျကာတာ မေ ၁

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အရှေ့ဂျာဗားပြည်နယ် ပွန်နော်ရိုဂိုခရိုင် ဘနာရန်ကျေးရွာ တောင်ကုန်းပေါ်တွင် ရုတ်တရက်မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြေပြိုမှုဖြစ်ပွားခဲ့ပြီး ၁၁ ဦးထက်မနည်း မြေအောက်၌ နစ်မြုပ်သေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း ပြည်နယ် သဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။ နစ်မြုပ်သေဆုံးခဲ့သူများထဲတွင် ဒေသခံ ဂျင်းစိုက်တောင်သူများပါဝင်ခဲ့ကြောင်း သိရသည်။

မြေပြိုမှုကြောင့် အိမ်ခြေ ၂၅ လုံးမှ ၃၀ ထိပျက်စီးခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီ ပြောခွင့်ရပုဂ္ဂိုလ် စူတိုပိုပါဝူနာဂရိုဟိုက ပြောခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများတွင် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံသဘာဝဘေးစီမံခန့်ခွဲမှုရုံးမှ တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများ ပါဝင်ခဲ့ကြောင်း ၎င်းက ပြောခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အရှေ့ဂျာဗားပြည်နယ် ပွန်နော်ရိုဂိုခရိုင် ဘနာရန်ကျေးရွာသို့ သွားရာလမ်းကြောင်းမှာ ခက်ခဲသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် စက်ယန္တရားကြီးများ လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မကြာသေးမီက ရွာသွန်းခဲ့သောမိုးကြောင့် မြေပြိုမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။

(ရိုက်တာ / ဆင်ဟွာ)

တင်းမေကျေးရွာ၌ ကျေးရွာတာဝန်ခံတစ်ဦး ဓားခုတ်ဒဏ်ရာများဖြင့် ၎င်း၏နေအိမ်အတွင်း သေဆုံး

စစ်တွေ ဧပြီ ၁

ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာ၌ ကျေးရွာတာဝန်ခံတစ်ဦး ယနေ့ နံနက်ပိုင်းက ဓားခုတ်ဒဏ်ရာများဖြင့် ၎င်း၏နေအိမ်အတွင်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

တင်းမေကျေးရွာနေ ကျေးရွာတာဝန်ခံတစ်ဦးဖြစ်သူ ဟာမစ်ဒူလ္လာ (၄၆နှစ်)၏ နေအိမ်အတွင်းသို့ နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က မျက်နှာဖုံးတပ်ထားသော မျိုးနွယ်တူလူ ၇ ဦးခန့် ဝင်ရောက်ပြီး ၎င်းနှင့် မိသားစုများကို တုတ်၊ ဓားများဖြင့် ရိုက်နှက်လုံးထွေးသတ်ပုတ်ခဲ့သဖြင့် ဟာမစ်ဒူလ္လာမှာ ဦးခေါင်းထိပ်ညိုမဲဒဏ်ရာတစ်ချက်၊ ဝဲဘက်လည်ပင်းထိုးသွင်း ဒဏ်ရာတစ်ချက်၊ မေးအောက် ဓားခုတ် ပြတ်ရှဒဏ်ရာ တစ်ချက်တို့ရရှိပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူမှာ တင်းမေကျေးရွာ၌ အကြမ်းဖက်သင်တန်း ဖွင့်လှစ်ခဲ့မှုနှင့် ပတ်သက်၍ မတ် ၂၉ ရက်က ကျေးရွာသို့ သတင်းမီဒီယာများမှ လာရောက်မေးမြန်းစဉ် ရှင်းလင်းဖြေကြားခဲ့သူများအနက်မှ တစ်ဦးဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးနိုင်ရေး တောင်ဘဇာ နယ်မြေရဲစခန်းမှူးနှင့်အဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျွန်းပေါက်ပြုစုကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်းအား မျက်နှာဖုံးတပ် လူတစ်စုက ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် ဧပြီ ၁

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျွန်းပေါက်ပြုစု ကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းအား မတ် ၃၀ ရက် ညပိုင်းက မျက်နှာဖုံးတပ်လူတစ်စုမှ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

မောင်တောမြို့နယ် ကျွန်းပေါက်ပြုစုကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း နုမာမတ် (၃၉နှစ်)သည် မိသားစုနှင့်အတူ အိမ်၌ အိပ်နေစဉ် မတ် ၃၀ ရက် ညသန်းခေါင်ကျော်တွင် မျက်နှာဖုံးတပ်ဆင်ထားသော လူ ၁၅ ဦးခန့်က အိမ်အနောက်ဘက် ဝါးထရံကိုဖျက်၍ ဝင်ရောက်လာပြီး နုမာမတ်အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့စာကြည့်တိုက်၌ ဒေသခံကလေးငယ်များ ဗဟုသုတတိုးပွားရေးဆောင်ရွက်

မောင်တော ဧပြီ ၁

မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကလေးငယ်များ ပျော်ရွှင်စေရန်နှင့် ဗဟုသုတရရှိစေရန်အတွက် လှုပ်ရှားမှုများကို မတ် ၃၁ ရက်က ဆောင်ရွက်ခဲ့သည်။

ကလေးများ စုပေါင်းစာဖတ်ခြင်း၊ ပန်းချီဆွဲခြင်း၊ အရုပ်ဆက်ခြင်း၊ စက္ကူခေါက်အရုပ်များ ပြုလုပ်ခြင်း၊ ဂိမ်းကစားခြင်း၊ စစ်တုရင်ကစားခြင်း စသည်တို့ကို ကလေးငယ်များ ဝါသနာပါရာအလိုက် ပြုလုပ်ကစားစေပြီး စာကြည့်တိုက်ရှိ ပြတိုက်ငယ်တွင် ပြသထားရှိသည့် မိမိတို့တိုင်းရင်းမျိုးနွယ်စုတို့နှင့်သက်ဆိုင်သော မှတ်သားသင့်သည့်အကြောင်းအရာများကိုလည်း ကလေးများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ရှင်းပြသည်။

ထို့အပြင် အားလပ်ချိန်တွင် စာပေဗဟုသုတများကို ဖတ်ရှုရန်နှင့် ယခင်က စာကြည့်တိုက်ဆိုသည်မှာ စာအုပ်များသာရှိသော နေရာဖြစ်သော်လည်း ယခုအခါ ကလေးများ ပျော်ရွှင်စရာနေရာတစ်ခုအဖြစ် ဆောင်ရွက်နေပုံများကိုလည်း ကလေးငယ်များ နားလည်သဘောပေါက်အောင် ပြောကြားခဲ့သည်။

ထို့နောက် အာဟာရအဖြစ် အအေးနှင့် မုန့်များကျွေးမွေးပြီး သကြၤန်အကြိုလက်ဆောင် ကာတွန်းပုံ မျက်နှာဖုံးများကိုလည်း ကလေးငယ်များအား ဝေငှပေးခဲ့သည်။

မောင်တောခရိုင် ပြည်သူ့စာကြည့်တိုက်ကို Community Centre နှင့် လူထုအခြေပြု စာကြည့်တိုက်အဖြစ် အဆင့်မြှင့်တင် ဝန်ဆောင်မှုပေးလျက်ရှိရာ စာကြည့်တိုက်တွင် ကလေးစာဖတ်ခန်းနှင့်ကလေးစာပေများကိုလည်း သီးခြားဆောင်ရွက် ပေးထားပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မောင်တောမြို့နယ် ဘော်တလီ(၁)ကျေးရွာနေ မိသားစုများအားလူ ၂၅ ဦးခန့်က တုတ်၊ ဓား၊ ပုဆိန်များဖြင့် ဝိုင်းဝန်းရိုက်ခုတ်

နေပြည်တော် ဧပြီ ၁

မောင်တောမြို့နယ် ဘော်တလီ(၁) ကျေးရွာနေ အဘူတာဟဲရ်(အသက် ၆၀) သည် မိသားစုနှင့်အတူ အိမ်၌ အိပ်နေစဉ် မတ်လ ၃၁ ရက် နံနက် ၂ နာရီခန့်တွင် တစ်ရွာတည်းနေ ဆွေယော့တူဆောင်း (အသက် ၅၀)ပါ ၂၅ ဦး ခန့်က တုတ်၊ ဓား၊ ပုဆိန်များ ကိုင်ဆောင်ရောက်ရှိ လာပြီး တံခါးနှင့်ပြတင်းများကို ရိုက်ချိုးဖျက်ဆီးဝင်ရောက်၍ အဘူတာဟဲရ်ပါ မိသားစုဝင် ငါးဦးအား တုတ်၊ ဓားများဖြင့် ဝိုင်းဝန်း ရိုက်ခုတ်ခဲ့ကြောင်း၊ ထို့နောက် အိပ်ခန်းအတွင်း သေတ္တာထဲမှ ငွေကျပ် ၁၀၂၀၀၀၀၊ ရွှေဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရန်၊ လက်စွပ်တစ်ကွင်း၊ ဟန်းချိန်းတစ်ခု စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၇၀၀၀၀ အားလုယူသွားပြီး အီဘရာဟိန်း (၁၅နှစ်) နှင့် အဒူလာဟာဒူလာမီ (၂၀နှစ်)တို့ နှစ်ဦးအား ကြိုးတုပ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေခဲ့ရာ ဘော်တလီ(၁)ကျေးရွာနေ ဘော်ရှော်နေအိမ်မှ အဒူလာဟာဒူလာမီအား ကြိုးတုပ်လျက် ပြန်လည်တွေ့ရှိခဲ့ပြီး အီဘရာဟိန်းမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဆွေယော့တူဆောင်းပါ ၂၅ ဦးခန့်အား ကြိမ်ချောင်း နယ်မြေရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၃၉၅/၃၆၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းနှင့် ညနေ ၅ နာရီခွဲတွင် ဆွေယော့တူဆောင်းပါ ခြောက်ဦးတို့ကို ဖမ်းဆီးရမိပြီး ကျန်တရားခံများအား ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မောင်တောမြို့နယ်၌ လူသတ်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူ ၁၁ ဦးဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁

မောင်တောမြို့နယ် ဒိုးတန်းကျေးရွာ၌ လူသတ်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူ ၁၁ ဦးအား ယမန်နေ့ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ(၅) ဒိုးတန်းကျေးရွာ၌ မတ် ၃၁ ရက် ညနေပိုင်းက ငါးခူရနယ်မြေစခန်း လူပျောက်အမှတ်စဉ် ၃/၂၀၁၇ အမှုနှင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ မသင်္ကာ တရားခံများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခဲ့ရာ မောင်တောမြို့နယ် သိမ်တောင်ကျေးရွာနေ ဆိုင်ကယ်ကယ်ရီ မောင်းသူ မာမတ်ဖော်ရီ (၁၉နှစ်)အပါအဝင် ၁၁ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများသည် မတ် ၁၂ ရက် ညနေ ၄ နာရီခွဲက မောင်တောမြို့နယ် စဉ်တောင်ကျေးရွာ လူပျောက်မှုဖြစ်စဉ်နှင့် မတ် ၂၇ ရက်ခန့်က ငါးစားကြူးချောင်း၌ တွေ့ရှိရသော အလောင်းနှင့်ပတ်သက်သည့် လူသတ်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ကိုင်ညာအုပ်ချုပ်ရေးမှူးရုံးမှ ရုံးအကူစာရေးအား ဖမ်းဆီး၊ ကျေးရွာဆယ်အိမ်မှူးအား ဝိုင်းဝန်းထိုးကြိတ်

နေပြည်တော် ဧပြီ ၁

မောင်တောမြို့နယ် သက်ကိုင်ညာကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ရုံးအကူစာရေးနှင့် ဆယ်အိမ်မှူးအပါအဝင် လူလေးဦးကို ခေါင်းစွပ်ဝတ်ဆင်ထားသူများမှ ထိုးကြိတ်ရိုက်နှက်ပြီး ရုံးအကူစာရေးနှင့် အခြားတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကြကြောင်း သိရသည်။

သက်ကိုင်ညာကျေးရွာနေ ရှောင်ရှုအာလောင် (၃၅နှစ်)၏ နေအိမ်တွင် တစ်ရွာတည်းနေသူများ ဖြစ်သည့် အယ်ဇာဟူဆောင်း (၃၇နှစ်)၊ ဆော်ဒူလ်လာမီ (၃၀နှစ်)၊ မာမတ်ဟူဆိန်း(၄၀နှစ်) လေးဦးတို့ အတူရှိနေစဉ် ဧပြီ ၁ ရက် ညသန်းခေါင်ကျော်အချိန်တွင် တုတ်၊ ဓားများ ကိုင်ဆောင်ထားပြီး ခေါင်းစွပ်အမည်းများ ဝတ်ဆင်ထားသည့် လူ ၃၀ ခန့်မှ နေအိမ်ထရံအား ဖျက်ဆီးဝင်ရောက်ကာ ၎င်းတို့ လေးဦးကို ထိုးကြိတ်ရိုက်နှက်ကာ ရှောင်ရှုအာလောင်နှင့် အယ်ဇာဟူဆောင်းတို့နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။

ရှောင်ရှုအာလောင်သည် သက်ကိုင်ညာအုပ်ချုပ်ရေးမှူးရုံး၌ ရုံးအကူစာရေးလုပ်ကိုင်ပြီး အယ်ဇာဟူဆောင်းမှာ ကျဘမ်းအလုပ် လုပ်ကိုင်သူဖြစ်သည်။

ဆော်ဒူလ်လာမီနှင့် မာမတ်ဟူဆိန်းတို့နှစ်ဦးမှာ ဝိုင်းဝန်းထိုးကြိတ်စဉ် ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ဆော်ဒူလ်လာမီမှာ ကျေးရွာဆယ်အိမ်မှူးတာဝန်ထမ်းဆောင်နေသူဖြစ်ကာ ထိုးကြိတ်ရိုက်နှက်ခံရစဉ်က ဦးခေါင်း နောက်စေ့သုံးလက်မခန့် ပြတ်ရှဒဏ်ရာ၊ ဘယ်ဘက်နောက်ကျော ပြတ်ရှဒဏ်ရာ မာမတ်ဟူဆိန်းတွင် ဘယ်ဘက်မျက်ခုံး၊ ဘယ်ဘက်ကျောပြင်နှင့် ခါးတို့တွင် နာကျင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်း ပြည်ပမီဒီယာများ ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့အတွင်း မြေပြင်ကွင်းဆင်း၍ လွတ်လပ်စွာသတင်းရယူ

စစ်တွေ ဧပြီ ၁

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များသည် ယနေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသတင်းရယူပြီး စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်သတင်းရယူကြသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်တို့သည် နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးများကမောင်တောဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး၊ မဟာဓာတ်အားလိုင်းမရောက်နိုင်သေးသည့် မောင်တော၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့၌ စက်သုံးဆီ တိုးမြှင့်သုံးစွဲ၍ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေနှင့် မလိုအပ်သည့် ကယ်ဆယ်ရေးစခန်းအချို့ကို ရုပ်သိမ်းသွားမည့် အခြေအနေတို့ကို ပြန်လည်ဖြေကြားသည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ်ရှိ ဘောဒူဖ (၁၊၂)၊ သက်ကယ်ပြင်နှင့် ဒါးပိုင်ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ကွင်းဆင်းသတင်းရယူကြသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသူများအတွက် နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ရာ အများစုက စနစ်တကျနေရာချထားပေးပြီး ၂၀၁၂ ခုနှစ် အစောပိုင်းကာလအခြေအနေများကဲ့သို့ ပြန်လည်နေထိုင်ခွင့်ရရှိရန် ဆန္ဒရှိနေကြောင်း သိရသည်။

ယင်းနောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များသည် ညနေပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့တွင် ဘီဘီစီ၊ ဗွီအိုအေ၊ အီးပီအေ၊ တီဗွီအဆာဟိ၊ နိပွန်တီဗွီ၊ ဖူဂျီတီဗွီ၊ ဆင်ထရယ်နယူးဇျူရို၊ ဖရန်တီးယား မြန်မာ၊ ရှောဝတီ၊ မြဝတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာအင်တာနေရှင်တီဗွီ၊ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်းနှင့် ကြေးမုံတို့မှ သတင်းမီဒီယာ ၁၈ ဦးဖြင့် စုဖွဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင် ဦးဆောင်၍ မတ် ၂၈ မှ ဧပြီ ၁ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း မြေပြင်ကွင်းဆင်း၍ လွတ်လပ်စွာ သတင်းရယူခဲ့ကြခြင်း ဖြစ်သည်။

(သတင်းစဉ်)

သတင်းမီဒီယာများ စစ်တွေမြို့နယ်ရှိ ဘောဒူဖ (၁၊ ၂)၊ သက်ကယ်ပြင်နှင့် ဒါးပိုင်ကယ်ဆယ်ရေးစခန်းများ၌ ကွင်းဆင်းသတင်းရယူစဉ်

သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စား မူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်/ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့်အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန် ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ/ မူးယစ်ဆေးဝါး သောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၂။ ရေကစားရာတွင် ယာဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံ ပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

လက်ကိုင်ဖုန်းပြုပြင်နည်း သင်တန်းဆင်း

ရန်ကုန် မေ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးမှူး၍ လက်ကိုင်ဖုန်းပြုပြင်နည်း နည်းပြအဆင့် သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဗဟိုလေ့ကျင့်ရေး ကျောင်း၌ ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အဆင့်မြင့်) ဦးအောင်ကျော် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် သင်တန်းသား ၁၅ ဦးကို မတ် ၃ ရက်မှ ၃၁ ရက်အထိ သင်တန်းကာလလေးပတ်ကြာ လေ့ကျင့်သင်ကြားပေးခဲ့ပြီး မိမိတာဝန်ကျရာဒေသတွင် ပြန်လည်ဆင့်ပွား သင်ကြားပေးရန် လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဗထူး**

■ *ကျော်ဖုံးမှ*

ကစားသမားအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ၄၉မိနစ်တွင် ဇော်မင်းထွန်းက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး ဒုတိယဂိုးကို ၈၂ မိနစ်တွင် ခရစ္စတိုဖာက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်က လက်ရှိချန်ပီယံ ရတနာပုံကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထိပ်ဆုံးမှဦးဆောင်နေသည့် ရန်ကုန်အသင်းသည် အဓိကပြိုင်ဘက်ရတနာပုံကို အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုအတွက်အလားအလာကောင်းသွားခဲ့သည်။ ရန်ကုန်အသင်းသည် ဇော်မင်းထွန်း၏ နောက်ကျဂိုးဖြင့် အနိုင်ရကာ ၂၈မှတ်ဖြင့် ပွဲစဉ်မကုန်မီ ရာသီဝက်တွင် ချန်ပီယံဖြစ်ခဲ့သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ယခုပွဲရှုံးပွဲကြောင့် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအား ဒုတိယနေရာလွှဲပေးခဲ့ရသည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် ဒဏ်ရာပြဿနာရှိနေသည့်အသင်းခေါင်းဆောင် ခင်မောင်လွင်အပါအဝင် လူစုံပါဝင်ခဲ့ပြီး ရတနာပုံ အသင်းတွင်မူ အသင်းခေါင်းဆောင်ရန်ပိုင်မှလွဲ၍ လူစုံခဲ့သည်။ ပထမပိုင်းခြေစွမ်းအရ ရန်ကုန်အသင်းခြေပိုသာခဲ့ပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း တိုက်စစ်မှူး အီမီကာလွဲချော်ခဲ့သည်။ ရတနာပုံအသင်းသည် အောင်သူ၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ သက်နိုင်၊ စည်သူအောင်တို့ဖြင့် ရန်ကုန် နောက်တန်းအမှားကိုစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရတနာပုံအသင်း ဂိုးရခဲ့ပြီး အောင်သူဖန်တီးပေးသော ဘောလုံးကို စည်သူအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ဇွန်မိုးအောင်၊ ရန်လင်းအောင်နှင့် စိုးမင်းနိုင်တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ရတနာပုံအသင်းက ခံစစ်ဦးစားပေး ကစားခဲ့သောကြောင့် ရန်ကုန်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၇၄ မိနစ်တွင် ဇွန်မိုးအောင်၏ ခေါင်းတိုက်ဂိုးကြောင့် ချေပဂိုးပြန် ရခဲ့သည်။ သရေရလဒ်ဖြင့် ပြီးဆုံးခါနီး နာကျင်အချိန်ပိုတွင် ရန်ကုန်အသင်း အနိုင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောမှတစ်ဆင့် ဇော်မင်းထွန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးက ဇွဲကပင်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၂၇ မိနစ်တွင် ကျော်စွာလင်း၊ ၄၂ မိနစ်နှင့် ၇၂ မိနစ်တို့တွင် မောင်မောင်စိုး၊ ၈၇ မိနစ်တွင် ထူးထူးအောင်က သွင်းယူခဲ့သည်။ ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသောပွဲတွင် နေပြည်တော်နှင့် GFA တို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ် (၁၀) ဒုတိယနေ့ကို မေ ၂ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဝေဘာလီကွင်း၌ ရခိုင်နှင့်ချင်းယူနိုက်တက်၊ တောင်ငူကွင်း၌ ဟံသာဝတီနှင့်ရောဝတီတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ အပိုင်း(၁)နှင့် အပိုင်း(၂) ဖွင့်ပွဲကျင်းပ

မန္တလေး မေ ၁

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံဖော်ဆောင်ခဲ့သည့် မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ အပိုင်း(၁)နှင့် အပိုင်း(၂) ဖွင့်ပွဲကို မတ် ၃၁ ရက်က အဆိုပါအိမ်ရာအနီးတွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်တို့က အိမ်ရာအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် အလျင်အမြန် ဖွံ့ဖြိုး တိုးတက်လာမည့် မြို့ပြဒေသတွင် ပါဝင်သောကြောင့် တန်ဖိုးမြင့်၊ တန်ဖိုးမျှ၊ တန်ဖိုးနည်း အိမ်ရာများ ဆက်လက်ဖော်ဆောင် ပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဝန်ထမ်းအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာများ အပါအဝင် အိမ်ခန်း ပေါင်း ၈၆၀၀ ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အပြင် မကြာခင်ကာလ၌ တန်ဖိုးမျှတ အိမ်ရာ၊ တန်ဖိုးနည်း အိမ်ရာများကို ထပ်မံဆောက်လုပ်ပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အရစ်ကျရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"တန်ဖိုးမျှတအိမ်ရာတွေ ထပ်ပြီး ဆောက်လုပ်ဦးမှာပါ။ ဒီထက်တန်ဖိုးနည်းတဲ့ အိမ်ရာတွေလည်း လိုအပ်နေပါသေးတယ်။ အခုချိန်မှာ ဝန်ထမ်းက ငါးသောင်းလောက်ရှိတာကို ၃ ဒသမ ၂၈ ရာခိုင်နှုန်းလောက်ပဲ အိမ်ရာတွေ ပေးနိုင်သေးတယ်။ တိုးပွားလာတဲ့လူဦးရေနဲ့ ကျွန်တော်တို့ရဲ့ မြေယာအခက်အခဲနဲ့ဆိုရင် ဒီလို တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာတွေ ဆောက်ဖို့လိုပါတယ်။ တန်ဖိုးမျှတအိမ်ရာတွေ ဆောက်လုပ်ဖို့ စီမံချက်တွေရှိပေမယ့် ဆောက်လုပ်မယ့် မြေနေရာအခက်အခဲတွေကြောင့် ရှာဖွေနေဆဲဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အခမ်းအနားတွင် ပြောကြားသည်။

ဖွင့်ပွဲကျင်းပသည့် ဆောက်လုပ်ပြီးစီးခဲ့သော မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတွင် အပိုင်း(၁)၌ လေးခန်းတွဲ လေးထပ် အဆောက်အအုံ ၂၇လုံး၊ အခန်းရေ ၄၃၂ ခန်း ပါဝင်ပြီးနှင့် အပိုင်း(၂)တွင် ရှစ်ခန်းတွဲ ငါးထပ် အဆောက်အအုံ အလုံး ၂၀၊ အခန်းပေါင်း ၈၀၀ ပါဝင်ကာ အိမ်ရာအပိုင်း(၁)နှင့် (၂)တွင် စုစုပေါင်း အခန်း ၁၂၃၂ ခန်း ပါဝင်ကြောင်း၊ အခန်းများကို နိုင်ငံဝန်ထမ်းများ၊ အငြိမ်းစားများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် ဝင်ငွေ နည်းပြည်သူများအား မဲစနစ်ဖြင့် ရောင်းချပေးခဲ့ပြီးနောက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

နီပေါနိုင်ငံသို့ မြန်မာစာရေးဆရာသုံးဦး စာပေချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မေ ၁

စာရေးဆရာ ဆရာကောင်းသန့်၊ ဆရာဟိန်းလတ်၊ ဆရာဒေါက်ထွေး(ဆေး-မန်း) တို့သည် စာပေချစ်ကြည်ရေးခရီးစဉ်အဖြစ် မတ် ၃၁ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နီပေါနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

မြန်မာစာရေးဆရာအဖွဲ့သည် နီပေါနိုင်ငံ၌ မေ ၇ ရက်အထိ နီပေါစာရေးဆရာများ၊ ကဗျာဆရာများနှင့် တွေ့ဆုံဆွေးနွေးကာ တစ်ပတ်ကြာမျှ စာပေလုပ်ငန်းများနှင့် ပတ်သက်ပြီး လေ့လာကြမည်ဖြစ်သည်။

ဦးလတ်

မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်

နေပြည်တော် မေ ၁

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉၄ စီး၊ သွင်းကုန် ၆၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၃၈ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

တရားဝင် စာရွက်စာတမ်းအထောက်အထားမရှိသည့် Nissan Diesel Box Trukck ၁၂ ဘီးယာဉ်ကိုတွေ့ရစဉ်

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်နေ့ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၄၃၀၀ သန်းခန့် စုစုပေါင်းလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၉၃၀၀ သန်းခန့်ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၃၁ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Nissan Diesel Box Truck (၁၂) ဘီးအမျိုးအစားယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် Nissan Diesel Box Truck (၁၂) ဘီးအမျိုးအစားယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၂၀ ခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစား

မာဆေးဆိုက် ဒါဘီပြိုင်ပွဲ လီဗာပူးတို့အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၃၀) စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် မာဆေးဆိုက်ဒါဘီပြိုင်ပွဲတစ်ပွဲဖြစ်သော လီဗာပူးနှင့်အဲဗာတန်အသင်းတို့ အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်လီဗာပူးအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် လီဗာပူးသည် ၄-၃-၃ ပုံစံဖြင့် မာနေး၊ ဖာမီနို၊ ကော်တင်ဟိုတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့ပြီး အဲဗာတန်သည် ၄-၂-၃-၁ ကစားကွက်ဖြင့် လူကာကူကို အထောင်ထားခဲ့သည်။ ပွဲစပြီးပွဲချိန် ၈ မိနစ်တွင် ဖာမီနိုဖန်တီးပေးမှုမှတစ်ဆင့် မာနေးက လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် နောက်တန်းကစားသမား ပန်နင်တန်က အဲဗာတန်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၁ မိနစ်တွင် ကော်တင်ဟိုက လီဗာပူးအတွက် ဦးဆောင်ဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် လီဗာပူးတိုက်စစ်မှူးမာနေး ဒဏ်ရာရရှိခဲ့ပြီး အိုရီဂီ လူစားဝင်လာခဲ့သည်။ အိုရီဂီသည် လီဗာပူးအတွက် တတိယမြောက်ဂိုးကို ပွဲချိန်မိနစ် ၆၀ တွင် ၁၈ ကိုက်အစပ်မှ အပြင်းကန်သွင်းခဲ့သည်။ ပွဲပြီးချိန်တွင် အိမ်ရှင်လီဗာပူးတို့ အန်ဖီးလ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် လီဗာပူးအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်အနက် ခြောက်ကြိမ်ထိ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အဲဗာတန်သည် အဝေးကွင်းတွင် ရှစ်ကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ်ဂိုးပေါက်တည့်ခဲ့ရာ မာဆေးဆိုက်ဒါဘီပြိုင်ပွဲသည် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ပွဲစဉ် (၃၀) အပြီး လီဗာပူးအသင်း ၅၉ မှတ်ရရှိထားပြီး အဲဗာတန်မှာရမှတ် ၅၀ သာရရှိထားသည်။ **သီဟ**

ပရီမီယာလိဂ် ပွဲစဉ် (၃၀)

ဘန်လေ	၀ - ၂	စပါး
ချယ်လ်ဆီး	၁ - ၂	ပဲလေ့စ်
ဟားလ်စီးတီး	၂ - ၁	ဝက်စ်ဟမ်း
လက်စတာ	၂ - ၀	စတုတ်စီးတီး
မန်ယူ	၀ - ၀	ဝက်စ်ဘရွန်း
ဝက်ဖို့ဒ်	၁ - ၀	ဆန်းဒါးလန်း

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၆)

ဘိုင်ယန်မြူးနစ်	၆ - ၀	အော့စ်ဘတ်
ရှော်လ်ကေး	၁ - ၁	ဒေါ့မွန်
ဟမ်းဘတ်	၂ - ၁	ကိုလုံး
ဖရိုင်းဘတ်	၂ - ၅	ဝါဒါဘရီမင်
လိုက်ပ်ဇစ်	၄ - ၀	ဒမ်စတက်

မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးတားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင် ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင် သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူ တစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုတွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါး အပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကြူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူး ကာလကို ဘေးကင်းစွာနှင့်ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖ များ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်း ဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ကျိုင်းလပ်မြို့ နမ့်ကိုင်းကျေးရွာ၌ ငွေကျပ်သိန်း တစ်ထောင်ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

တာချီလိတ် ဧပြီ ၁

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာ အုပ်စု နမ့်ကိုင်းကျေးရွာ တပ်စခန်းရှေ့၌ မတ် ၃၁ ရက် ည ၉ နာရီခန့်က ငွေကျပ် သိန်းတစ်ထောင်ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းလပ်မြို့နမ့်ကိုင်းကျေးရွာရှိ တပ်စခန်းရှေ့တွင် နယ်မြေခံတပ်ရင်း မှ ဗိုလ်ကြီးအောင်ရဲကျော် ဦးစီးသော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင် ရွက်နေစဉ် တာလေမြို့ဘက်မှ ကျိုင်းလပ်မြို့ဘက်သို့ ကျော်ဇေယျ မောင်းနှင်ပြီး နောက်မှ ဦးကျကော လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ကျောပိုး အိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ တန်ဖိုးငွေကျပ် သိန်းတစ်ထောင်ခန့်အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် ကျော်ဇေယျနှင့် ဦးကျကောတို့နှစ်ဦးအား မိုင်းပါလျှိုးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက် ထားရှိကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

လောင်းကစားပြုလုပ်သူအား လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိ

ဘားအံ ဧပြီ ၁

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်မျိုးကျော် ဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် လောင်းကစားသတင်းအရ ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ရှုခင်းသာ(၂)လမ်းနေ ဒေါ်ခင်ခင်မြင့်နေအိမ်အား မတ် ၃၀ ရက်က ဝင်ရောက်ရှာဖွေခဲ့ရာမှ ဒေါ်ခင်ခင်မြင့်အား နှစ်လုံးချဲထီ လောင်းကစားရာတွင် အသုံးပြုသည့် လောင်းကစားပစ္စည်းများ အပါအဝင် လောင်းကြေးငွေကျပ် ၂၄၇၀၀၀ တို့နှင့်အတူ ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဘားအံမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)

ညဉ့်အချိန် အိမ်ထဲသို့ ပုန်းလျှိုးဝင်ရောက်သူအား အမှုဖွင့်

ကျောင်းကုန်း ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျုံဖားရိုးအုပ်စု ကုန်းတန်း လေးရွာတွင် မတ် ၃၁ ရက် ည ၁၀ နာရီခန့်က ညဉ့်အချိန် အိမ်ထဲသို့ ပုန်းလျှိုးဝင်ရောက် ကျော်နင်းမှု ဖြစ်ပွားခဲ့သည်။

အမှုမှာ မတ် ၃၁ ရက် ည ၁၀ နာရီခန့်တွင် ကုန်းတန်းလေးရွာနေ ဦးထွန်းကြွယ်သည် နေအိမ်တံစက်မြိတ်အောက်ရှိ ခုတင်ပေါ်တွင် အိပ်ပျော်နေစဉ် နေအိမ်၏အတက်အဆင်း ပြုလုပ်ထားသော အိမ်မတံခါးပေါက်အား တွန်းဖွင့်သည့် အသံကြားရသဖြင့် အနီးအနားရှိ လက်နှိပ်ဓာတ်မီးယူပြီး နေအိမ်ပေါ်သို့တက်၍ ထိုးကြည့်ရာ ပန်းတောရိုးအုပ်စုရွာသစ်ကုန်းရွာနေ မြတ်မင်းအောင်ကို တွေ့ရှိခဲ့ သည်။

မြတ်မင်းအောင်သည် နေအိမ်ပေါ်မှတစ်ဆင့် ဆင်းပြေးလာစဉ် ၎င်းအားဝင်တိုက်၍ ဆက်လက်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ကြိမ်ငူကြီးဘုန်းကြီးကျောင်း နောက်ဘက်လယ်ကွင်းတွင်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြတ်မင်းအောင်အား ကျောင်းကုန်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

အမြန်လမ်း၌ ကင်တာမော်တော်ယာဉ် ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

နေပြည်တော် ဧပြီ ၁

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၂၂၇/၀ နှင့် ၂၂၇/၁ အကြား ရန်ကုန်ဘက်မှ -မန္တလေးဘက်သို့ ယာဉ်မောင်း သန်းဇော်လင်း မောင်းနှင်လာသော ကင်တာမော်တော်ယာဉ်မှာ ယနေ့နံနက် ၈ နာရီက ယာရှေ့ဘီးပေါက်ပြီး အရှိန် မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ် ရောက်ရှိ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ၁၁ ဦးအနက် ခြောက်ဦးမှာ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား ဘုရားတောင် အမြန်လမ်းရဲတပ်ဖွဲ့ပိုင်ကားဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်းအား အရေးယူထား ကြောင်း သိရသည်။

သန်းဦး (လေးမျက်နှာ)၊ ဓာတ်ပုံ (အမြန်လမ်းရဲတပ်ဖွဲ့)

အမြန်လမ်းမ၌ ကင်တာယာဉ်တိမ်းမှောက်နေသည်ကို တွေ့ရစဉ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်၇၀၁၊ClassicCondo၏ (ပထမထပ်) အခန်းအမှတ် ၂၉၊ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာရှိ(၁၂ ၁/၂)ထပ် Classic Condo အဆောက်အအုံ၏ ပထမထပ်၊ အခန်းအမှတ် ၂၉၊ အကျယ်အဝန်း (၁၂၈၈ဒသမ၉၄၈/ပ) အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သန်းကြည် ၁၂/ပဘတ(နိုင်)၀၂၆၅၄၇ထံမှ ကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက် အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)
စဉ်-၆၇၀၂

ရုံးခန်း(၁) အမှတ်၅၆၁၊ MACTower, အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ရုံးခန်း(၂)ယူနိုက်တက်ကွန်ဒို၊ အခန်း၂၀၇၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံ(၁)ကျောင်းရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

မွေးသက္ကရာဇ်အမှန်

မုဒုံမြို့နယ်၊ တောင်ပရွာနေ ဦးအောင်ပါ၏ သမီး ဒေါ်မြမြခိုင် ၁၀/မဒန(နိုင်)၀၃၄၂၉၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင် စာရင်းအရ(၂၁-၄-၁၉၆၉)ဖြစ်ပါကြောင်း။

အမည်မှန်

မုဒုံမြို့နယ်၊ ကလော့သော့ကျေးရွာ အထကမှ နဝမတန်း ဖြေဆိုထားသည့် ဦးအောင်ထိန်၏သား မောင်ကောင်းထက်၏ အမည်မှန်မှာ ကျောင်းဝင်စာရင်းအရ မောင်ကောင်းထက်လင်း ၁၀/မဒန(နိုင်) ၂၅၂၀၁၀ ဖြစ်ပါကြောင်း။

မောင်ကောင်းထက်လင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) သန်လျင်မြို့နယ်တရားရုံး ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၅

ဒေါ်ဇာဇာဖြူ	နှင့်	ဦးWJ ဖော့မစ်ချဲ
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်း ကျေးရွာနေ ဦးWJ ဖော့မစ်ချဲ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဇာဇာဖြူက ပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက် (၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေ ရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှု လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ချောစုလှိုင်)
မြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

ကမ္ဘာ့အေးစွန်းလွန်း သင်္ကြန်တရားစခန်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇-မိုင်၊ (၇)ရပ်ကွက်၊ သလ္လာဝတီလမ်း၊ ဦးလွန်းမောင်လမ်း သွယ်ရှိ ကမ္ဘာ့အေးစွန်းလွန်းဂူကျောင်း ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်တွင် ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့် ကျော်(၁)ရက်(ဗုဒ္ဓဟူးနေ့)မှ တန်ခူးလပြည့်ကျော် (၇)ရက်(အင်္ဂါနေ့)အထိ၊ ၁၂-၄-၂၀၁၇ရက်မှ ၁၈-၄-၂၀၁၇ရက်အထိ ကမ္ဘာ့အေးစွန်းလွန်းဆရာတော် ဦးဝရကိုယ်တိုင် တရားဟောကြား ပြသတော်မူ ပါမည်။

ကမ္ဘာ့အေးစွန်းလွန်းပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအဖွဲ့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/7270 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/7917 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အမှတ်(၃၁)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ဒုတိယအကြိမ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၉)လမ်း၊ အမှတ်(၁)နေ ဦးကျော်နိုင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြော်ငြာကို မြန်မာ့အလင်းသတင်းစာ၌ (၁၈-၁၂-၂၀၁၆)ရက်တွင် ပထမ အကြိမ်ကြေညာခဲ့သော်လည်း ထူးခြားမှုမရှိသည့်အတွက် ပိုမိုခိုင်မာစေရန် ဒုတိယ အကြိမ်ထပ်မံ၍ ကြေညာခြင်းဖြစ်ပါသည်။ အထက်ပါမြေကွက်သည် ဦးကျော် နိုင်စိုး တရားဝင်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်သောကြောင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ကျွန်ုပ်မိတ်ဆွေ ဦးကျော်နိုင်စိုး သည် ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ဦးကျော်နိုင်စိုးနှင့် တွေ့ဆုံဆွေးနွေး နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းတင့်
တရားလွှတ်တော်ရှေ့နေ-၂၀၂၀
အမှတ်-၅၈၈၊ ယုဇနလမ်း၊
ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ ခွန်လီလမ်း၊ အကွက်အမှတ် (၄/နောင်ယား-က)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၂၁၈)ဧကရှိမြေသည် ဦးဝင်းမောင်ပိုင်ဆိုင်ပြီး မိဘနှစ်ပါးဖြစ်သည့် ဦးပရဖား-ဒေါ်အညေးဇယ်(ခ) ဒေါ်အုန်းမေတို့က နှုတ်ကတိဖြင့် ဝယ်ယူနေထိုင်ခဲ့ပါသည်။ မိဘနှစ်ပါးကွယ်လွန်၍ အတူနေ ကျွန်မဒေါ်ရီစီက တစ်ဦးတည်းအမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန် ခဲ့ပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက် သည်။

ဒေါ်ရီစီ ၂/လကန(နိုင်)၀၀၀၄၃၂
နောင်ယား(က)ရပ်ကွက်၊ လှိုင်ကော်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၇ယ/၅၅၉၇၂ ယာဉ် လက်ဝယ်ရှိသူ - ဦးခွန်ကိုကိုလေးက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ(၁၅)ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာ ရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ကယားပြည်နယ်ရုံး(လွိုင်ကော်)

မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန် လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ဖြင့် နိုင်ငံ့တာဝန်အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့် ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစားဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/6188 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၂၀၂၂ Hino RU 3F SA, Bus (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးခင်ညို ၁၀/ခဆန(နိုင်)၀၃၀၀၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ် ကြာအင်းအုပ်စု၊ ကွင်းအမှတ် (၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇) တို့တွင်တည်ရှိသော မြေကွက်ကြီးအမှတ်(၈)၊ ဇုန်(၁)၊ ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန် (၁)၊ ဧရိယာ (၅)ဧက၊ (၁)ယူနစ်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ခွင့်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အမည်ပေါက်ဦးလှသိန်းအောင် ၈/ပခက(နိုင်)၀၉၀၀၈၀ ထံမှ ဝယ်ယူမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ) ၂၁၇၂
B.A (LAW), LL.B (Advocate), D.B.L, D.M.L, D.I.L, D.A.Psy.
WIPO, DL(101), (201), (317) Switzerland (Geneva).
အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၂၃၃၁၂၂၃၊ ၅၇၈၅၅၀၊ ၀၉-၈၆၁၆၇၆၅

စစ်တက္ကသိုလ် အမှတ်စဉ်(၃၅)ဗိုလ်လောင်းသင်တန်း (၂၃)နှစ်မြောက် နှစ်ပတ်လည်နေ့ ညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အမှတ်စဉ်(၃၅)ဗိုလ်လောင်းသင်တန်း၏ (၂၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိတ်ဆုံညစာစားပွဲအား ၈-၄-၂၀၁၇ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် အေးချမ်းသာဟိုတယ်(နေပြည်တော်) တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး မပျက်မကွက် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်မြို့မှ ၇-၄-၂၀၁၇ရက် ညနေ ၄နာရီနှင့် မန္တလေးမြို့မှ ၇-၄-၂၀၁၇ရက် ညနေ ၅နာရီတို့တွင် နေပြည်တော်သို့ Express ကားများ ထွက်ခွာပါမည်။

ဆက်သွယ်ရန်-
သိန်းဝင်း ဖုန်း-၀၉-၇၉၉၂၆၂၄၇၅၊
ပြည်စိုး ဖုန်း-၀၉-၅၀၀၆၄၆၄၊
ထွန်းလှမြင့် ဖုန်း-၀၉-၂၀၀၉၃၈၈

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၇)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ မင်းရဲကျော်စွာ(၃)လမ်း၊ အမှတ် (၁၀၂၄/က)ဟုခေါ်တွင်သော အလျား(၂၀ပေ)×အနံ(၆၀)ပေ မြေအမည်ပေါက်ဦးသောင်းဌေး မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းမင်းလတ် (ခ) ချစ်ဝင်းအောင် ၁၂/လသယ(နိုင်) ၀၅၅၃၁၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်အေးအေးမိုး(ခ)ဒေါ်မြမြအေး	**ဦးကျော်ဝင်းနိုင်(LL.B,D.B.L,D.I.T)**
၁၂/လသယ(နိုင်)၀၂၈၂၉၃	**အထက်တန်းရှေ့နေ (စဥ်-၃၆၆၁၂)**
တိုက်(၂၃)၊ အခန်း(၅)၊	**အမှတ်(၅၀၈)၊ ဗိုလ်ချုပ်လမ်း၊**
ရွှေလင်ပန်းအိမ်ရာ၊	**၁/၁၀ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
လှိုင်သာယာမြို့နယ်၊	**ရန်ကုန်တိုင်းဒေသကြီး**
ရန်ကုန်တိုင်းဒေသကြီး	**ဖုန်း-၀၉-၄၂၁၁၃၀၇၄၉**

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မရမ်းကုန်းမြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၉

ဦးအောင်ကျော်မိုး	နှင့်	ဦးမိုးပွင့် (Director) Hall Mark အထည်ချုပ်စက်ရုံ
တရားလို		**တရားပြိုင်**

တရားပြိုင် ဦးမိုးပွင့် Director (Hall Mark အထည်ချုပ်စက်ရုံ) အမှတ် (52/A)၊ စက်မှုဇုန် (၁) မြတောင်ဝန်ကြီးဦးမိုလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကျော်မိုးက အထည်ချုပ်စက်ပစ္စည်း ရောင်းဖိုးကျန်ငွေ ၈၅၀၀၀၀၀/-(ကျပ်ရှစ်ဆယ့်ငါးသိန်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁၁ ရက်) နံနက် ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(စုနန္ဒာစိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မရမ်းကုန်းမြို့နယ်တရားရုံး

အထွေထွေကိုယ်စားလှယ်စာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မအနေဖြင့် ဒေါ်အေးအေးမေ ၁၂/လမန(နိုင်)၁၄၆၁၂၈ အား ၃-၃-၂၀၁၄ ရက်တွင် အထွေထွေကိုယ်စားလှယ်စာအမှတ် ၆၄၆၅/၂၀၁၄ ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ဒေါ်အေးအေးမေသည် တာဝန်ဝတ္တရားများပျက်ကွက်နေသောကြောင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်စန္ဒာသက် ၁၂/ဥကမ(နိုင်)၀၀၉၃၉၇ ဖုန်း-၀၉-၂၅၀၈၉၉၄၁၁**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/3005 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ပျောက်ဆုံးကြောင်း

ROYAL HOUSE TRADING CO.,LTD. အမည်ဖြင့် ထုတ်/သွင်းကုန် IDNO 181016 29-9-16 ကညနသို့ ပေးရမည့်ချိပ်ပိတ်စာအိတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂သို့ ဆက်သွယ်ပါရန်။

၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

ဥပဒေ၏ပူးတွဲပါဇယားများ

(ယမန်နေ့မှအဆက်)

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ - အခွန်အကောက်	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ထောက်ပံ့ငွေရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ	ကြွေးမြီ - ချေးယူရငွေ	အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ	စုဆောင်းငွေမှရငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
၈	နိုင်ငံခြားရေး	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ			၁,၇၈၇.၀၀၀				၂၃.၁၄၂					၁,၈၁၀.၁၄၂
၉	သမ္မတရုံး	၎င်း												
၁၀	ပြည်ထဲရေး	၎င်း			၁၆,၉၅၀.၁၃၄						၆၆,၅၀၀.၀၀၀			၈၃,၄၅၀.၁၃၄
၁၁	ကာကွယ်ရေး	၎င်း			၇၃,၁၁၀.၄၀၀									၇၃,၁၁၀.၄၀၀
၁၂	နယ်စပ်ရေးရာ	၎င်း			၂၂၅.၁၀၆				၃,၅၅၅.၀၀၀					၃,၇၈၀.၁၀၆
၁၃	နိုင်ငံတော်အတိုင်ပင်ခံရုံး	၎င်း												
၁၄	ပြန်ကြားရေး	၎င်း			၁၅,၂၉၃.၂၀၃				၅၀၀.၇၂၀					၁၅,၈၀၈.၉၃၃
၁၅	သာသနာရေးနှင့်ယဉ်ကျေးမှု	၎င်း			၉,၈၆၀.၉၄၄			၂၈,၃၈၈.၈၉၀						၃၈,၂၄၉.၈၃၄
၁၆	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း	၎င်း			၄၄,၄၈၅.၈၀၆	၂၁,၈၀၆.၆၀၀		၄၀၈.၃၀၀	၁၂၄,၆၇၄.၉၃၁	၇၅,၇၀၁.၁၅၅	၃၂၅,၄၉၃.၄၃၂			၅၉၂,၇၇၄.၄၄၄
၁၇	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	၎င်း			၁၂၇,၄၆၆.၅၁၀				၃၈,၉၀၀.၂၇၂		၃၃,၈၁၅.၃၀၅			၁၉၉,၁၈၂.၀၈၈
၁၈	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၎င်း			၃,၄၀၀.၀၅၂				၂,၁၃၈.၇၃၃			၂၆,၈၁၅		၅,၈၁၅.၃၀၀
၁၉	လျှပ်စစ်နှင့်စွမ်းအင်	၎င်း			၁,၀၇၉.၉၁၃	၂,၈၂၂.၆၃၅		၃,၁၃၂.၄၈၅	၁,၂၉၀.၆၅၀	၁၀,၅၉၀.၇၂၂	၁၃၆,၈၇၃.၂၆၆	၁,၆၆၆.၂၄၀		၁၆၈,၈၀၆.၉၁၁
၂၀	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား	၎င်း			၃၀,၉၉၃.၈၁၄				၈၈၀.၀၀၀					၃၁,၈၇၃.၈၁၄
၂၁	စက်မှု	၎င်း			၁,၅၇၀.၀၇၉				၅၀၀.၄၅၀		၁,၁၈၅.၀၀၀			၃,၂၅၅.၃၂၉
၂၂	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၎င်း			၅,၆၇၂.၇၆၅			၆၉၁.၄၄၀	၅၇၉.၀၈၀			၆၂၈.၆၅၀		၇,၅၆၁.၉၃၅
၂၃	ပညာရေး	၎င်း			၂၀,၀၃၉.၇၆၈			၅.၀၀၀	၇၃,၂၉၇.၀၆၉		၅၂,၀၆၂.၉၇၅			၁၀၉,၃၀၄.၈၁၂
၂၄	ကျန်းမာရေးနှင့်အားကစား	၎င်း			၁၀,၀၂၀.၁၀၈			၃.၀၀၀	၂၁၀,၉၂၈.၈၄၂		၃၀,၅၀၃.၅၉၀			၂၅၁,၄၅၅.၄၈၀
၂၅	စီမံကိန်းနှင့်ဘဏ္ဍာရေး	၎င်း			၄၇,၆၅၈.၄၂၇	၄၇,၀၀၅.၀၇၀		၁.၂၀၀	၁၁၆,၀၁၄.၄၀၆	၁,၉၇၉.၇၂၂	၃၂၅,၂၇၀.၉၇၉			၅၃၈,၀၇၉.၄၂၄
၂၆	ဆောက်လုပ်ရေး	၎င်း			၅၄,၂၉၂.၄၀၆			၁၀၀.၀၀၀	၇၇,၉၉၀.၀၉၉		၁၈၁,၆၀၇.၄၄၄	၇,၂၈၈.၂၈		၃၂၀,၂၁၃.၈၈၇
၂၇	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	၎င်း			၄၆.၄၅၀		၉,၅၀၀.၆၇၆		၉၉၃.၂၂၅					၁၀,၅၄၀.၃၅၁
၂၈	ဟိုတယ်နှင့်ခရီးသွားလာရေး	၎င်း			၁၇,၉၆၉.၃၃၂				၃,၀၅၃.၅၆၀					၂၁,၀၂၂.၈၉၂
၂၉	တိုင်းရင်းသားလူမျိုးများရေးရာ	၎င်း												
၃၀	ပင်စင်လစာငွေများနှင့်ဆုငွေများ	၎င်း			၁၃၆.၀၂၆									၁၃၆.၀၂၆
၃၁	ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ	၎င်း												
	ပေါင်း		၆,၄၈၀,၀၀၈.၈၉၀	၅၁၀,၆၀၉.၈၇၇	၄၈၀,၉၈၄.၄၀၈	၇၀,၆၇၄.၉၀၅	၉,၅၀၀.၆၇၆	၃၃,၁၃၄.၄၀၅	၅၈၀,၃၅၃.၄၁၉	၈၉,၂၇၁.၄၄၉	၁,၀၆၄,၃၃၁.၈၁၂	၃,၀၅၀.၆၈၈		၉,၄၂၈,၈၉၀.၇၃၈

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၄)

(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ - သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ - ထုတ်ချေးငွေ	ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ	အဖွဲ့အစည်းများတွင်ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	နိုင်ငံခြားရေး	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ	၄၈,၆၇၄.၉၃၃		၃,၂၀၀.၀၀၀	၅,၃၇၃.၆၅၆					၅၇,၁၉၂.၅၈၉
၂	သမ္မတရုံး	၎င်း									
၃	ပြည်ထဲရေး	၎င်း	၂၉၃,၃၃၃.၄၆၉	၂,၀၄၃.၆၈၃	၆၅.၂၃၂	၁၀၂,၁၈၆.၂၅၅					၃၉၇,၆၂၈.၆၃၉
၄	ကာကွယ်ရေး	၎င်း	၁,၆၄၉,၆၅၀.၆၀၇	၄,၆၇၉.၁၃၃		၁,၂၅၀,၈၆၅.၂၉၄		၁၀,၂၃၂.၃၅၀			၂,၉၁၅,၄၂၃.၄၄၄
၅	နယ်စပ်ရေးရာ	၎င်း	၁၈,၉၁၇.၅၁၀		၁၂,၂၅၃.၇၇၃	၇၆,၄၃၀.၅၆၅					၁၀၇,၆၀၂.၈၄၈
၆	နိုင်ငံတော်အတိုင်ပင်ခံရုံး	၎င်း	၂,၀၀၉.၆၈၇			၂၆၀.၄၇၅					၂,၂၇၀.၁၆၂
၇	ပြန်ကြားရေး	၎င်း	၃၄,၈၀၆.၁၈၂	၁၅.၂၃၉	၂၀.၀၀၀	၅,၁၈၇.၃၈၄					၄၀,၀၃၈.၈၂၅
၈	သာသနာရေးနှင့်ယဉ်ကျေးမှု	၎င်း	၁၇,၈၉၇.၀၇၉		၄,၃၆၇.၈၉၇	၆,၀၅၆.၁၉၇					၂၈,၃၂၁.၁၇၃
၉	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း	၎င်း	၂၉၃,၅၄၄.၆၉၈	၂၆,၄၃၄.၀၇၃	၁၆၂,၆၇၃.၂၀၄	၄၃၂,၄၄၄.၇၅၅		၈၁,၀၁၇.၅၅၀			၁,၀၀၆,၁၁၄.၃၀၀
၁၀	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	၎င်း	၄၂,၈၂၉.၉၇၅	၁၁,၂၅၅.၂၇၃	၆,၂၂၇.၆၅	၈၉,၀၉၉.၀၁၅		၄,၂၂၂.၄၂၆			၁၄၉,၃၅၉.၄၂၈
၁၁	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၎င်း	၂၉,၀၁၂.၃၉၉		၄၁၅.၀၂၈	၂၀,၆၉၇.၈၂၆					၅၀,၂၂၅.၁၉၃
၁၂	လျှပ်စစ်နှင့်စွမ်းအင်	၎င်း	၄၀,၀၀၅.၇၀၉	၁၀,၆၁၆.၈၅၂		၃၅၄,၈၇၃.၂၇၄	၈၆.၅၀၅	၂၆,၆၅၅.၇၃၈			၄၃၂,၂၀၃.၉၁၈
၁၃	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား	၎င်း	၃၂,၇၀၅.၈၉၈		၆၈.၇၃၀	၃,၃၂၃.၃၈၇					၃၆,၁၀၈.၀၁၅
၁၄	စက်မှု	၎င်း	၈,၆၁၃.၂၅၈			၄,၆၈၄.၈၁၉					၁၃,၂၉၈.၀၇၇
၁၅	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၎င်း	၁၂,၃၃၄.၄၄၄	၃.၄၂၀	၁၂၄.၇၉၆	၉၄၈.၀၉၆			၃၀.၀၀၀		၁၃,၄၄၀.၆၇၃
၁၆	ပညာရေး	၎င်း	၁,၄၃၄,၄၃၂.၇၈၇	၇၁၀.၉၉၉	၁၂,၂၈၀.၈၂၆	၃၀၈,၇၀၈.၄၁၂					၁,၇၅၆,၀၄၀.၀၂၄
၁၇	ကျန်းမာရေးနှင့်အားကစား	၎င်း	၇၁၁,၉၀၉.၆၉၉	၅၉၀.၆၅၄	၃,၅၆၆.၈၈၄	၃၆၀,၀၃၃.၁၆၄					၁,၀၇၆,၁၀၀.၄၀၁
၁၈	စီမံကိန်းနှင့်ဘဏ္ဍာရေး	၎င်း	၂၇၈,၉၉၀.၀၂၀	၉၄၃,၆၅၈.၀၀၈	၄၁၂,၇၆၃.၁၁၆	၅၁,၁၈၅.၆၅၅	၂၉,၄၄၉.၅၀၀	၅၁,၄၇၅.၀၄၀	၁၃,၉၀၄.၀၆၃		၁,၇၈၇,၄၂၅.၄၀၄
၁၉	ဆောက်လုပ်ရေး	၎င်း	၁၀၇,၁၇၈.၁၅၅	၁၂၆.၀၄၄	၁၅.၆၄၁	၃၈၅,၆၂၀.၃၈၆			၂၅,၀၀၀.၀၀၀		၄၉၃,၉၁၀.၃၂၅
၂၀	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	၎င်း	၃၂,၈၁၆.၄၀၄		၃,၉၆၁.၂၇၄	၁၄,၈၉၀.၃၇၆					၅၁,၇၂၈.၀၅၄
၂၁	ဟိုတယ်နှင့်ခရီးသွားလာရေး	၎င်း	၆,၈၀၆.၄၀၄		၅၁၂.၁၅၅	၁၀၄.၈၅၄					၇,၄၇၃.၄၁၃
၂၂	တိုင်းရင်းသားလူမျိုးများရေးရာ	၎င်း	၂,၁၉၈.၀၇၁			၁,၄၀၃.၇၂၈					၃,၆၀၁.၇၉၉
၂၃	ပင်စင်လစာငွေများနှင့်ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ငွေများ	၎င်း	၅၉၆,၉၉၉.၅၀၀								၅၉၆,၉၉၉.၅၀၀
၂၄	ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ	၎င်း	၁၀၀,၅၀၀.၅၀၀								၁၀၀,၅၀၀.၅၀၀

ဆက်လက်ဖော်ပြပါမည်


'HAIR STYLE'
'One Way'

HTOO









ဗန်းစကားပြဿနာ (၆)

မောင်ခင်မင်(ဓနုဖြူ)

> “စာလုံးပေါင်းသတ်ပုံမှန်ကန်ဖို့အတွက် ရှေးက ကဗျာစာဆိုတွေကလည်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတယ်လေ။ ပျို့မော်ကွန်း၊ ချေင်း၊ ရတုစတဲ့ လေးလုံးစပ်ကဗျာတွေမှာ အသတ်တူတဲ့ စာလုံးချင်းကာရန်ယူပြီး ရေးခဲ့ကြတာ အားလုံးအသိပဲမဟုတ်လား”

“တစ်ခုမေးချင်လို့ပါ ဆရာကြီး”

“မေးလေ”

“အရင်အပတ်က ဆရာကြီး နောက်ဆုံးပြောတဲ့ အကြောင်းပါ။ ဗန်းစကားတွေသုံးတာက ဘာသာစကား ပျက်စီးလောက်အောင် မထိခိုက်ဘူး။ စာလုံးပေါင်းသတ်ပုံစည်းကမ်းတို့၊ သဒ္ဒါစည်းကမ်းတို့ တိမ်းချော်မှားယွင်းတာက ပိုအရေးကြီးတယ်။ အဲဒါကို ထိန်းသိမ်းကြဖို့လိုတယ်ဆိုတဲ့စကားပါ”

“ဒီတော့ ....”

“အဲဒီစကားကို သိပ်သဘောမပေါက်လို့ပါ ဆရာကြီး။ ဒါကြောင့် ထပ်ပြီးရှင်းပြပေးဖို့ ဆရာကြီးကို တောင်းပန်တာပါ။ သတ်ပုံတို့ ၊ သဒ္ဒါတို့က ဘာကြောင့် ပိုအရေးကြီးတာပါလဲ ဆရာကြီး”

“ဩော်... ဟုတ်ပြီ။ သတ်ပုံတို့၊ သဒ္ဒါတို့က ဘာသာစကားရဲ့ အခြေခံစည်းကမ်းတွေ မဟုတ်လား။ ပြီးတော့ စာလုံးပေါင်းသတ်ပုံစည်းကမ်းက ဗန်းစကားတွေလို တစ်မျိုးပြီးတစ်မျိုး ပြောင်းနေတာမဟုတ်ဘူးလေ”

“ဟုတ်ကဲ့ပါ”

“စာလုံးတစ်လုံးကို ခုပဲ ယပင်းနဲ့ရေးလိုက်၊ တော်တော်ကြာ ရရစ်နဲ့ရေးလိုက်၊ ခုပဲ တ - သတ်လိုက်၊ တော်တော်ကြာ ပ - သတ်လိုက်လုပ်နေရင် အဓိပ္ပာယ်တွေပါ အမျိုးမျိုးပြောင်းပြီး သုံးရတာခက်သွားမှာပေါ့ကွယ်”

“ဒီလိုတော့ ဟုတ်ပါတယ် ဘဘ”

“စာလုံးတစ်လုံးစီမှာ သတ်ပုံလိုက်ပြီး အဓိပ္ပာယ်ရှိတာလေ။ သားတို့သမီးတို့ သိသားပဲ။ ‘ထုတ်’နဲ့ ‘ထုပ်’ ပဲကြည့်။ အပြင်ထုတ်တာနဲ့ အထဲသွင်းတာ အဓိပ္ပာယ် မတူဘူးလေ”

“ဟုတ်ကဲ့”

“ဒီတော့ ‘ထုတ်လိုက်ပါ’ လို့ရေးတာနဲ့ ‘ထုပ်လိုက်ပါ’ လို့ရေးတာ အဓိပ္ပာယ်ဆန့်ကျင်ဘက်မဟုတ်လား။ အဲဒါကို မှားရေးရင် အဓိပ္ပာယ်ပါပြောင်းသွားမှာပေါ့”

“ဟုတ်ကဲ့ပါ”

“စာလုံးတိုင်း ဒီလောက်အဓိပ္ပာယ်ပြောင်းတာမဟုတ်ပေမယ့် စာရေးထုံးစည်းကမ်းပျက်သွားမှာပေါ့။ စာလုံးပေါင်းသတ်ပုံဟာ အခြေခံစည်းကမ်းတစ်ခုပဲလေ။ အဲဒီ အခြေခံစည်းကမ်းကိုမှ ဂရုမစိုက်ရင် ဘယ်ဖြစ်မလဲ”

“မှန်ပါတယ် ဆရာကြီး”

“ဒါကြောင့် စာလုံးပေါင်းသတ်ပုံမှန်ဖို့၊ တညီတညွတ်တည်းဖြစ်ဖို့ ရှေးမင်းလက်ထက်ကတည်းက အမိန့်တော်တွေထုတ်ပြီး ပြဋ္ဌာန်းခဲ့ကြတာ အစဉ်အလာပဲလေ”

“ဘယ်မင်းတွေပါလဲ ဘဘ”

“အထင်ရှားဆုံးက ကုန်းဘောင်ခေတ်မှာ ဗဒုံမင်းလို့ခေါ်တဲ့ ဘိုးတော်ဘုရားလက်ထက်မှာ စာလုံးပေါင်းသတ်ပုံ ထိန်းသိမ်းဖို့ အမိန့်တော်တွေ ထုတ်ပြန်ခဲ့တာ။ နောက်မင်းတွေလည်း ဆက်ပြီးထုတ်ပြန်ကြတယ်။ အဲဒီ အမိန့်တော်တွေကို လိုက်နာကြရတယ်”

“ဒါဆို အရေးကြီးတာပေါ့နော်”

“အဓိကကတော့ အားလုံးညီညီညွတ်ညွတ်ရေးဖို့ပဲ။ တစ်ယောက်တစ်မျိုးဖြစ်နေရင် စည်းကမ်းပျက်ကုန်မှာပေါ့။ ကဲ... မင်းတို့ အင်္ဂလိပ်စာသင်နေတာ။ စာရေးရင် Spelling ဆိုတဲ့ စာလုံးပေါင်းအမှားခံသလား”

“မှားလို့ မရပါဘူး ဆရာကြီး။ Spelling မှားရင် အမှတ်လျှော့ခံရပါတယ်”

“အဲဒီ သဘောပဲပေါ့။ မြန်မာစာလည်း စာလုံးပေါင်းမှားရင် အဓိပ္ပာယ်ပျက်သွားမှာပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီ မင်းတွေရဲ့အစဉ်အလာအတိုင်း နောက်ခေတ်တွေမှာလည်း အစိုးရတွေက စာလုံးပေါင်းသတ်ပုံညီညွတ်ဖို့ သတ်မှတ်ပြဋ္ဌာန်းကြရတာပဲလေ။ ခုဆိုရင် မြန်မာစာအဖွဲ့က ပြုစုတဲ့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းအတိုင်း လိုက်နာရေးသားဖို့ ၁၉၈၅ ခုနှစ်ကတည်းက အမိန့်ထုတ်ပြန်ထားတာလေ။ အဲဒီ အတိုင်း လိုက်နာရေးသားဖို့ တာဝန်ရှိတာပေါ့”

“ဟုတ်ကဲ့ပါ”

“တစ်ခုရှိတယ်။ သားတို့သမီးတို့လည်း မြန်မာစာသမားတွေပဲဟာ။ အဲဒီစာအုပ်ထဲက စာလုံးပေါင်းတွေဟာ ဝိဝါဒကွဲစရာတွေပါတာပဲ။ အရင်ကတည်းက ပညာရှင်တွေ အယူအဆမတူတဲ့ သတ်ပုံရေးထုံးတွေရှိတာပဲ။ တချို့က ယပင့် ကြိုက်တယ်၊ တချို့က ရရစ်ကြိုက်တယ်။ တချို့က တ - သတ်ကြိုက်တယ်။ တချို့က ပ - သတ်ကြိုက်တယ် ဆိုတာမျိုးတွေပေါ့”

“ဟုတ်လား ဘဘ”

“ဆိုပါတော့ကွယ် ‘တရုတ်’ကို အခု တ သတ်နဲ့ရေးပေမယ့် အရင်က ‘တရုပ်’ဆိုပြီး ပ သတ်နဲ့ ရေးတာတွေလည်းရှိတာပဲ။ ‘သီချင်း’ကို ’သီခြင်း’ လို့ ရေးခဲ့ကြတာပဲ။ နှစ်ဖက်စလုံးမှာ အထောက်အထားတွေရှိတာပဲ။ ဒါပေမယ့် ခုခေတ်မှာ ‘တရုတ်’၊ ‘သီချင်း’ လို့ တစ်ညီတည်းရေးနေကြပြီ မဟုတ်လား”

“ဟုတ်ကဲ့ပါ”

“မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းထဲက ရေးထုံးတချို့ကို ဘဘကိုယ်တိုင် ဘဝင်မကျတာတွေလည်းရှိတာပဲ။ ဒါပေမယ့် အားလုံးညီညွတ်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့အတိုင်းလိုက်နာပြီး ရေးဖို့ တာဝန်ရှိတာပေါ့။ ဒါမှ ကိုယ့်စာကို ထိန်းသိမ်းစောင့်ရှောက်ရာကျမှာပေါ့ကွယ်”

“ဟုတ်ပါတယ် ဆရာကြီး”

“တစ်ချိန်က ပညာရှင်ကြီးတွေ စာလုံးပေါင်းသတ်ပုံ ငြင်းတဲ့ ဆောင်းပါးတွေ တစ်ယောက်တစ်ပြန်ရေးခဲ့ကြတာ အများကြီးပဲ။ သူမှန်တယ်၊ ကိုယ်မှန်တယ်ပေါ့။ အဲဒီလိုဆိုတော့ အချိန်ကုန်ပြီး အကျိုးရှိသင့်သလောက် မရှိဘူးလေ။ စာလုံးပေါင်းသတ်ပုံ ငြင်းနေတာနဲ့ တခြားစာပေကိစ္စတွေ မလုပ်နိုင်ကြတော့ဘူးလို့ ဝေဖန်ကြတာတွေရှိတယ်။ ခုလိုပြဋ္ဌာန်းလိုက်တော့ ပြဿနာ ငြိမ်းတာပေါ့ကွယ်”

“နားလည်ပါပြီ ဘဘ”

“စာလုံးပေါင်းသတ်ပုံမှန်ကန်ဖို့အတွက် ရှေးက ကဗျာစာဆိုတွေကလည်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတယ်လေ။ ပျို့မော်ကွန်း၊ ချေင်း၊ ရတုစတဲ့ လေးလုံးစပ်ကဗျာတွေမှာ အသတ်တူတဲ့ စာလုံးချင်းကာရန်ယူပြီး ရေးခဲ့ကြတာ အားလုံး အသိပဲမဟုတ်လား”

“ဟုတ်ပါတယ် ဘဘ”

“ဆိုပါတော့။ ‘ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ် ဦးခိုက်’ ဆိုတဲ့အဖွဲ့ကို ကြည့်ရင် ‘ဝတ်’၊ ‘တတ်’ ၊ ‘နတ်’ ဆိုတဲ့ စာလုံးတွေကို တသတ်နဲ့ရေးရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါ ပါသွားတာပေါ့”

“ဟုတ်ကဲ့ပါ”

“သားတို့သိပြီးသားပါ။ ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့မှာ ‘သံဖြတ်သာအိန့်၊ ဤသို့ မိန့်၏၊ ကျော်ထိန့် အံ့ဖွယ်’ လို့ ဖွဲ့တာ ရှိတယ်”

“ဟုတ်ကဲ့”

“အဲဒီအဖွဲ့မှာ ထူးခြားတာက ‘အိန့်’၊ ကောင်းသည်၊ ‘မိန့်’ (မိန့်ကြားသည်) ၊‘ထိန့်(အသံ၊ ကျော်ကြားသည်) ဆိုတဲ့ စာလုံးသုံးလုံးကို ကာရန်ယူထားတာ။ လုံးကြီးတင် နသတ်နဲ့ ရေးတဲ့ စာလုံးဟာ မြန်မာစာပေထုံးမှာ ဒီသုံးလုံးပဲ ရှိတယ်ကွဲ့”

“ဩော် ... ဟုတ်ကဲ့ပါ”

“အဲဒီလို သုံးလုံးတည်းရှိတဲ့ ‘အိန့်၊ မိန့်၊ ထိန့်’ ကို ကဗျာထဲမှာ အဓိပ္ပာယ်လည်းရှိအောင် ကာရန်ယူပြီး ရေးဖွဲ့ခဲ့တဲ့ ရှင်မဟာရဋ္ဌသာရရဲ့စာလုံးပေါင်းသတ်ပုံနိုင်နင်းပုံက ချီးကျူးစရာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“ဒီစာလုံး သုံးလုံးမှတ်ထားရင် အဲဒီသတ်ပုံမများတော့ဘူးပေါ့။ နောက်ပြဿနာတစ်ခုက ယပင့်နဲ့ရရစ်ပဲ။ အသံတူတော့ မှားနိုင်တာပေါ့။ အဲဒါကိုလည်း စာဆိုတွေက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတယ်။ ကဗျာထဲမှာယပင့်နဲ့ရရစ် နီးနီးကပ်ကပ်ဖွဲ့တော့ ခွဲခြားပြီးမှတ်မိနိုင်တာပေါ့”

“ဘယ်လို အဖွဲ့မျိုးပါလဲဆရာကြီး”

“သားက ကျောင်းမှာမသင်ခဲ့ရဘူးလား။ ဆိုပါတော့ နတ်သျှင်နောင်က ‘ရင်ဩရွှေကျန်၊ ရွက်မမှန်တည့်၊ တကြန်နီမောင်း’လို့ဖွဲ့ထားတာမျိုးလေ၊ ‘ရွှေကျန်’က ကျန်နေတဲ့ အဓိပ္ပာယ်‘တကြန်’က အရောင်ဝါကြင်ကြင်ရှိတဲ့ အဓိပ္ပာယ်လေ။ ‘ကျန်’နဲ့‘ကြန်’ကို ခွဲပြထားတာလေ။ ပလိပ်စားချေင်းမှာလည်း ဦးဖျော်က‘ပုရွက်ပိုးခြ၊ မီးမှာချသို့’လို့ဖွဲ့တာမျိုး၊ ခြကောင်ကို ရရစ်နဲ့ရေးရတယ်၊ ပစ်ချတာကို ယပင့်နဲ့ ရေးရတယ်လို့ ခွဲခြားထားတာလေ။ အဲဒီလိုခွဲထားတာကို ‘ခွဲထား’ လို့ခေါ်တယ်”

“ဟုတ်ကဲ့ပါ”

“သာဓကပြစရာတွေတော့ အများကြီးပါပဲ။ အဲဒီလို ယပင့်နဲ့ ရရစ်ခွဲတဲ့အဖွဲ့တွေကို ‘ခွဲထား’လို့ခေါ်တာ သားတို့ သမီးတို့ သိမှာပါ”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ပြန်ချုပ်ရရင် စာလုံးပေါင်းသတ်ပုံ တညီတညွတ်တည်းဖြစ်ဖို့အတွက် အစဉ်အဆက်ထိန်းသိမ်းခဲ့ကြတဲ့ အစဉ်အလာကို တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတွေ၊ အစိုးရတွေနဲ့ စာဆိုတွေက ဂရုတစိုက် ဆောင်ရွက်ခဲ့ကြတာပါကွယ်။ ဒါကြောင့် စာလုံးပေါင်းသတ်ပုံထိန်းသိမ်းဖို့က တို့ပြောခဲ့တဲ့ ဗန်းစကားတွေသုံးတာမသုံးတာထက် ပိုပြီးဂရုစိုက်ရမယ့် အချက်တွေဆိုတာ မှတ်ထားပြီး ထိန်းသိမ်းကြပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“ကျေးဇူးတင်ပါတယ်ဆရာကြီး”

အရက်နှင့်အားဖြည့်အချိုရည်ကို ရောနှောသောက်သုံးခြင်းက သာမန်သောက်သုံးမှုထက် ပိုမိုအန္တရာယ်ရှိ

ကလျာမိုးမြင့်

အားဖြည့်အချိုရည်တွေကို အရက်နဲ့ ရောနှောပြီးသောက်သုံးနေကြခြင်းဟာ အန္တရာယ်ရှိတဲ့ပေါင်းစပ်မှုဖြစ်ပြီး မတော်တဆဖြစ်ရပ်များစွာနဲ့ ထိခိုက်ဒဏ်ရာရရှိမှုတွေဖြစ်ပွားစေဖို့ကို ဦးတည်နေတယ်လို့ ကနေဒါမှာရှိတဲ့ သုတေသနပညာရှင်တွေက သတိပေးခဲ့ကြပါတယ်။

အားဖြည့်အချိုရည် (Energy Drinks) တွေထဲမှာ ပါဝင်နေတဲ့ ကဖင်းဓာတ်ဟာ သောက်သုံးသူတွေကို ပိုမိုနိုးကြားတက်ကြွမှုဖြစ်စေပြီး အရက်ကိုလည်း သာမန်သောက်သုံးနေကျ ပမာဏထက်ပိုပြီး သောက်သုံးလာအောင် အားပေးနေတယ်လို့ ဆိုပါတယ်။ ဒီလို သောက်သုံးမှုကြောင့် အိပ်စက်ရာမှာလည်းပြဿနာရှိလာပြီး နှလုံးခုန်တာလည်းမြန်လာစေပါတယ်။ ဒီထက်ပိုပြီး သုတေသနပြုလုပ်ဖို့ကတော့ လိုအပ်နေသေးတယ်လို့ ဆေးပညာရှင်အဖွဲ့က ပြောကြားခဲ့ပါတယ်။

ဘီယာဆိုင်၊ စားသောက်ဆိုင်နဲ့ နေအိမ်တွေမှာ အရက်၊ဘီယာနဲ့ အရက်အပြင်းစားတွေကို အားဖြည့်အချိုရည်တွေနဲ့ရောနှောပြီး သောက်သုံးမှုဟာ တော်တော်လေးကို ပေါ်ပြူလာဖြစ်တဲ့ ပုံစံတစ်မျိုးဖြစ်နေပါတယ်။ ဒီအချိန်မှာ လတ်တလောပေါ်ထွက်လာတဲ့ သုတေသနပြုလေ့လာမှုရလဒ်က ကဖင်းပါဝင်မှုနှုန်းမြင့်တဲ့ အားဖြည့်အချိုရည်ကို အရက်နဲ့ရောနှောပြီး သောက်သုံးလိုက်တဲ့အခါ အရက်တစ်မျိုးတည်းကိုပဲ သောက်သုံးတာထက် အများကြီး အန္တရာယ်ရှိတယ်ဆိုတာကို ဖော်ထုတ်လိုက်ပါတယ်။

ရောနှောသောက်သုံးလိုက်တဲ့အခါ အချိုရည်မှာပါဝင်တဲ့ ကဖင်းဓာတ်ရဲ့ လှုံ့ဆော်မှုနဲ့ ဦးနှောက်ကို နှေးကွေးလေးလံစေတဲ့ အရက်ရဲ့သက်ရောက်မှုကြောင့် အချိန်ပိုမိုကြာမြင့်စွာ နိုးကြားတက်ကြွနေပြီး အရက်ကို ပိုမိုသောက်သုံးလာစေနိုင်ပါတယ်။

၁၉၈၀ ခုနှစ်ကနေ ၂၀၁၆ခုနှစ်အထိ ကနေဒါနဲ့ဗစ်တိုးရီးယားမှာ ပြုလုပ်ခဲ့တဲ့ လေ့လာမှု ၁၃ ခုကို ပြန်လည်သုံးသပ်လိုက်တဲ့အခါ လေ့လာမှု ၁၀ ခုမှာ အရက်နဲ့ အားဖြည့် အချိုရည်တွေကို ရော ပြီး သောက်သုံးခဲ့မှုနဲ့ အမြင့်ကနေပြုတ် ကျမှု၊ ခိုက်ရန်ဖြစ်ပွားမှုနဲ့ မတော်တဆ ထိခိုက်ဖြစ်ပွားမှုတွေ ပိုမိုဖြစ်ပွားခဲ့တဲ့ ဆက်စပ်မှုတွေရှိနေတာကို သုတေသီတွေက တွေ့ရှိခဲ့ကြပါတယ်။

ပြီးပြည့်စုံတဲ့ ရလဒ်တစ်ခုဖြစ်ဖို့ ဒီထက်ပိုမိုကြီးမားတဲ့ လေ့လာမှုတွေ လိုအပ်နေဆဲဖြစ်သော်လည်း အရက်နဲ့ အားဖြည့်အချိုရည်တွေကို ရောနှော သောက်သုံးနေခြင်းဟာ ကျန်းမာရေးကို ထိခိုက်စေခြင်း ရှိမရှိဆိုတဲ့ မေးခွန်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။လတ်တလောမှာတော့ အစားအသောက်စံနှုန်းသတ်မှတ်မှု အေဂျင်စီနဲ့ အဆိပ်ဖြစ်ပွားမှုဆိုင်ရာ ကော်မတီတွေက သက်သေအထောက်အထား ဒီထက်ပိုမိုထင်ရှားဖို့လိုအပ်နေတယ်လို့ဆိုခဲ့ပါတယ်။

အားဖြည့်အချိုရည်ထဲမှာ ကဖင်းဓာတ်ပမာဏများစွာပါဝင်နေပြီး ၂၅၀ မီလီဂရမ်ရှိတဲ့ အချိုရည်ဘူး တစ်ဘူးမှာဆိုရင် ကဖင်း ၈၀ မီလီဂရမ်လောက် အထိပါဝင်နေပါတယ်။ ၃၃၀ မီလီဂရမ်ရှိတဲ့ ကိုကာကိုလာ အချိုရည်တစ်ဘူးမှာဆိုရင် ကဖင်း ၃၂ မီလီဂရမ်ပါဝင်ပါတယ်။ ကဖင်းသကြားဓာတ်အမြောက်အမြား ပါဝင်ပြီး ဂလူကိုရိုနိုလက်တုန်း(glucuronolactone)၊ တော်ရင်းနဲ့ အခြားသောပါဝင်ပစ္စည်းတွေထည့်သွင်းထားပြီး တစ်ခါတစ်ရံ ဗီတာမင်နဲ့သတ္တုဓာတ်တွေပါတာမျိုးလည်းတွေ့ရတတ်ပါတယ်။ ကဖင်းဓာတ်ပါဝင်မှုများတဲ့ သောက်သုံးကုန်ဖြစ်တာကြောင့် အားဖြည့်အချိုရည်တော်တော်များများကို အသက် ၁၈ နှစ်အောက်အရွယ်များနဲ့ ကိုယ်ဝန်ဆောင်တွေ မသောက်သုံးဖို့ တားမြစ်ထားပါတယ်။**(ဘီဘီစီ)**

ခ ရီး သွား ဆောင်း ပါး

ရေတံခွန်အသစ်ဆီသို့ တစ်ခေါက် ....

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

နံနက် စောစော မန္တလေးမြို့မှ ထွက်လာသော်လည်း နွေရောက်ပြီမို့လားမသိ၊ ပူအိုက်နေသည်။ တောင်တန်း တောင်ကြောများကို ဖြတ်သန်းတိုက်ခတ်လာသောလေကြောင့် ရင်ကိုအေးမြလန်းဆန်းမှုဖြစ်စေသည်က အမှန်။ မန္တလေးမြို့မှ ပြင်ဦးလွင်ဘက် ကားလမ်းအတိုင်း မောင်းနှင်လာသော ကျွန်တော်တို့ မော်တော်ယာဉ်က တောင် အကွေ့အကောက်လမ်းများကြောင့် ဖြည်းဖြည်းသာ မောင်းနှင်လာသည်။

ကျွန်တော်တို့ခရီးစဉ်က မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်တော့မည့် ပြင်ဦးလွင်မြို့နယ်အတွင်းမှ အသစ်ဖော်ထုတ်လိုက်သည့် ခရီးသွားအပန်းဖြေနေရာတစ်ခုဖြစ်သော သုံးဆင့်ရေတံခွန်ဆီသို့ဖြစ်သည်။ အခုတလော ခရီးသွားများအကြား ရေပန်းစားလာသော သုံးဆင့်ရေတံခွန်သို့ ကျွန်တော်တို့ သွားရောက်နေခြင်းဖြစ်ရာ အမြန်ရောက်ရန်ထက် အန္တရာယ်မဖြစ်အောင်မောင်းဖို့ ယာဉ်မောင်းကို မကြာခဏ သတိပေးရသည်။

မန္တလေး-ပြင်ဦးလွင်ကားလမ်းကိုချဲ့ထားပြီး ကတ္တရာခင်းထားသဖြင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေကာ သွားလာရေးကောင်းမွန်လျက်ရှိသည်။ မန္တလေးနှင့် ပြင်ဦးလွင်က ၆၉ ကီလိုမီတာကွာဝေးသဖြင့် ခရီးကမဝေး။ မန္တလေးကအရှေ့ဘက်ထွက်လိုက်သည်နှင့် တောင်ကုန်းတောင်တန်းများကို ကွေ့ဝိုက်ဖောက်လုပ်ထားသည့် တောင်ပေါ်လမ်းဖြစ်သွားရာ မြင်ကွင်းလည်း ပြောင်းသွားသလို ရာသီဥတုကလည်း ပြောင်းလဲသွားသည်။ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၁၁၀၀ ကျော်တွင်ရှိသော ဒေသဖြစ်ရာ အေးမြမြရှိသဖြင့် နေထိုင်ရန် အဆင်ပြေသည်။

ပြင်ဦးလွင်မြို့နယ် ဧရိယာ အတွင်းသို့ ရောက်ရှိလာသော ကျွန်တော်တို့ ကျောက်ချော-ရဲရွာလမ်းကို ဖြတ်သန်းစဉ် ကျွန်တော်ကိုးတန်းကျောင်းသားအရွယ်က ကျောက်ချောရွာသို့ ရောက်ခဲ့ဖူးသည်များကို ပြန်သတိရမိသည်။ ကျွန်တော့်ဦးလေးဖြစ်သူနှင့်အတူ ကျောက်ချောရွာသို့ ငါးလေးခြောက်များ လာပို့ခြင်းဖြစ်ရာ ငါးနှင့် ငါးခြောက်ရှားပါးသော ကျောက်ချောရွာမှ အဘွားလေးတို့ ဝမ်းသာပျော်ရွှင်နေကြသည့် ပုံရိပ်များကို ပြန်မြင်ယောင်မိသည်။

ကျောက်ချော-ရဲရွာလမ်းအတိုင်း မောင်းနှင်လာသော ကျွန်တော်တို့မော်တော်ယာဉ်သည် မကျည်းအင်းရွာအနီးသို့ ရောက်ရှိလာခဲ့သည်။ ကျွန်တော်တို့ခရီးစဉ်က မကျည်းအင်းရွာအနီးတွင် တည်ရှိနေသော သုံးဆင့်ရေတံခွန်ဆီသို့ ဖြစ်ရာ ကျွန်တော်တို့နည်းတူ ရေတံခွန်သို့ လာရောက်ကြသည့် မော်တော်ယာဉ်အချို့ကိုလည်း တွေ့ရသည်။ လူလတ်ပိုင်းနှင့် လူငယ်ပိုင်းအများစုဖြစ်ရာ မန္တလေးမြို့နှင့် မနီးမဝေးတွင် တည်ရှိသည့် ရေတံခွန်လည်းဖြစ်၍ အချိန်တိုအတွင်း အလွယ်တကူ မော်တော်ယာဉ်ဖြင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလာမည့် နေရာတစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။

နာရီဝက်ခန့် လမ်းလျှောက်လာခဲ့ပြီးနောက် သုံးဆင့်ရေတံခွန်ရှိရာသို့ ရောက်ရှိခဲ့ကြသည်။ အဆင့်သုံးဆင့်ရှိသော ရေတံခွန်သည် ယခင်ကတည်းက တည်ရှိနေခဲ့သော်လည်း လူသိမများခဲ့။ ရေတံခွန်ကိုအခြေပြုပြီး မကျည်းအင်းရွာမှ ငွေကြေးတတ်နိုင်သူသုံးဦးက စုပေါင်းကာ အပန်းဖြေစခန်းအဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးစားကာ ပြင်ဆင်မှုများ၊ တည်ဆောက်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ရေတံခွန်သို့သွားရာ တောင်တက်လမ်းတစ်လျှောက် လှေကားထစ်များပြုလုပ်ထားသဖြင့် အဆင်း အတက်ပြုလုပ်ရာတွင် အဆင်ပြေသည်။ လိုအပ်သောသစ်သားတံတားများ၊ ဝါးတံတားများကိုလည်း တည်ဆောက်ပေးထားပြီး လာရောက်အပန်းဖြေသူများအတွက် သွားလာရေး စီစဉ်ဆောင်ရွက်ပေးထားသည်ဖြစ်ရာ ကလေး၊ လူငယ်၊ လူကြီးများအတွက် အခက်အခဲမရှိအောင် ပြုလုပ်ပေးထားခြင်း ဖြစ်သည်ကို တွေ့ရသည်။

ရေတံခွန်ဝန်းကျင်နေရာများအား သဘာဝအတိုင်း တည်ရှိစေပြီး လာရောက်အပန်းဖြေသူများအတွက် ပင်ကိုမူလ တောတောင်ရေမြေသဘာဝကို အရှိအတိုင်း၊ ပကတိအတိုင်းခံစားတွေ့မြင်နိုင်အောင် စီစဉ်ပေးထားသည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်က အရိုင်းဆန်စွာပင် တည်ရှိနေသည်ကို မြင်တွေ့ခံစားရသည်။ အဆောက်အအုံ တည်ဆောက်ခြင်းနှင့် လမ်း တံတားများပြုလုပ်ခြင်းများအတွက် လိုအပ်သော သစ်နှင့်ဝါးများကို အခြားနေရာမှ သယ်ယူကာဆောက်လုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် စီမံထားသည်ကိုလည်း သတိပြုမိသည်။

ရေတံခွန်ဆီသို့ သွားရာလမ်းတွင် သန့်စင်ခန်းများ ပြုလုပ်ပေးထားသဖြင့် အပန်းဖြေ လာရောက်သူများအတွက် ကျန်းမာရေးဆိုင်ရာကိစ္စများ အခက်အခဲမရှိ ဖြေရှင်းနိုင်အောင်လည်း စီစဉ်ပေးထားသည်ကိုတွေ့ရသည်။ လာရောက်သည့် ခရီးသွားဧည့်သည်များ နေရာစုံတွင် ကြည့်လိုက်တိုင်း သဘာဝဆန်သော မြင်ကွင်းနှင့် သစ်ပင်မျိုးစုံတို့ကိုတွေ့မြင်ရပြီး မြို့ပြ၊ ကျေးလက်ပုံရိပ်တို့ဖြင့် ကွဲပြားစွာခံစားရနိုင်ရေး စီစဉ်ပေးထားသည်ကို တွေ့မြင်ရသည်။

သုံးဆင့်ရေတံခွန်တွင် အပေါ်ဆုံး ရေတံခွန်သို့ တက်ရောက်ခဲ့သည်။ ကျွန်တော်တို့ရောက်ချိန်၌ လာရောက် အပန်းဖြေသူအချို့ရောက်ရှိနေပြီး အချို့က ရေတံခွန်နောက်ခံထားပြီး ဓာတ်ပုံရိုက်နေကြသူများ တွေ့ရသလို အချို့က ရေဆင်းကူးရန် ပြင်ဆင်နေကြသည်။ ရေတံခွန်သုံးဆင့်အနက် အပေါ်ဆုံး ရေတံခွန်စီးကျရာအောက်တွင် ရေအိုင်သဖွယ်ဖြစ်ပေါ်နေရာ ရေကူးလိုသူများအတွက် အကြိုက်တွေ့စရာပင် ဖြစ်နေသည်။

အပေါ်ဆုံးရေတံခွန်စီးကျနေရာတွင်ဖြစ်ပေါ်နေသော ရေအိုင်မှာအနက် ၁၂ ပေခန့်ရှိနေရာ ရေဆင်းကူးအပန်းဖြေသူများဘေးကင်းလုံခြုံရေးအတွက် အကူအညီပေးနိုင်မည့် အစောင့်နှစ်ဦးကိုလည်း စောင့်ကြည့်ကြီးကြပ်ရန် တာဝန်ပေးထားသည်။

ထိုသို့ တာဝန်ပေးစောင့်ကြည့်ခြင်းမှာ မှန်ကန်သော လုပ်ရပ်ဖြစ်သည်။ ရေကူးကျွမ်းကျင်သူများပင် အလေ့အကျင့်မရှိပါက ခြေကုန်လက်ပန်းကျခြင်း၊ ကြွက်တက်ခြင်းများ ရုတ်တရက် ဖြစ်ပေါ်တတ်သည်။ ရုတ်တရက် အမောဆို့သွားပြီး ရေနစ်တတ်ခြင်းလည်း ရှိနိုင်သည်ဖြစ်ရာ ကြိုတင်စီစဉ်ထားခြင်းဖြစ်၍ ကျေးဇူးတင်ရသည်။

ရေတံခွန်နှင့် မနီးမဝေးတွင် ဈေးဆိုင်အချို့ဖွင့်လှစ်ရောင်းချနေသည်ကို တွေ့ရသည်။ အများစုမှာ မကျည်းအင်းရွာမှဖြစ်ပြီး နောက်ပိုင်းခရီးသွားအပန်းဖြေသူများ လာရောက်မှုအပေါ်တွင်မူတည်၍ ဈေးဆိုင်များဖွင့်လှစ်သွားရန် အစီအစဉ်ရှိကြောင်း၊ သုံးဆင့်ရေတံခွန်ကို လူအများလာရောက်ရန် စိတ်ဝင်စားမှုများရှိစေရန် ကြိုးစားနေကြောင်း သိရသည်။

သုံးဆင့်ရေတံခွန်ဝန်းကျင်တွင် တောတောင်သစ်ပင်များရှိနေရာ တစ်ခါတစ်ရံ မြွေ၊ မျောက်နှင့် အခြားတိရစ္ဆာန်များ တွေ့ရကြောင်း၊ တောကြောင်နှင့် ရှဥ့်များလည်း တွေ့မြင်ရကြောင်း မကျည်းအင်းရွာခံအချို့က ပြောပြသည်။ ရေတံခွန်သို့ လာရောက်အပန်းဖြေရင်း တောရိုင်းတိရစ္ဆာန်နှင့် သတ္တဝါများကို တွေ့မြင်လေ့လာနိုင်သည့် အခွင့်အရေးရရှိနိုင်ကြသည်။

ရေတံခွန်အနီးဝန်းကျင်ကို လေ့လာကြည့်မိရာ သစ်ပင်အချို့ပေါ်တွင် မြင်တွေ့နေကျမဟုတ်သည့် အစိမ်းရင့်ရင့်နှင့် အနက်ရောင်ရောစပ်နေပြီး နှုတ်သီးကို ထင်ထင်ရှားရှား မြင်ရသည့် ကျေးငှက်အချို့ကို တွေ့ရသည်။ တစ်ဖန် ကိုယ်လုံးကိုယ်ထည် အရွယ်အစားသေးငယ်သော ငှက်အချို့ကိုလည်း တွေ့မြင်ရရာ ငှက်ကြည့် ဝါသနာရှင်များအတွက်လည်း ရေတံခွန်တွင် အပန်းဖြေရင်း ဝါသနာပါသည့် ငှက်ကြည့်ခြင်းကိုလည်း လေ့လာနိုင်သည်။

မန္တလေးမြို့အနီး ပုသိမ်ကြီးမြို့နယ် မင်ဂံရွာဘက်မှ သွားလျှင် အပန်းဖြေရေတံခွန်တစ်ခုရှိနေသလို ပြင်ဦးလွင်မြို့နယ်အတွင်း၌လည်း ပွဲကောက်ရေတံခွန်၊ ဓာတ်တော်ချိုင့်ရေတံခွန်တို့ ရှိနေသည်။ သွားရောက်အပန်းဖြေသူများလည်း ရှိနေကြသည်။ မန္တလေး-ရဲရွာ ကားလမ်းတစ်လျှောက်တွင် ခြောက်မိုင်အပန်းဖြေစခန်း၊ ခုနစ်မိုင် အပန်းဖြေစခန်းများ ရှိနေသည့်အပြင် နာမည်ကြီး ဒီးဒုတ်ရေပြာအိုင်လည်း ရှိနေရာ အလည်အပတ် အပန်းဖြေလေ့လာစရာကောင်းသည့် နေရာများပင်ဖြစ်သည်။

ယခုသုံးဆင့်ရေတံခွန်အပန်းဖြေစခန်းမှာ အသစ်ဖြစ်ရာ ခရီးသွားဧည့်သည်များ၊ အပန်းဖြေလိုသူများအတွက် ခရီးစဉ်သစ်တစ်ခု၊ နေရာသစ်တစ်ခုပင်ဖြစ်သည်။ ကျွန်တော်တို့ သုံးဆင့်ရေတံခွန်မှ ပြန်လာခဲ့ကြသည်။ အပန်းဖြေလာရောက်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အတတ်နိုင်ဆုံး ပြင်ဆင်ပေးထားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ခရီးစဉ်အသစ်၊ နေရာအသစ်များ ဖော်ထုတ်ရန်လိုအပ်နေသော မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ရေတံခွန်အပန်းဖြေနေရာသစ်တစ်ခု ထွက်ပေါ်လာခြင်းမှာ အချိန်ကိုက်ပင်ဖြစ်သည်။ ကျွန်တော်တို့ ပြန်လာချိန်တွင် ရေတံခွန်သို့ လာရောက်နေသူများကို တွေ့ရသည်။ သုံးဆင့်ရေတံခွန်ကလည်း လာရောက်သည့် ဧည့်သည်များကို ချမ်းမြေ့အေးချမ်းစွာ ကြိုဆိုနေသည်က အမှန်ပင်။ ။

အပန်းဖြေ လိုသူများအတွက် နေရာသစ်တစ်ခု ဖြစ်လာမည့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် မြို့နယ် မကျည်းအင်းရွာအနီးတွင် တည်ရှိသော သုံးဆင့်ရေတံခွန်ကို တွေ့ရစဉ်

အမေရိကန်နိုင်ငံသား မေ့ကျန်ခဲ့သည့်ဖုန်းအား တာဝန်သိပြည်သူနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ပိုင်ရှင်ထံပြန်လည်ပေးအပ်

နေပြည်တော် မေ ၁

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ရန်ကုန်) သို့ မတ် ၂၉ ရက် နံနက် ၁၁ နာရီခွဲခန့်က အမေရိကန်နိုင်ငံသား Mr Roderick Lizado က မတ် ၂၈ ရက် ည ၁၀ နာရီအခန့်က လသာမြို့နယ် ၁၉ လမ်းမှ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ်ရှိ Merchant Art Boutique ဟိုတယ်သို့ အငှားယာဉ် 6J/---- ကို ငှားရမ်းစီးနင်းစဉ် ၎င်းကိုင်ဆောင်သည့် Gopro Hero 5 အမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံး မေ့ကျန်ခဲ့သဖြင့် ကူညီစုံစမ်းရှာဖွေပေးရန် လာရောက်အကြောင်းကြားခဲ့သည်။

တာဝန်ရှိသူများက အဆိုပါ အငှားယာဉ်ပိုင်ရှင်အား လိုက်လံစုံစမ်းရှာဖွေခဲ့ရာ အငှားယာဉ်ပိုင်ရှင်မှာ ပန်းဘဲတန်းမြို့နယ် အမှတ် (၆) ရပ်ကွက်နေ ဦးမျိုးအောင်(၄၅)နှစ်ဖြစ်ကြောင်းသိရှိရပြီး ၎င်း၏အငှားယာဉ်ပေါ်တွင် မေ့ကျန်ခဲ့သည့်ဖုန်းကို သိမ်းဆည်းပေးထားကြောင်း စုံစမ်းသိရှိပြီးနောက် ညနေ ၅ နာရီခွဲတွင် တာဝန်ရှိသူများက အမေရိကန်နိုင်ငံသားထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကိုရဲ

လုပ်ငန်းခွင်ကျန်းမာရေး၊ လုပ်ငန်းစွမ်းဆောင်ရည်၊ စိတ်ဖိစီးမှုနှင့် စိတ်ကျရောဂါ

ထွန်းအောင်လှ
(လုပ်ငန်းခွင်ကျန်းမာရေး)

လုပ်ငန်းခွင်ဆိုသည်ကို စာရေးသူအနေဖြင့် လူတစ်ဦး၊ မိသားစုတစ်စုမှသည် လူများစွာအထိ လုပ်ငန်းများလုပ်ကိုင်နေကြသော မည်သည့်နေရာ ကိုမဆို လုပ်ငန်းခွင်ဟု သတ်မှတ်လိုပါသည်။ မိသားစုစားသုံးရန် ထမင်းဟင်းများချက်ပြုတ်နေသော အိမ်ရှင်မတစ်ဦးအတွက် ၎င်း၏လုပ်ငန်းခွင်သည် မီးဖိုချောင်ဖြစ်ပါသည်။ ဆံပင်ညှပ်ဆရာတစ်ဦးအတွက် ဆံပင်ညှပ်ဆိုင်သည် ၎င်း၏လုပ်ငန်းခွင်ဖြစ်သလို လယ်သမားဦးကြီးများအတွက် စပါးစိုက်ပျိုးရာ လယ်ကွက်သည်လည်းကောင်း၊ စပါးနယ်ရာ တလင်းပြင်သည်လည်းကောင်း အဆိုပါလယ်သမားကြီး၏ လုပ်ငန်းခွင်ပင်ဖြစ်ပါသည်။ ထို့အတူ စက်ရုံ၊ အလုပ်ရုံ လုပ်သားများအတွက် စက်ရုံ၊ အလုပ်ရုံသည်လည်းကောင်း၊ ကျောင်းဆရာတစ်ဦးအတွက် စာသင်ခန်းမသည်လည်းကောင်း၊ ဈေးရောင်းသူတစ်ဦးအတွက် ဈေးဆိုင်ခန်း၊ ဈေးရုံသည်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်း ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲစသည်တို့အတွက် ဆေးရုံ၊ ဆေးခန်း / ဓာတ်ခွဲခန်းသည်လည်းကောင်း၊ ရုံးဝန်ထမ်းများအတွက် ရုံးခန်းသည်လည်းကောင်း၊ စားသောက်ဆိုင်လုပ်သားများအတွက် ၎င်းတို့အလုပ်လုပ်ရာ စားသောက်ဆိုင်သည်လည်းကောင်းစသည်ဖြင့် ၎င်းတို့၏ လုပ်ငန်းခွင်များ အသီးသီးဖြစ်နေမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ လူသားတို့ အလုပ်လုပ်နေသော နေရာဒေသအားလုံးကို လုပ်ငန်းခွင်ဟု သတ်မှတ်နိုင်မည်ဖြစ်ပါသည်။

မည်သည့်အလုပ်ကို လုပ်ကိုင်ကြသည်ဖြစ်စေ လူတစ်ဦးချင်း လုပ်ငန်းစွမ်းဆောင်ရည်ကောင်းပါမှ လုပ်ငန်းများ အောင်မြင်နိုင်မည်ဟု ပညာရှင်များက ဆိုကြပါသည်။ ထိုကဲ့သို့ လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်စေရန်အတွက် အလုပ်လုပ်ကိုင်နေကြသော လုပ်ငန်းခွင်အသီးသီး၏ လုပ်ငန်းခွင်သာယာရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေးသည် အရေးကြီးဆုံးအရာဖြစ်လာပါသည်။

သို့သော် လူအများစုသည် ၎င်းတို့အလုပ်လုပ်ကိုင်နေသောနေရာများကို လုပ်ငန်းခွင်ကျန်းမာရေးနှင့် လိုက်လျောညီထွေစွာ ပြင်ဆင်ဆောင်ရွက်နိုင်စွမ်း မရှိကြပါ။ ကျန်းမာရေး ဗဟုသုတနှင့် ပြည့်စုံသော လူနည်းစုကသာ လုပ်ငန်းခွင်ကျန်းမာရေးနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်နေထိုင်တတ်ကြသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းခွင်ကျန်းမာရေးဟုဆိုရာတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုတို့ကို ဆိုခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ စိတ်ပိုင်းရုပ်ပိုင်းကျန်းမာကြံ့ခိုင်မှုနှစ်ရပ်စလုံး ပြည့်စုံကောင်းမွန်မှသာ လုပ်ငန်းခွင်တစ်ခုလုံး ပျော်ရွှင်သာယာမှု အပေါင်းနှင့်ပြည့်ဝနေမည်ဖြစ်ပါသည်။

လုပ်ငန်းခွင်အတွင်း ကျန်းမာရေးချူချာနေလျှင် လုပ်ငန်းအောင်မြင်မှုနှေးကွေးနေမည် ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးသည် အရေးကြီးပါသည်။ ကာယအလုပ်ကို လုပ်သည်ဖြစ်စေ၊ ဉာဏအလုပ်ကို လုပ်သည်ဖြစ်စေ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုသည် အရေးကြီးပါသည်။ “အာရောဂျံ ပရမံ လာဘံ” ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဆိုထားပါသည်။ ကျန်းမာပါမှ အလုပ်ကောင်းစွာလုပ်နိုင်ပြီး စီးပွားဥစ္စာရှာဖွေနိုင်မည်ဖြစ်ပါသည်။

ထို့အတူ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုသည်လည်း အရေးကြီးပါသည်။ ယနေ့ မျက်မှောက်ကာလတွင် လူပြောများလာသည့် စိတ်ဖိစီးမှုများသည် စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု အားနည်းစေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ စိတ်ဖိစီးမှုအလွန်များလွန်းလျှင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုကို ထိခိုက်စေနိုင်ပါသည်။ နာရီပေါင်းများစွာ မနိုင်မနင်း အလုပ်ကို ရုန်းကန် လုပ်ကိုင်နေရခြင်း၊ ဝန်နှင့်အား မျှတမှုမရှိခြင်း၊ ကျန်းမာရေးနှင့် မကိုက်ညီသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေရခြင်းနှင့် လုပ်ကိုင်နေသော လုပ်ငန်းကိရိယာများနှင့်လုပ်သားတို့ သဟဇာတမဖြစ်ခြင်းစသည်တို့သည် လုပ်သားတို့အား စိတ်ဖိစီးမှုကို ပိုမို၍ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် လုပ်ငန်းခွင်သို့ ဝင်ရောက်သည့်အခါ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု အပြည့်အဝရှိနေသင့်ပါသည်။ အလုပ်လုပ်နေသူ တိုင်းသည် လုပ်ငန်းခွင်အတွင်း ဖျတ်လတ်တက်ကြွနေရမည်ဖြစ်ပါသည်။ စိတ်ဖိစီးမှုများကို တတ်နိုင်သမျှ လျှော့ချသင့်ပါသည်။ စိတ်ဖိစီးမှုနှင့် ကျန်းမာရေးသည် အပြန်အလှန် အကျိုးသက်ရောက်နေပါသည်။ စိတ်ဖိစီးမှုများလျှင် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ပြီး စိတ်ဖိစီးမှုနည်းပါမှ ဖျတ်လတ်တက်ကြွပြီး အကြံသစ်၊ ဉာဏ်သစ်များ တိုးပွားနိုင်မည်ဖြစ်ပါသည်။ စိတ်ကူးစိတ်သန်းကောင်းများ ထွက်ပေါ်နိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဆက်လက်၍ ထိုးထွင်းကြံဆမှုဖြင့် လုပ်ကိုင်နိုင်သောကြောင့် မိမိတို့၏လုပ်ငန်းများ တိုးတက်အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်ပင် ဗြိတိသျှလုပ်ငန်းခွင်နှင့် ကျန်းမာရေးဆိုင်ရာညွှန်ကြားရေးမှူး ဒိန်းကာရီးလ်ဘလက် ဆိုသူက “မနက်ဖြန်လုပ်မည့် လုပ်ငန်းအစီအစဉ်များအတွက် ယနေ့ကျန်းမာကြံ့ခိုင်နေအောင် ပြင်ဆင်ထားရမည်” ဟု ဆိုခဲ့ဖူးသည်ကို လေ့လာမှတ်သားရပါသည်။ အဆိုပါစကားသည် အလွန်မှန်ကန်ပါသည်။ လုပ်ငန်းခွင်အတွင်း ကျန်းမာကြံ့ခိုင်ပါမှ လုပ်ငန်းများ တိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နောက်တစ်နေ့လုပ်ငန်းခွင်ဝင်လျှင် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေစေရန်အတွက် ယနေ့ကတည်းကပင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

ယခုအခါ၌ လူတို့အနေဖြင့် လုပ်ငန်းခွင်ငြီးငွေ့မှုနှင့် စိတ်ဖိစီးမှုများကို တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက် အားလပ်ရက်များအတွင်း အပန်းဖြေခရီးထွက်ခြင်း၊ အနားယူခြင်း၊ ဘုရားဖူးခရီးသွားခြင်း၊ တရားဘာဝနာပွားများခြင်း စသည့်ဖြေလျှော့နည်းတို့ဖြင့် ကျန်းမာကြံ့ခိုင်ရေးအလေ့အထများပြုလုပ်လာကြပါသည်။ စိတ်ရောကိုယ်ပါ အနားပေးခြင်းသည် စိတ်ဖိစီးမှုကို သက်သာစေနိုင်ပါသည်။ အကြံသစ်၊ ဉာဏ်သစ်များကိုလည်း တိုးပွားစေနိုင်ပါသည်။

သို့ပါသော်လည်း ယနေ့ကာလ၌ လုပ်ငန်းခွင်အသီးသီးတွင်အလုပ်လုပ်ကိုင်နေကြသော ကာယဉာဏလုပ်သားတို့အနေဖြင့် လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုများကို အနည်းနှင့်အများဆိုသလို ရင်ဆိုင်ခံစားနေကြရပါသည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၈)တွင် စာရေးဆရာ မောင်သောင်းဝင်း (တမန်ဟောင်း) ရေးသားသော “ဝန်ပိလာသော အောက်ခြေဝန်ထမ်းများ” ခေါင်းစဉ်ဖြင့် ဆောင်းပါးကို ဖတ်ရှုလိုက်ရပါသည်။ အဆိုပါ ဆောင်းပါးပါအချက်အလက်များသည် လက်တွေ့နယ်ပယ်၌ အမှန်တကယ်ဖြစ်ပေါ်နေသည်များကို သုံးသပ်ရေးသားထားသော လက်တွေ့ကျသည့် အမှန်တရားများဖြစ်ပါသည်။ အဆိုပါဆောင်းပါးမှ အချက်အလက်အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

“ယခင်က အစိုးရဝန်ထမ်းအားလုံးသည် ချောင်ချောင်လည်လည်နေနိုင်ကြသည်။ အိမ်ထောင်ဦးစီးဝန်ထမ်း တစ်ဦးသည် မိသားစုကို ဦးဆောင်နိုင်ကြသည်။ သား၊ သမီးများ၏ ပညာရေးအတွက် စိတ်မပူခဲ့ရပေ။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများအပြင် အိုစာ၊ နာစာကိုလည်း စုဆောင်းနိုင်ကြသည်။ အစိုးရဝန်ထမ်းတစ်ဦးသည် မချမ်းသာသော်လည်း မကျပ်တည်းခဲ့ပေ။ အထိုက်အလျောက် နေနိုင်ကြသည်။ အငြိမ်းစားဝန်ထမ်းတစ်ဦးသည်ပင်လျှင် ပင်စင်လစာဖြင့်ရပ်တည်နိုင်သည်။”

> **လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်နေကြသော ကာယ၊ ဉာဏလုပ်သား၊ ဝန်ထမ်းအသီးသီးတို့အား လုပ်ငန်းခွင်အတွင်း သာယာချမ်းမြေ့မှုရှိအောင် ပြုလုပ်ထားမှသာ အဆိုပါဝန်ထမ်းများ၊ လုပ်သားများသည် ၎င်းတို့၏ လုပ်ငန်းခွင်အတွင်းတွင် ပျော်ရွှင်ချမ်းမြေ့မှုရှိလာမည် ဖြစ်ပါသည်။ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ချမ်းမြေ့မှုရှိမှသာ လုပ်ငန်းများ တိုးတက်အောင်မြင်နိုင်မည်**

“မျက်မှောက်ကာလတွင် အိမ်ထောင်ဦးစီးဝန်ထမ်းတစ်ဦးသည် မိသားစုကို ဦးဆောင်နိုင်စွမ်းမရှိတော့ချေ။ လစာကို စနစ်တကျ ခြိုးခြံချွေတာသုံးစွဲမှုသာ လင်မယားနှစ်ယောက်စာ စားစရိတ်လောက်ကိုသာ လုံလောက်နိုင်မည်ဖြစ်သည်။ သားသမီးရှိလာလျှင် ကျောင်းစရိတ်သည် ခေါင်းခဲစရာပင်ဖြစ်သည်။ အလှူ၊ မင်္ဂလာဆောင် ဖိတ်စာများရောက်လာလျှင် အခက်တွေ့ကြရသည်။ ကျန်းမာရေးမကောင်းလျှင် အကြွေးတင်ကြသည်။ ပြည်ပနိုင်ငံများရှိ ဝန်ထမ်းများကဲ့သို့ ပင်လယ်ရပ်ခြား အပန်းဖြေခရီးသွားဖို့ရန်သည် မတွေးဝံ့သော အိပ်မက်ပင်ဖြစ်သည်။ ပြည်တွင်းရှိ ဘုရားများ၊ ပင်လယ်ကမ်းခြေများသို့ပင် မရောက်ဖူးကြပေ။ တချို့သော ဝန်ထမ်းများသည် မိဘဆွေမျိုးများထံသို့ပင် အလည်အပတ် မသွားနိုင်ကြပေ။ ကိုယ့်ဝမ်းနာကိုယ်သာ သိကြသည်။”

“-------- ဝန်ထမ်းအသီးသီးတွင် အခက်အခဲ ကိုယ်စီရှိနေကြပါသည်။ မိုးလင်း၊ မိုးချုပ်အချိန်ပြည့်ရုံးတက်နေရသော်လည်း လုပ်ငန်းတာဝန်များသည် ပြီးပြတ်သည်ဟူ၍ မရှိချေ။ လုပ်ငန်းများ မပြီးပြတ်ခြင်းသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကျဆင်းလာ၍ မဟုတ်ပေ။ သာမန်ရုံးချိန်အတွင်း မပြီးပြတ်နိုင်သော တာဝန်များ၊ လွန်ခဲ့သောဆယ်စုနှစ်လောက်က ကိန်းဂဏန်းအချက်အလက်များ၊ အစီရင်ခံစာများကို ခေါင်းစဉ်ပေါင်းစုံဖြင့် ပြန်လည်ပြုစုခိုင်းနေ၍သာ ဖြစ်သည်။”

“ထို့အပြင် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင်လည်း အချိန်ပိုတက်ကြရသေးသည်။ ဝန်ထမ်းများသည် ရုံးပိတ်ရက်တွင် တယ်လီဖုန်းမြည်မှာကိုပင် ကြောက်နေကြသည်။ အဝင်ဖုန်းအများစုသည် ရုံးမှခေါ်ခြင်းသာဖြစ်သည်။ လုံလောက်သောအနားယူခွင့်နှင့် စိတ်ထွက်ပေါက် ပေးထားသင့်သည်။”

“တချို့သော ရုံး၊ ဌာနအကြီးအကဲများသည် အောက်ခြေဝန်ထမ်းများ၏ အခက်အခဲကို လျစ်လျူရှုထားကြသည်။ “ငါကိုယ်တိုင် နောက်ကျမှ ရုံးဆင်းမယ်၊ မင်းတို့လည်း နောက်ကျမှ ရုံးဆင်း”လို့ ဆိုလေ့ရှိကြသည်။ နိုင်ငံတော်မှပေးထားသည့်ကားဖြင့် ရုံးဆင်း၊ ရုံးတက်လုပ်၊ အိမ်တွင်လည်း ကူဖော်လောင်ဖက်များခေါ်ထား၊ အရန်သင့်ပြင်ထားသည့် ထမင်းကိုစား၊ လျှော်ဖွပ် မီးပူတိုက်ပြီးအသင့်ပြင်ထားသော ဝတ်စုံကို ဝတ်ကြရသူများသည် အောက်ခြေဝန်ထမ်းများ၏ အခက်အခဲကို မသိကြပေ။”

“တချို့သောအောက်ခြေဝန်ထမ်းများ၊ အထူးသဖြင့် လင်မယားနှစ်ယောက်စလုံး ဝန်ထမ်းဖြစ်နေကြသူများသည် ရုံးကပြန်ရောက်မှသာ ချက်ပြုတ်၊ လျှော်ဖွပ်၊ မီးပူတိုက်စသည့် အိမ်မှုကိစ္စများ လုပ်ကြရသည်။ ထိုဝန်ထမ်းများသည် ရုံးဆင်းနောက်ကျလျှင် အခက်အခဲများစွာ ကြုံတွေ့ကြရသည်။ အိမ်တွင်လူမမယ်ကလေးများ ရှိနေမည်ဆိုလျှင် ထိုကလေးများသည် ထမင်းငတ်ကြမည် ဖြစ်သည်။ တချို့ကလေးများသည် မိဘများပြန်အလာကို မစောင့်နိုင်ဘဲ ရေသောက်၊ ဗိုက်မှောက်ပြီး အိပ်ရာဝင်သွားကြရသည်။ များစွာစိတ်မကောင်းဖွယ်ရာပင်ဖြစ်သည်။”

“ထို့အပြင် အောက်ခြေဝန်ထမ်းများသည် တစ်နေ့တခြားမြင့်တက်လာသော ကုန်ဈေးနှုန်းကို အမီမလိုက်နိုင်တော့ပေ။ ယခင်က နေ့စဉ်အသားဟင်းတစ်ခွက်လောက်စားနိုင်သော်လည်း လက်ရှိအချိန်တွင် အသားဟင်းကိုနပ်မှန်အောင် မစားနိုင်တော့ပေ။ အသား၊ ငါးထဲတွင်လည်း အသီးအရွက်ရောပြီး ချက်ပြုတ်စားသောက်လာကြရသည်။ အာဟာရပြည့်ဝမှုမရှိတော့ပေ။ သိမ်ငယ်စိတ်ဝင်လာကြသည်။ အထူးသဖြင့် မိမိလုပ်ငန်းအပေါ် ဂုဏ်ယူတန်ဖိုးထားတတ်မှု မှေးမှိန်လာသည်။ အချို့သော ဝန်ထမ်းများသည် အဂတိ လိုက်စားလာကြသည်။”

အဆိုပါ ဆောင်းပါးကို ရေးသားသော စာရေးဆရာ မောင်သောင်းဝင်း(တမန်ဟောင်း)အား အထူးပင်ကျေးဇူးတင်မိပါသည်။

လက်တွေ့နယ်ပယ်တွင် လုပ်ငန်းတာဝန်များကို အခြေခံမှုစ၍ အကောင်အထည်ဖော်ဆောင်ရွက်နေကြရသူများ၏ အခက်အခဲများကို သိရှိပြီး အဆင်ပြေအောင်ဖြေရှင်းပေးမှသာ လုပ်ငန်းခွင် သာယာချမ်းမြေ့မှုများနှင့်ပြည့်ဝမည်ဖြစ်ပါသည်။ ဝန်ပိနေသော လုပ်သားများ၊ ဝန်ပိနေသော ရုံးဝန်ထမ်းများသည် လုပ်ငန်းခွင်အတွင်း ပျော်ရွှင်မှုမရှိတော့ဘဲ စိတ်ဖိစီးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုသို့ဖြစ်ပေါ်လာပါက လုပ်ငန်းစွမ်းဆောင်ရည်ပါ ကျဆင်းလာမည်ဖြစ်ပါသည်။

လွန်ခဲ့သော သုံးနှစ်ခန့်က စာရေးသူသည် ရုံးဌာနတစ်ခုသို့ ညနေ ရုံးဆင်းခါနီးအချိန်တွင် ကိစ္စတစ်ခုဖြင့်ရောက်သွားခဲ့ရာ အမျိုးသမီးအရာရှိကြီးတစ်ဦးသည် ၎င်း၏အခန်းထဲတွင် ဝန်ထမ်းအချို့အား “ဝန်ထမ်းတွေက ညနေလေးနာရီခွဲခါနီးဆိုရင် ဖယ်ရီကားပေါ်ရောက်ကုန်ကြပြီ၊ ခိုင်းချင်ရင် မရှိတော့ဘူး၊ ငါတို့ဆိုရင် ညမိုးချုပ် ခုနစ်နာရီလောက်မှ ပြန်ရတာ၊ သူတို့က အိမ်ပြန်ဖို့လောက်ပဲ လုပ်နေကြတယ်” စသည်ဖြင့် ဆူပူပြောဆိုနေသည်ကို နားဖြင့် ဆတ်ဆတ်ကြားခဲ့ရဖူးပါသည်။

အဆိုပါ အရာရှိကြီးသည် စာရေးဆရာ မောင်သောင်းဝင်း (တမန်ဟောင်း)၏ ဆောင်းပါးထဲကကဲ့သို့ပင် နိုင်ငံတော်မှ ပေးထားသော ရုံးကားကို ကိုယ်တိုင်ကားမောင်းပြီး ရုံးတက်၊ ရုံးဆင်း လုပ်နေသူဖြစ်သဖြင့် ဖယ်ရီကားစီးရသော အောက်ခြေဝန်ထမ်းများ၏ အခက်အခဲကို ကိုယ်ချင်းစာစိတ်မရှိဘဲ ပြောဆိုခြင်းဖြစ်နိုင်ပါသည်။

လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်နေကြသော ကာယ၊ ဉာဏ လုပ်သား၊ ဝန်ထမ်း အသီးသီးတို့အား လုပ်ငန်းခွင်အတွင်း သာယာချမ်းမြေ့မှုရှိအောင် ပြုလုပ်ထားမှသာ အဆိုပါဝန်ထမ်းများ၊ လုပ်သားများသည် ၎င်းတို့၏လုပ်ငန်းခွင် အတွင်းတွင် ပျော်ရွှင်ချမ်းမြေ့မှုရှိလာမည် ဖြစ်ပါသည်။ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ချမ်းမြေ့မှုရှိမှသာ လုပ်ငန်းများ တိုးတက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ စိတ်ဖိစီးမှုများကင်းစင်သော လုပ်ငန်းခွင်များကို ဖန်တီးပေးထားမှသာ လုပ်သားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ချမ်းမြေ့နိုင်မည် ဖြစ်ပါသည်။ လုပ်သားများအနေဖြင့် လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုများပြားလာပါက လုပ်ငန်းခွင်ပျော်ရွှင်မှုကင်းမဲ့လာပြီး နောက်ဆုံးတွင် စိတ်ကျဝေဒနာခံစားရသည်အထိ ဖြစ်စေနိုင်ပါသည်။

ဤဆောင်းပါးကို ရေးသားနေစဉ်ကာလအတွင်း၌ နိုင်ငံခြားသတင်းတစ်ခုတွင် စင်ကာပူနိုင်ငံမှ ကုမ္ပဏီအချို့သည် ၎င်းတို့ဝန်ထမ်းများ၏ လုပ်ငန်းခွင်သာယာပျော်ရွှင်ရေးအတွက် အစီအစဉ်များပြုလုပ်ပေးနေသည့် သတင်းကိုကြည့်ရှုလိုက်ရပါသည်။ ဤကဲ့သို့ ပြုလုပ်ပေးခြင်းဖြင့် အဆိုပါကုမ္ပဏီမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာကြောင်းလည်း ပြသသွားပါသည်။

မိမိတို့၏ လုပ်သားများ၊ ဝန်ထမ်းများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရန် အထူးလိုအပ်ပါသည်။ ၎င်းတို့၏ စိတ်ဓာတ်မြင့်မားရန်အတွက် ၎င်းတို့အလုပ်လုပ်ကိုင်ရာ လုပ်ငန်းခွင်အသီးသီးကို လုပ်ငန်းခွင်ကျန်းမာရေးနှင့်ပြည့်စုံနေစေရန် စီမံပေးထားရပါမည်။ သို့မှသာ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ချမ်းမြေ့မှုရှိလာကာ လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားလာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကာယ၊ ဉာဏ လုပ်သားအသီးသီးအပါအဝင် ပြည်သူအပေါင်းအနေဖြင့် မိမိတို့၏သက်ဆိုင်ရာ လုပ်ငန်းခွင်များအတွင်း စိတ်ဖိစီးမှုများ၊ စိတ်ကျဝေဒနာများ၊ လုပ်ငန်းခွင်မပျော်ရွှင်မှုများကင်းဝေးပြီး လုပ်ငန်းခွင် အသီးသီးတွင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန်အတွက် လုပ်ငန်းခွင်ကျန်းမာရေးကို အထူးအလေးထားဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

မော်တော်ဆိုင်ကယ်နှင့် ထိခိုက်ဒဏ်ရာ အန္တရာယ်

အရိုးဆရာဝန်တစ်ဦး

မကွေးဆေးတက္ကသိုလ်ဆေးရုံကြီးတွင် တာဝန်ကျစဉ်က ဖြစ်သည်။ အသက် ၈၀ ကျော် အမယ်အိုတစ်ယောက် ဆိုင်ကယ်ဝင်တိုက်မိ၍ ဦးခေါင်းထိခိုက်ဒဏ်ရာဖြင့် သတိရ တစ်ချက်မရတစ်ချက် ဖြစ်နေသည်။ ဝမ်းဗိုက်အတွင်း အသည်း ထိခိုက်သောလက္ခဏာလည်း တွေ့ရှိရသည်။ ဝဲဘက်ပေါင် ကျိုးသည်။ အသက်က ၈၀ ကျော်ဆိုတော့ မခံနိုင်ရှာ။ အနားမှာပါလာသည်ကအသက် ၅၀ ကျော်အရွယ် အဒေါ် တစ်ဦး။ ဆိုင်ကယ်နှင့် တိုက်မိသောလူငယ်၏ အမေတဲ့။ တာဝန်ကျေအောင်လာ၍ ပြုစုပါသည်တဲ့။ သားကရောဟု မေးတော့ အချုပ်ခန်းထဲမှာတဲ့။

သေသေချာချာမေးကြည့်တော့ သားလုပ်သူက ပူဆာလွန်းမက ပူဆာ၊ ဆိုင်ကယ်စီးချင်လှချည်ရဲ့ဆိုတော့ နေစရာအိမ်ဝိုင်းလေးတစ်ခြမ်းပေါင်၍ ဆိုင်ကယ်ဝယ်ပေးပါသတဲ့။ ဘယ်လိုင်စင်ဘီးဖြစ်လိမ့်မတဲ့တုန်း။ တောနယ်ပါဆိုတော့လည်း လိုင်စင်မဲ့ပေါ့။ သူသူကိုယ်ကိုယ်လည်း ဒီလိုလည်းစီးနေကြတာ။ ဝယ်ပြီးလို့မှ နှစ်ရက်ရှိသေး။ အဘွားအိုကိုဝင်တိုက်ပါလေရော။ အခုတော့အဘွားအိုခမျာ ဘဝပြောင်းရှာ။

ကျန်ခဲ့သောတစ်ဖက်လူမှာ လူကအချုပ်ထဲ ၊ဆိုင်ကယ်က အသိမ်းခံရ။ အိမ်ဝိုင်းတစ်ခြမ်းက ရောင်းပြီးနေပြီ။ အမေလုပ်သူမှာ အရှုးမီးဝိုင်းမျက်ရည်နှင့်မျက်ခွက်။ ဒီလိုအဖြစ်မျိုးက များစွာ။ များစွာ။

ခေတ်ကာလ၏တောင်းဆိုမှု၊ တီထွင်ဖန်တီးမှုကြောင့်လည်း လှည်းခေတ်လှေခေတ်မှ စက်ဘီးခေတ်၊ ထိုမှ မော်တော်ဆိုင်ကယ်၊ မော်တော်ကားများ ပေါ်ပေါက်လာကြသည်။ အချိန်ကိုချုံ့၍ ခရီးကိုရှည်နိုင်လာသည်။ လမ်းကျယ်၊ လမ်းမ၊ လမ်းကြို ၊ လမ်းကြား၊ တောတောင်၊ လယ်ယာက အစသွားလာနိုင်သည်။ စက်ဘီးမြို့တော်ဟု ခေါ်ခဲ့သော မန္တလေးတွင် ဆိုင်ကယ်အစီးရေက တစ်သန်းကျော်သည်။ အနည်းဆုံးတော့ တစ်အိမ်တစ်စီး။ နေပြည်တော်၊ မကွေး၊ မုံရွာ၊ ပုသိမ်၊ တောင်ကြီး အရပ်ရပ်တွင် ဆိုင်ကယ်တွေက ပေါမှပေါ။

လိုင်စင်ဆိုင်ကယ်အစစ်ရှိသလို လိုင်စင်မဲ့ဆိုင်ကယ်တွေကလည်း တောရာမြို့ပါ။ အလွန်စည်းကမ်းတင်းကျပ်သော မြို့ပြများမှလွဲ၍ ကျန်သောဒေသများတွင် စည်းကမ်းလိုက်နာမှု အားနည်းလှသည်။ စက်ဘီးစီးသလိုစီးသည်။ ကွေ့ခါနီး လက်ပြ၍ ကွေ့သည်။ နောက်လှည့်ကြည့်ပြီး ကွေ့သည်။ နောက်ကြည့်မှန်တပ်မထား။ ဆိုင်ကယ်ဦးထုပ်ကမဆောင်း၊ ဒီကြားထဲအံ့ဖွယ်သုတ ၄-၅-၆ ယောက် ဘုစုခရုများနှင့် ခရီးနှင်သည်။ ညပိုင်းများ မီးမထိုးဘဲ မောင်းသည်။ (မီးမှမပါတာ)။ လမ်းပြောင်းပြန်မောင်းသည်။ ဆရာဝန်အမြင်နှင့် ပြောရလျှင်တော့ အသက်နှင့် လောင်းကြေးထပ်ကာ ဆိုင်ကယ်မောင်းနေသည်ဟု ထင်မိသည်။

ဆိုင်ကယ်မြို့တော် မန္တလေးတွင်အရေးပေါ်နှင့် ထိခိုက်ဒဏ်ရာများကို အရိုးဆရာဝန်အင်အားစုများက မန္တလေးဆေးရုံကြီး အရိုးထိခိုက်ဒဏ်ရာဌာနတွင် ၂၄ နာရီ မနားတမ်း ကုသပေးနေသည်။ မပြီးမပြတ်သောလူနာများကို ၆၂ လမ်း၊ မြို့သစ် အရိုးအထူးကုဆေးရုံကြီးတွင် ထပ်မံ၍ ကုသပေးသည်။ ၆၂ လမ်း အရိုးအထူးကုဆေးရုံကြီးက ကျောရိုးဆိုင်ရာ ခွဲစိတ်ကုသမှုများ ၊အရိုးပွ၍ ကျိုးသောလူနာများ ၊ အဆစ်အစားထိုး ခွဲစိတ်ကုသမှုများ၊ အရိုးပြည်တည်နာများ၊ အရိုးကင်ဆာဝေဒနာများအပြင် မန္တလေးဆေးရုံကြီးမှ လွှဲပြောင်းလာသော အကြီးစားထိခိုက်ဒဏ်ရာများကိုလည်း ကုသနေရသည်။ ဥပမာဆိုသော် အရိုးဆေးရုံကြီးမှာ အခြေချတပ်ရင်း၊ မန္တလေးဆေးရုံကြီးရှိ ထိခိုက်ဒဏ်ရာဌာနမှာ ရှေ့တန်းစစ်မျက်နှာ။

ထိခိုက်ဒဏ်ရာ စာရင်းဇယားများ ပြန်ကြည့်သောအခါ ၂၀၁၃ ခုနှစ်တွင် ၅၈၇၃ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၇၀၁၁ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၇၈၅၃ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၉၃၂၉ဦး ထိခိုက်ဒဏ်ရာရသည်။ ခွဲစိတ်ခန်းဝင်၍ ခွဲစိတ်ကုသရသူဦးရေမှာ ၂၀၁၃ ခုနှစ်တွင် ၄၂၇၀၊ ၂၀၁၄ ခုနှစ်တွင် ၅၁၂၇ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၅၇၄၁ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၆၈၂၀ ရှိသည်။

ထိခိုက်ဒဏ်ရာဌာနလူနာများ၏ ၆၀ ရာခိုင်နှုန်းသည် မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်နေသည်။ မော်တော်ဆိုင်ကယ်က လူကိုတိုက်ခြင်း၊ ဆိုင်ကယ်အချင်းချင်းတိုက်ခြင်း၊ ဆိုင်ကယ်နှင့်ကား၊ မိမိဘာသာတိမ်းမှောက်ခြင်း၊ အကြောင်းများစွာ။ နေပြည်တော်၊ မကွေး ၊ မုံရွာ၊ ပုသိမ်မှ ထိခိုက်ဒဏ်ရာ ဆရာဝန်များထံ စေ့ငုကြည့်တော့လည်း ဆိုင်ကယ်မှဆိုင်ကယ်။ ဟားခါးက အရိုးဆရာဝန်ဆို စာလေးတောင်ရွတ်ပြသွားသေး။ "ဟားခါးခေါင်ရည်ချိုမြမြ တစ်ခွက်လောက်သောက်လျှင် ချောက်ထဲကျ"တဲ့၊ ထိခိုက်ဒဏ်ရာ မရှိပါသတဲ့၊ တစ်ခါတည်း ပွဲပြီးသတဲ့။

ကျွန်တော်က ဆိုင်ကယ်ခရေဇီဖြစ်သည်။ စူပါကပ်၊ လော်ဂျား၊ စကူပီ၊ ဒို၊ ဒီတီ၊ ဂျမ်ပါ၊ ဟာလေဒေးဗစ်ဆန်၊ ယာမဟာ၊ ဆူဇူကီး ကြိုက်သည်။ ဆိုင်ကယ်ပြိုင်ပွဲများ၊ ဆိုင်ကယ်စတန့်များ၊ အခက်အခဲပြိုင်ပွဲများ ကြိုက်သည်။ ကံအားလျော်စွာ အရိုးဆရာဝန်ဖြစ်တော့ ဆိုင်ကယ်စီးတိုင်း ဦးထုပ်ဆောင်း၊ မေးသိုင်းကြိုးတပ်ဖြစ်သည်။ ထိခိုက်မှာ ကြောက်သကိုး။ စေ့စေ့တွေးတော့ ဆိုင်ကယ်စီးရသည်မှာ ခံဘက်ကချည်း ဖြစ်သည်။ ကိုယ်ကပဲတိုက်တိုက်၊ ကိုယ့်ကပဲ တိုက်ခံရခံရ၊ ကိုယ့်ဘက်က ကျိုးဖို့သေချာသည်။ ခေါင်းကွဲနိုင်သည်။ လည်ပင်းရိုးကျိုးနိုင်သည်။ လက်ကျိုးနိုင်သည်။ ဒူးကွဲနိုင်သည်။ ခြေကျိုးနိုင်သည်။ ပွင့်ကျိုးကျိုးလျှင် (Open fracture) ကုပေရော့။ မသန်မစွမ်း ဖြစ်နိုင်သည်။

ကြည့်လိုက်တော့ ဆိုင်ကယ်နှင့် ထိခိုက်ဒဏ်ရာရသူတွေမှာ လူငယ်၊ လူရွယ် လုပ်နိုင်ကိုင်နိုင်တွေ၊ ရှေးစကားနှင့် ပြောရလျှင် ကုန်လုပ်စွမ်းအားစုလုပ်သားများ။ ထိခိုက်မိတော့ ရုံးရောက်၊ အမှုရင်ဆိုင်ရ မိသားစုက လိုက်ပြုစုရ၊ ငွေကုန်ကြေးကျများရသည်။

တစ်ခါတလေစိတ်အချဉ်ပေါက်လာလျှင် "ကံကောင်းလို့ ကျိုးတာ" ဟု ပြောမိသည်။ လူနာတွေက မျက်လုံးပြူးလို့၊ ဟုတ်သည်လေ၊ ခေတ်ကာလသားသမီးများ "အသေပူသည်၊ အသေစပ်သည်"တဲ့ ၊ သဘောကျလျှင် "အသေကြိုက်သည်" တဲ့၊ ခုလဲမောင်းတော့ "အသေမောင်းတာ" မဟုတ်လား။ ကံကောင်းလို့ ကျိုးရုံပဲကျိုးတာ။ The Voice Daily အယ်ဒီတာက ရေးဖူးသည်။ "အသံထွက်လူသတ်သမား" တဲ့။

ပြည်ပနိုင်ငံသားတွေနှင့်တွေ့တော့ အရိုးရောဂါများကို ဆွေးနွေးရသည်။ အရိုးရောဂါမှာ ထိခိုက်ဒဏ်ရာ ပမာဏက ပြောပလောက်အောင် များသည်။

သူများတွေရှေ့မှာ ကျွန်တော်တို့လူမျိုးက စည်းကမ်းမလိုက်နာ၊ ကိုယ့်ကိုကိုယ်တန်ဖိုးမထား၊ အဆိုးအကောင်းမှန်းမသိ၊ ကာကွယ်နိုင်တာတောင် မကာကွယ်တဲ့လူမျိုးပါဟု အထုတ်ဖြေပြနေရသလို ဖြစ်နေသည်။ ကြာလာတော့ တင်ပြရမှာ ကြောက်လာသည်။ ကဲ ....ဘယ်လိုလုပ်ကြမလဲ။

အရိုးဆရာဝန်များအနေဖြင့် ဆေးကုရုံနှင့်မပြီးတော့။ တစ်နေ့ ၂၄ နာရီမှာ လူနာဦးရေက ၃၀ ကျော်နေသည်။ တစ်နာရီတစ်ယောက်နှုန်း မကတော့။ ထိခိုက်ဒဏ်ရာ နည်းအောင်လုပ်မှ ဖြစ်တော့မည်။ ဖြစ်နိုင်လျှင်တော့ ဆိုင်ကယ်အားလုံး စည်းနဲ့ကမ်းနဲ့ ဖြစ်အောင်လုပ်ချင်သည်။ အားလုံးဦးထုပ်ဆောင်းစေချင်သည်။ ဆိုင်ကယ်လမ်းတွေ သီးသန့်ရှိစေချင်သည်။ လမ်းဆုံလမ်းမများတွင် "မိမိအသက်နှင့် ခန္ဓာ တန်ဖိုးထားသူတိုင်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြသည်" လို့ ရေးချင်သည်။ မှတ်ကရော။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ရောက်အောင် ပထမဆုံး ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအတွက် လုပ်ရန်လိုသည်။ ဆရာဝန်ဆိုတော့ ရပေါက်ရလမ်းမသိ။ ဝင်ငွေတိုးအောင် မလုပ်တတ်ပါ။ ကုန်ပေါက်ကိုပိတ်လျှင်တော့ မလျော့ဘူးပေါ့၊ Accident လျော့လျှင်တော့ အနည်းဆုံး တစ်ဦးလျှင် ငွေကျပ် နှစ်သိန်း၊ သုံးသိန်း အကုန်သက်သာမည်။

သေချာတာကတော့ ဆိုင်ကယ်သည် စည်းကမ်းတကျ သုံးလျှင် "စေသည့်ကျွန်၊ ထွန်သည့်နွား" စည်းကမ်း တကျမသုံးလျှင် "လူသတ်သမား"။

အားလုံးစုပေါင်း လုပ်ဆောင်ပါမှ နည်းဗျူဟာရမှာမို့ ဝိုင်းဝန်းဆောင်ရွက်ကြပါဦးလို့သာ နှိုးဆော်လိုက်ရပါသည်။

မြို့ပြများမှလွဲ၍ ကျန်သောဒေသများတွင် စည်းကမ်းလိုက်နာမှု အားနည်းလှသည်။ စက်ဘီးစီးသလိုစီးသည်။ ကွေ့ခါနီး လက်ပြ၍ ကွေ့သည်။ နောက်လှည့်ကြည့်ပြီး ကွေ့သည်။ နောက်ကြည့်မှန်တပ်မထား။ ဆိုင်ကယ် ဦးထုပ်ကမဆောင်း၊ ဒီကြားထဲ အံ့ဖွယ်သုတ ၄-၅-၆ ယောက်ဘုစုခရုများနှင့် ခရီးနှင်သည်။ ညပိုင်းများ မီးမထိုးဘဲမောင်းသည်။ (မီးမှမပါတာ)။ လမ်းပြောင်းပြန် မောင်းသည်။ ဆရာဝန်အမြင်နှင့် ပြောရလျှင်တော့ အသက်နှင့် လောင်းကြေးထပ်ကာ ဆိုင်ကယ်မောင်းနေသည်ဟုထင်မိ

အောက်ပါဝန်ထမ်းများအမြန်အလိုရှိသည်။
(ဆောက်လုပ်ရေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန်)
(1) Asst; Sales & Marketing Manager M/F (3) Posts
(2) Sales & Marketing Executive M/F (5) Posts
(3) Sales & Marketing Staff M/F (20)Posts
လျှောက်ထားလိုသူများသည် အလုပ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း လူကိုယ်တိုင်လာရောက်၍ လျှောက်ထားနိုင်ပါသည်။
Ayeyarwaddy Resorts & Lodges Co., Ltd.
အမှတ် (၃, ၅, ၆, ၇, ၇၄)၊ ပြည်လမ်း နှင့် ပြည်ထောင်စုရိပ်သာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ (ဟယ်လိုပင်မှတ်တိုင်ဆင်းပါ)
ရုံးဖုန်း- (၀၁) ၂၃၀၂၁၀၀၊ ၂၃၀၂၁၅၁

ပန်းဧကရီ အဆင့်မြင့်ခရီးသွားလုပ်ငန်း 09-36413899,09-254268089,09-262775151
ထွက်ခွာမည့်ရက် April 12,13,17
အိမ်တိုင်ရာရောက် လက်မှတ်ဝန်ဆောင်မှုစနစ် (Group Package)

Jade ကိုခင်ထွန်း
သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ရေးအဖွဲ့မှ မဏ္ဍပ်လုံးချင်း (Ready Made) ငှားပေးသည်။ ရေစုပ်စက်ပစ္စည်းစုံ၊ စတိတ်ရှိုးမီးအလှဆင်ပစ္စည်းများ DJ & Man နှင့် အသံချဲ့စက်ပစ္စည်း အမျိုးမျိုးငှားပေးသည်။ **ဖုန်း-၀၉-၅၁၈၂၅၉၉၊ ၀၉-၉၆၅၁၈၂၅၉၉၊ ၀၉-၇၆၅၁၈၂၅၉၉**

THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 265000-Ks
(Copper Pipe-10', Drain Pipe, Wire, Frame, Transportation)
"အခိုးသုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ပုဇွန်တောင်မြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

IELTS 09-5136158 09-965136158
ဆရာသန်းနိုင် Dip in English (YUFL)
SECURE A PASSPORT TO A BRIGHTER FUTURE BY LEARNING WITH SAYA AND SHARPEN YOUR 4 SKILLS WITH IELTS
ပညာဒါနတန်းခွဲများရှိသည်။
Foundation Classes(3 Month)
Exam Preparation (3 Month)
(4pm-5:30pm) စမည်။
အိမ်လိုက် သင်ပေးသည်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

ဒလမြို့နယ်တရားရုံးတော်

၂၀၁၇ ခုနှစ်၊တရားမကြီးမှုအမှတ်- ၁၂

ဦးမျိုးဝင်း နှင့် ဦးခင်မောင်ဝင်း

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ အမှတ်(၁၄၂၇)၊ ကနောင်လမ်း နေထိုင်သူ(ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးခင်မောင်ဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ်၊ ဧပြီ ၂၄ ရက် (၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ်၊ မတ် ၂၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ထင်ကျော်)
မြို့နယ်တရားသူကြီး
ဒလမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

ဒလမြို့နယ်တရားရုံးတော်

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးမျိုးဝင်း နှင့် ၁။ ဦးဝင်းသောင်း ၂။ ဒေါ်လှလှစိုး

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ အမှတ်(၁၄၈၄)၊ ဗိုလ်ချုပ်(၁)လမ်း၊ နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ)၊ အမှတ် (၁) တရားပြိုင် ဦးဝင်းသောင်းနှင့် အမှတ်(၂) တရားပြိုင်ဒေါ်လှလှစိုး (အတူနေလင်မယား)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မတ် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ထင်ကျော်)
မြို့နယ်တရားသူကြီး
ဒလမြို့နယ်တရားရုံး

ပျောက်ဆုံး

ကျွန်တော် မောင်ကျော်ပြည့်ဖြိုး ၉/ပမန(နိုင်)၂၁၆၆၉၉၏ PassPort မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းပေးပါရန်။

ဖုန်း-၀၉-၇၉၇၈၈၇၃၆၅

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အိုလံပစ်တာဝါအိမ်ရာ၊ အခန်းအမှတ်(၁၄၀၁)၊ အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ဝင်း ၁၂/မရက(နိုင်)၁၀၅၈၄၉ မှာကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်မြတ်မြတ်လွင် ၁၂/မရက (နိုင်) ၀၁၇၇၄၄က ပိုင်ရှင်အမည်ပြောင်းလဲ၍ တိုက်ခန်းပိုင်ဆိုင်မှုထုတ်ယူ ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်တို့အပေါ်၌ တရားလို ဦးအောင်ကျော်စိန်က မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မေ ၃ရက် (၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စူးစမ်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၁B၊မြေကွက်အမှတ်-ပဥ္စမတန်းစား ၄၂၃၊မြေကွက်တည်နေရာအမှတ်-၃၁၁၊၂၀-လမ်း၊ရေတွင်းကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊Mrs. Jruthiya Mary Dass အမည်ပေါက်၊နှစ်(၉၀)ဂရန်(၂၈-၉-၂၀၁၀ရက်နေ့သက်တမ်း)မြေအားရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊၂၀၀၆ခုနှစ်၊တရားမကြီးမှုအမှတ်-၇၃၂၊တရားမဇာရီမှုအမှတ်-၂၅/၁၁နှင့်တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်း-၉၂အရမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုရောင်းကြောင်းလက်မှတ်စာ၊မြေတွင်ဆိုင်ရာဆိုင်ခွင့်ကိုလွှဲပြောင်းကြောင်းမှတ်တမ်း၊တရားရုံးချုပ်၊၂၀၀၉ခုနှစ်တရားမအထူးအယူခံမှုအမှတ်-၁၉အမိန့်၊ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊၂၀၁၁ခုနှစ်၊တရားမဇာရီမှုအမှတ်-၂၅အမိန့်နှင့်အဆိုပါမြေအားလေလံဆွဲဝယ်ယူစဉ်ကပင်ဂရန်မူရင်းမရရှိခဲ့သည်မှာမှန်ကန်ကြောင်းပုဇွန်တောင်မြို့နယ်တရားရုံးကတိသစ္စာပြုလွှာအမှတ်-၂၀၂၆/၁၆(၁၁-၁၀-၁၆)တို့တင်ပြ၍ဦးသိန်းထွန်း(၁၂/မဂတ(နိုင်)၀၆၅၈၂၇)မှဂရန်သက်တမ်းတိုးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆရာကြယ်စင်ကိုကို (M.A, Eng.,)(UK)
ဦးစီးတည်ထောင်သော English Composition Class
တစ်ကြိမ်သာ သင်တန်းတက်ထားရုံနဲ့ အင်္ဂလိပ်စာ တစ်လောကလုံးမှာ ရှိတဲ့ ဝါကျတွေအားလုံးကို သင်ပြီး လိုက်သလို ဖြစ်သွားပြီး ငါအမှန်တကယ်စာတတ်သွားပြီလို့ မိမိကိုယ်ကို အသိအမှတ်ပြုလိုသူများအတွက် နှစ်ပေါင်း (၅၀)နီးပါး ပျောက်လုမတတ်ဖြစ်နေသော (Sentences Constructions) ဝါကျ ပေါင်းများစွာ ပေါင်းစပ်ဖွဲ့စည်းမှု (ဝါကျဖြစ်ပေါ်လာပုံ၊ တည်ဆောက်ပုံ၊ ပေါင်းစပ်ပုံ၊ ခွဲခြားပုံ၊ အကြောင်း အကျိုးဆက်စပ်စဉ်းစားပုံ၊ ကိုယ်ပိုင်စိတ်ကူး စိတ်သန်းနဲ့ ရေးသား တွေးခေါ်ပုံနှင့် Sentence (4)မျိုး၊ Clause (5)မျိုး၊ Speech (2)မျိုး၊ Voice (2)မျိုး၊ Usage (4)မျိုး၊ Phrase (12)မျိုးတို့ကို ပညာရှင်တစ်ယောက်ဖြစ်သည့် တိုင်အောင် အသေးစိတ်သင်ကြားပေးသည်။ "သင်တန်းချိန်"
တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ
Section (1)နံနက်(၉:၀၀)နာရီမှ (၁၁:၃၀)နာရီထိ (၄. ၄. ၂၀၁၇)စမည်။ (၂)လသင်တန်း။
Section (2)ညနေ (၄:၀၀)နာရီမှ (၆:၀၀)ထိ (၄. ၄. ၂၀၁၇)စမည်။ (၂)လသင်တန်း။
လစဉ်ကြေး - ၃၅၀၀၀ိ/-
စနေ၊ တနင်္ဂနွေ
Section (1)နံနက်(၉:၀၀)နာရီမှ (၁၁:၁၅)နာရီထိ (၆. ၅. ၂၀၁၇)စမည်။ (၅)လသင်တန်း။
Section (2)ညနေ (၅:၀၀)နာရီမှ (၇:၁၅)ထိ (၆. ၅. ၂၀၁၇)စမည်။ (၅)လသင်တန်း။
လစဉ်ကြေး - ၁၄၀၀၀ိ/-
တနင်္ဂနွေ (ရုံးပိတ်ရက်တစ်ရက်တည်းသာ)
ညနေ (၁:၀၀)နာရီမှ (၆:၀၀)ထိ (၇. ၅. ၂၀၁၇)စမည်။ (၆)လသင်တန်း။
လစဉ်ကြေး - ၁၂၀၀၀ိ/-
(Senior ဆရာများမှ အိမ်ပိုင်းများပါ လက်ခံသင်ကြားပေးသည်)
နေရာ - တိုက်အမှတ်(25)4-B၊ ဆ/က ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဘုရားလမ်းမှတ်တိုင်၊စုပါဆေးခန်းအနီး)
ဖုန်း- ၀၉-၄၂၀၀၁၄၈၀၀၊ facebook Name: Polaris Academy

ဝမ်း သံယံ San brotherhood
"စစ်ဆေး၊စမ်းသပ်(အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်
များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း
များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP
265000Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောက်လမ်း (အလုံ) 01-704101, 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684,09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၆၈၉)၊ ဧရိယာ ၀ ဒသမ ၀၆၁၈ဧက နှစ် ၆၀ဂရန်မြေအမျိုးအစားနှင့် ထိုမြေပေါ်ရှိအမှတ်(၆၈၉)၊ နှယ်သာကီလမ်း (၂၉)ရပ်ကွက် ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်စိုး ၁၂/မဂတ(နိုင်)၀၂၂၂၉၆ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား(မူရင်း)ဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝါဝါအောင် ၁၂/သဃက(နိုင်)၁၃၃၄၉၆
အမှတ်(၃)၊ လေးထောင့်ကန်လမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၂၅၀၀၂၁၃၂၇

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇ရပ်ကွက်၊ အောင်သပြေ(၁၂)လမ်း၊ တိုက်အမှတ်(၉၆၀/ခ)ဟုခေါ်တွင်သော (၁)ခန်းတွဲ(၅)ထပ်တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း(၁၈ပေ×၅၅ပေ)ရှိတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်မြင့်ဦး ၁၁/စတန(နိုင်)၀၂၀၉၂၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ယင်းအရောင်းအဝယ်ပိုင်ဆိုင်မှုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်LL.B (၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်းLL.B (၂၇၀၇၅)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ (ဘီ/မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၉၇၄၀၀၂၄၅၂

GOLDEN STAR Travels & Tours
❖ ပုဂံ(ရွှေစက်တော်လေးဆူ)-ပုပ္ပါး-ပဒေါ့ဂူ Apr-12,13
❖ ရွှေစက်တော်-ပုဂံ-ပုပ္ပါး-ပဒေါ့ဂူ Apr-13
❖ တောင်ကြီး-အင်းလေး-ပင်းတယ Apr-11,12,13
❖ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-12
❖ လွိုင်ကော်-တောင်ကြီး-အင်းလေး Apr-13
❖ မန္တလေး-မုံရွာ-အလောင်းတော်ကဿပ Apr-12
❖ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း Apr-13,17
Ph:09-5046500, 09-5046000, 09-5081580

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ တိုက်အမှတ် (၁၅၆)၊ (၂)ခန်းတွဲ(၃) ထပ်ခွဲတိုက်၏ တိုက်ကို လမ်းမှ မျက်နှာမူကြည့်လျှင် (ညာဘက်) ခြမ်းရှိ အခန်း-မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂.၅ပေ× ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးဝင်း (၅/စကန (နိုင်)၁၅၀၈၀၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှ စ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အိမ်အမှတ်(၇၈)နေ ဦးဝေမြင့် (ဘ) ဦးလီစိန်ချွန် (၁/မကန(ပြု)၀၀၁၅၀၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

COCO
အထည်လိပ်နှင့် အထည်ဆိုင်

မှတ်ပုံတင်စာချုပ်အမှတ်(၁၁၁/ ၂၀၁၇)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မြစ်ကြီးနားမြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ဦးဝေမြင့်မှ မိမိတစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ မြစ်ကြီးနားမြို့၊ မြို့မဈေး(၁)၊ တိုက်တန်း (A)ရှိ၊ ဆိုင်ခန်းအမှတ်(၂၁၊၂၂)တွင် ရောင်းချနေသည့် အထည်လိပ်နှင့် အထည်ဆိုင်မှ အထည်လိပ်၊ အထည်စတို့ပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ မြစ်ကြီးနားမြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြန့်ချီရောင်းချသွားမည့်အပြင် အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ ဓါနိုင်းကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက် ကြော်ငြာ၊ တီဗွီ ဗွီဒီယိုကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာနှင့် ဆိုင်တံဆိပ်တုံး၊ ဒီဇိုင်းတံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ Internet, Website, E.mail အစရှိသည်တို့တွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ သုံးစွဲ၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား မပြုလုပ်ကြပါရန် သတိပေးထားခြင်းဖြစ်ပါသည်။ အကယ်၍ အတုအပ ပြုလုပ်သုံးစွဲကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်စိုးမိုး (LL.B)
တရားလွှတ်တော်ရှေ့နေ၊စဉ်-၁၀၉၈၅
အမှတ်(၃၉၆)၊ရွှေညောင်ပင်ရပ်ကွက်
မြစ်ကြီးနားမြို့။
ဖုန်း-၀၉-၄၃၁၆၄၄၈၃၊ ၀၉-၇၉၃၁၈၇၄၆၄

အမည်ပြောင်း

မကွေးမြို့၊ အလက(ရဲကျောင်း) မှ စတုတ္ထတန်းဖြေဆိုထားသော (ဘ) ဦးရဲမောင်မောင် ၈/မကန(နိုင်) ၁၁၇၄၉၃ ၏ သမီး မဇူးဇူးရဲမောင်အား မချောအိဇင်ဟု ပြောင်းလဲခေါ်ပါရန်။

မချောအိဇင်

တွန်တရစ် အုတ်ရိုက်စက်
ဒေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်း၊ရန်(၂)၊တောင်ဒဂုံ။

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ရုံးခန်းများပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၀၃၊ မြေယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း။
09254009334, 09254009335, 09254009336

မာ SEVEN စံ
ဒဂုံ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

လူပျောက်ကြေညာ



ခွန်ဇော်သန်းဦး၊ အသက် (၁၀)နှစ် ၃တန်းကျောင်းသားသည်(၁၃.၃.၁၇) ရက် (တနင်္လာနေ့) တွင် ပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။
ဦးကျော်ဝင်း၊ အမှတ်(၈)၊တပင်ရွှေထီး လမ်း၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
၀၉-၈၇၃၅၄၀၀၉၆၊၀၉-၂၆၁၅၅၉၈၈၂
၀၉-၇၇၀၅၈၆၅၃၈၊၀၉-၇၈၁၈၇၁၇၄၄

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/4407 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကုမ္ပဏီအမှတ်တံဆိပ်ကျောင်းအမှတ်တံဆိပ်များကို ကုမ္ပဏီ၏မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်အောင် ၃ လမ်း၊ အမှတ် ၆/၁ ရှိ Thanlwin Education Services Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၅၂/၂၀၁၆-၂၀၁၇) မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများကို တည်ဆဲဥပဒေနှင့်အညီ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်များဖြစ်သော (၂၈၂၀/၂၀၁၇)(၂၈၂၁/၂၀၁၇)တို့ဖြင့် မိမိတို့မူပိုင်အဖြစ်သုံးစွဲရန် ၁-၃-၂၀၁၇ ရက်တွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

THANLWIN EDUCATION SERVICES — THANLWIN EDUCATION SERVICES — T.P.S — THANLWIN PRIVATE SCHOOL — THANLWIN PRIVATE SCHOOL

မှတ်ပုံတင်အမှတ် (၂၈၂၁/၂၀၁၇)	**မှတ်ပုံတင်အမှတ် (၂၈၂၀/၂၀၁၇)**

အထက်ဖော်ပြပါ ကုမ္ပဏီနှင့် ကျောင်းအမှတ်တံဆိပ်အမှတ်အသားများဖြင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီနှင့် ကျောင်းအမှတ်တံဆိပ်မူပိုင်အဖြစ် အသုံးချလျက်ရှိသော အဆိုပါ အမှတ်တံဆိပ် အမှတ်အသားများကို မိမိတို့ကုမ္ပဏီနှင့် ကျောင်းမှတစ်ပါး အခြားမည်သူတစ်ဦး တစ်ယောက်မှဖြစ်စေ၊ အများဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ထင်ယောင်ထင်မှား ဆင်တူယိုးမှား မပြုလုပ်ကြရန်နှင့် အကယ်၍လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးဝင်းညွှန့်
ဒါရိုက်တာ
သံလွင်
ပညာရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁၄ နှင့်ဆက်နွယ်သည့်
၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၂

ဒေါ်စိုးစိုးဌေး နှင့် ဒေါ်ရာရှီဒါ
ဒီကရီအနိုင်ရသူ တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၁၊ အခန်း ၂၂ နေ တရားရှုံး ဒေါ်ရာရှီဒါ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်စိုးစိုးဌေးက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၁၁ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့သို့လာရောက်ရမည်။

၂၀၁၇ခုနှစ် မတ် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဆွေသင်း)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်(မင်္ဂလာဒုံ) သင်္ကြန်(၁၀)ရက် တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မူလကသစ်ပိုင် ဆရာတော်ကြီး၏ ဥပနိဿယလမ်းစဉ်နှင့်အညီ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)ဦးစီး၍ ဦးသောဘိတ(ဓမ္မာစရိယ)၊ ဦးအဂ္ဂဝံသ(ဓမ္မာစရိယ)၊ ဦးဇဝန(ဓမ္မာစရိယ)တို့မှ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၉-၄-၂၀၁၇) ရက်မှ တန်ခူးလပြည့်ကျော်(၇)ရက်၊ (၁၈-၄-၂၀၁၇)ရက်အထိ ၁၀ရက်တိုင်တိုင် ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသ ပို့ချပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသူယောဂီသူတော်စင်များအနေဖြင့် ၈-၄- ၂၀၁၇ ရက် ညနေခင်းမှ စတင်ဝင်ရောက်နိုင်ပြီး ၉-၄-၂၀၁၇ ရက်မှ စတင် တရားအားထုတ်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။မိမိတို့၏ တစ်ကိုယ်ရေအသုံးအဆောင်များနှင့် ဖျာ၊ ခေါင်းအုံး စသည်များ တစ်ပါတည်းယူဆောင်လာပါရန် အသိပေးအပ်ပါသည်။

သာသနာ့နုဂ္ဂဟအဖွဲ့
ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်
သစ်ဆိမ့်ကုန်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၁၁၂၇၉၊ ၀၉-၇၈၄၄၅၅၅၁၂၊ ၀၉-၄၂၀၀၇၉၉၈၈၊ ၀၉-၄၅၀၀၆၅၇၉၀

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ

(အဂ္ဂမဟာပဏ္ဍိတ)
(ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင်နာယက ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနည်းပြန်ဌာန အကျိုးတော်ဆောင် ပရိယတ္တိသာသနာနုဂ္ဂဟ-ရန်ကုန် ဆန်လျှုအသင်းကြီး၏သြဝါဒါစရိယ ကျောက်တန်းမြို့၊ ခေမာနန္ဒာရာမ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏သြဝါဒါစရိယ)
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ သ·စ·အ-ဓမ္မာစရိယ) မဟာထေရ်မြတ်ကြီးသည်(၁၃၇၈ခုနှစ် နှောင်းတန်ခူးလဆန်း ၃ရက်) ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် နှောင်းတန်ခူးလဆန်း ၇ရက်)၃-၄-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **စျာပနကျင်းပရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဩဘာလမ်း၊ အမှတ်(၂၁)၊ ၆-လွှာ (ဘီ) နေ ဒေါ်တင်တင်မိုး (၁/ဗမန (နိုင်) ၀၉၀၁၇၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဒေါ်တင်တင်မိုးသည် အမှတ်-၁၀၄၊ (၁၅၇) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အလျား × အနံ (၄၀´ × ၆၀´) ရှိ မြေကွက် နှင့် မြေကွက်ပေါ်တွင် တွယ်ကပ်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အားလုံးတို့အား လက်ရှိထားရှိပိုင်ရှင်ဟုအဆိုပြုသူ ဦးရဲထက် (၁၂/ဒဂရ (နိုင်) ၀၂၂၄၇၉) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေသပေးအပ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်မာလုံလောက်သော အထောက်အထားများဖြစ်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ (၅) ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်စိုးဝင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၅၃)
အမှတ် (၇၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၅၄၁၆၇၃၅၊ ၀၉ ၉၆၅၄၁၆၇၃၅

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလအငှားအိမ်ရာ နေထိုင်ခွင့်ရရှိသူများအား အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလအငှားအိမ်ရာ တိုက်ခန်းများတွင် မဲပေါက်၍ နေထိုင်ခွင့်ရရှိသူများအနက် တည်ဆောက်ပြီး နေထိုင်ရန်အသင့်ဖြစ်သော အောက်ဖော်ပြပါ တိုက်(၁၈)လုံးကို ပထမအဆင့်အနေဖြင့် နေထိုင်ရန်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နေထိုင်ရန်အသင့်ဖြစ်သော တိုက် ၁၈လုံးတွင် နေထိုင်ခွင့်ရရှိသူများသည် တိုက်ခန်းမဲပေါက်သည့် စာရွက်၊ မှတ်ပုံတင် မူရင်း/မိတ္တူလေးစုံ၊ သန်းခေါင်စာရင်း မူရင်း/မိတ္တူလေးစုံ၊ မိသားစုဓာတ်ပုံ(၄"×၆")လေးပုံနှင့် အတူ ၅-၄-၂၀၁၇ရက်မှ ၈-၄-၂၀၁၇ရက်အတွင်း ဒဂုံအရှေ့စက်မှုဇုန်စီမံခန့်ခွဲရေးရုံး (ကနောင်ခန်းမ) အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားပါသည်။

နေထိုင်ရန် အဆင်သင့်ဖြစ်သည့် ပထမအဆင့် တိုက်(၁၈)လုံး

(၂၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၁၃၊ ၁၄၊ ၂၅၊ ၂၉၊ ၃၁၊ ၃၄၊ ၃၅၊ ၃၆၊ ၄၅၊ ၄၇၊ ၄၉၊ ၅၀)

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၉-၄၂၀၈၃၆၈၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်ကာ-၄၀၊မြေကွက်အမှတ်(၁၉၁/ခ)၊မြေကွက်တည်နေရာ(၁၉၁/ခ)၊မိုးကောင်းလမ်း၊(၁၄)ရပ်ကွက်၊ရွှေပြည်သာ၊ဒေါ်သန်းအေး(၁၂/တမန(နိုင်)၀၇၉၃၃၄)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဒေါ်သန်းအေး(၁၂/တမန(နိုင်)၀၇၉၃၃၄)ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူဒေါ်နန်းလှ(၁၂/မဂတ(နိုင်)၀၈၇၃၂၆)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိခံဝန်ချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်ရရန်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ချိုးမေ

အသက်(၉၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ယုန်သလင်းကျေးရွာ၊ အနောက်မြို့ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၂၁၉)နေ (ဦးအင်ယင်ကြို-ဒေါ်အွန်တန်ဖော့)တို့၏သမီး၊ ဦးကျင်စိန်၏ ချစ်လှစွာသောဇနီး၊ ဦးအေးမောင်-ဒေါ်နီနီ၊ ဦးအေးမြင့်ဦး(ဥက္ကဋ္ဌအေးမိသားစု)၊ ဒေါ်ခင်အေးခိုင်၊ ဦးသန်းအေး၊ ဒေါ်မွေးမွေး၊ ဦးသိန်းမောင်၊ ဒေါ်နွဲ့နွဲ့ရီ Mr TAKA YA MA-YOSHI KAZU၊ ဒေါ်သန်းနွဲ့၊ ဦးအောင်သန်း-ဒေါ်လဲ့ချိုဦး၊ ဦးကျော်တင့်၊ ဦးလှဝင်း-ဒေါ်သင်းသင်း၊ ဦးညီညီသန်း၊ ဒေါ်ခင်မိုးအေးနိုင်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၇ရက် နံနက် ၁၁း၃၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် သို့ ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ယုန်သလင်းနေအိမ်မှ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရှောင်ရှုအစ္စလာမ် ၁၂/မဂတ(နိုင်)၀၈၀၄၉၈၏ လ/၂၇၅၁ မော်တော်ယာဉ် (ဃ)ပုံစံယာဉ်စလစ်မူရင်းသည် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၉၉၁၅၂၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/2430, Toyota Wish ANE 11/S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင့် ၁၂/မဂတ(နိုင်) ၀၉၁၂၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/7460, Toyota Hilux LN 109, P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ Mikko Snack Industry Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာလမ်း၊ အမှတ်(၆၃၈)၊ သုံးလွှာ(ခေါင်းရင်း) (လမ်းမဘက်မှမျက်နှာဆိုင်ကြည့်လျှင် ညာဘက်အခြမ်း)၊ အကျယ်အဝန်း (အလျား ၂၄ ပေ × အနံ ၅၅ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ဦးစိုးမြင့် ၁၂/ဗတထ(နိုင်)၀၁၈၀၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲသူရိန်ဝင်း ၃/မဝတ(နိုင်)၀၂၆၇၇၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါသည့်ရက်မှစပြီး သုံးရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ချယ်ရီအောင် LL.B, D.B.L, D.I.L, D.M.L
အထက်တန်းရှေ့နေ(စဉ်-၃၈၉၉၀)
အမှတ် (၄၄)၊ နီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၄၆၆၅၀၊ ၀၉-၂၆၄၁၂၆၉၀၀

အများသိစေရန်အသိပေးကြော်ငြာခြင်း

ပုဇွန်တောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁ကျေ^)၊မြေကွက်အမှတ်(၆၇)၊မြေကွက်တည်နေရာအမှတ်(၆၄)၊ရေကျော်မြောင်းကြီးလမ်း၊(၉)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊မောင်ခနှင့်မလှရွှေအမည်ပေါက်၊နှစ်(၉၀)ဂရန်(သက်ကုန်)မြေအားအမည်ပေါက်များကွယ်လွန်သဖြင့်ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၆၅၉/၂၀၁၆(၈-၂-၁၆)ဖြင့်(၁)ဦးတင်ဦး၊(၂)ဒေါ်မြင့်မြင့်၊(၃)ဒေါ်အေးအေး၊(၄)ဦးလှမျိုးသန့်၊(၅)ဦးတင်အောင်စိုးတို့မှချုပ်ဆိုပိုင်ဆိုင်ခဲ့ကြပြီးငှင်းတို့ထံမှအရောင်းအဝယ်စာချုပ်အမှတ်-၅၁၁၄/၂၀၁၆(၆-၉-၁၆)ဖြင့်ဝယ်ယူပိုင်ဆိုင်သူဦးရဲအောင်(၁၂/ဗတထ(နိုင်)၀၀၈၀၀၀)၊ဒေါ်သဇင်မြင့်(၁၂/ပဇတ(နိုင်)၀၁၁၅၉၇)တို့ကဂရန်ပျောက်ဆုံးကြောင်းပုဇွန်တောင်မြို့နယ်တရားရုံး၏ကျမ်းသစ္စာပြုလွှာအမှတ်စဉ်-၁၆၃၂/၂၀-၉-၂၀၁၆၊ဂရန်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်အားထပ်ဆင့်ထောက်ခံထားသောပုဇွန်တောင်မြို့နယ်ရဲစခန်းထောက်ခံချက်၊အမည်ပေါက်စာချုပ်- Sale Deed-1197/1937(12-7-1937)တို့တင်ပြ၍ဂရန်ပျောက်ဖြင့်ဂရန်သက်တမ်းတိုးလျှောက်ထားလာခြင်းအားခွင့်ပြုပြီးဖြစ်ပါသဖြင့်မူလကထုတ်ပေးထားသည့်အမှုတွဲအမှတ်-၅၆၄အာရ်ပီ၂၅(၁၂-၈-၂၆)ဖြင့်ထုတ်ပေးထားသည့်မောင်ခနှင့်မလှရွှေအမည်ပေါက်၊နှစ်(၉၀)ဂရန်မူရင်းစာအုပ်အားမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ်(၂၉၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၉၂/ခ)၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်သောင်းရင်)(အိုင်/တီဘီအင်န်-၀၅၃၀၁၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်သောင်းရင်) ကွယ်လွန်ပြီး ဖခင်(ဦးကံအေး)ပါ ကွယ်လွန်သဖြင့် ဦးမြင့်သွင် ၁၂/ဥကတ(နိုင်)၀၁၇၉၉၀၊ ဦးဆန်းလွင် ၁၂/ဥကတ(နိုင်)၁၀၈၃၃၃၊ ဒေါ်ညွန့်ညွန့်အေး ၁၂/ဥကတ(နိုင်)၁၂၁၉၄၂တို့မှ လှည်းကူးမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ကျမ်းကျိန်သူအရာရှိ ဦးချစ်ကိုကို၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ (၇၆၅/၂၈-၁၁-၂၀၁၆)နှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ ဧရိယာပေ(၂၀×၆၀)ရှိပြီး တစ်ထပ်ပျဉ်ထောင်အိမ်တွင် လျှောက်ထားသူများ ကိုယ်တိုင် နေထိုင်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါလျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၃၀၆၅၅ Honda C-90 H Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်း ၇/ကပတ(နိုင်)၀၀၇၆၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊မြေကွက်အမှတ်(၇၈)၊မြေကွက်တည်နေရာအမှတ်(၇၈)၊ရှင်ထွေးသို့လမ်း၊(၁၅)ရပ်ကွက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ဦးသန်းစိုးအောင်(၁၂/ဒပအ(နိုင်)၀၆၁၈၁၁) [illegible] ဦးသန်းစိုးအောင်သည်လူပျိုကြီးအဖြစ်ဖြင့်(၄-၇-၂၀၁၆)ရက်နေ့တွင်ကွယ်လွန်သွားသဖြင့်ဦးထွန်းသိန်း(၁၁/ကဖန(နိုင်)၀၄၃၇၇၀)မှတစ်ဦးတည်းသောညီတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံချက်ကျမ်းကျိန်လွှာ၊သေစာရင်း၊သန်းခေါင်စာရင်းတို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားကွင်းဆင်းစစ်ဆေးရာအုတ်ကာသွပ်မိုး(၂)ထပ်အိမ်အမျိုးအစားဖြစ်ပြီးကိုယ်တိုင်နေထိုင်ပါသည်။သို့ပါ၍ဦးထွန်းသိန်းမှပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ဒေါ်လှမြင့် ၁၂/ပဇတ(နိုင်) ၀၀၃၅၆၃ နှင့် ဦးအေးကျော်မောင် ၁၁/မပန(နိုင်)၀၉၈၉၈၁ တို့သည် ၂၁-၃-၂၀၁၇ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီး ၄င်းတို့ နှစ်ဦးပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၅၃၇)နေအိမ်အား ဒေါ်လှမြင့် မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်နိုင်ပါကြောင်းနှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှမြင့်
၁၂/ပဇတ(နိုင်)၀၀၃၅၆၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/5871, Hline Thit Light Truck P/U (4x2) R ယာဉ်လက် ဝယ်ရှိသူ ဒေါ်သီတာအောင် ၉/မဟမ(နိုင်) ၀၀၆၉၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ကျိုက္ကဖွဲနဲရပ်၊ ဒိုင်းဝန်ကွင်း၊ ကိုတောင်ကြီးလမ်း၊ အိမ်အမှတ် (၃၅)နေ ဦးကျင်ဟိန်း (AG -၂၂၆၈၉၁) ၏ သား မောင်ဟိန်းသူရ (MME -၆၆၁၄၂၃) သည် မိဘများကို စိတ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးကျင်ဟိန်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၂၄၅၊ မြေကွက်တည်နေရာအမှတ် ၂၄၅၊ ဗိုလ်ဇင်ယော်လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်(ဒေါ်ထန်ထွဲ) FLM၀၃၀၅၆၆ ၁၂/ဥကမ(နိုင်)၀၁၄၃၃၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန် အမည်ပေါက် ဒေါ်ထန်ထွဲ(ဇနီး)ကွယ်လွန် သွားသဖြင့် ခင်ပွန်းဖြစ်သူ ဦးလာလ်လျန်ဆုံး ၁၂/ဥကမ(နိုင်)၀၃၀၁၉၁က ခင်ပွန်းတော် [illegible]

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၀/အနော်ယာ၊ မြေကွက်အမှတ်(၅၀၅/ခ) မြေကွက်တည်နေရာအမှတ်- ၅၀၅/ခ အနော်ယာအနောက်(၁၁)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးသောင်းအေး CI-၀၁၁၂၀၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား [illegible]

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်မိမိနိုင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ လမ်းသွယ်(၄)၊ အမှတ် ၃၂ နေ ဒေါ်နွယ်နွယ်မင်း ၈/တကက(နိုင်) ၀၉၂၆၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဒေါ်မိမိနိုင် ၁၂/အစန(နိုင်)၀၉၇၄၀၀ နှင့် ခင်ပွန်းဖြစ်သူ ဦးဌေးကြည် ၁၄/ပသန(နိုင်)၀၆၀၃၅၉တို့ နေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ သီတာလမ်း၊ အမှတ်(ခ/၆၁၅)ဟု ခေါ်တွင်သော (အလျား ၃၂ ပေ×အနံ ၃၂ ပေ)ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ဒေါ်မိမိနိုင်အား ပေးချေထားပြီးဖြစ်သော်လည်း ၄င်းမှ ငွေကိုလက်ခံရယူပြီးနောက် အရောင်းအဝယ်ကို ပြီးမြောက် အောင် ဆက်လက်လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည့်အတွက် ဒေါ်မိမိနိုင် အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ညှိနှိုင်းဖြေရှင်း ရန်နှင့် အကယ်၍ သတ်မှတ်ထားသည့်ရက်သို့စေ့ရောက်သော်လည်း တစ်စုံတစ်ရာ ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါက တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ဒေါ်မိမိနိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမင်းသန့် [တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၅၉)]
ဖုန်း-၀၉-၄၅၀၀၂၇၈၃၃
ရုံး-အမှတ်(၁၄)၊ (၄လွှာ/အေ)၊ ကျောင်းကုန်း(၂)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်

မနီလာဆွေ(ခ)ဆူဖီယာဟ်(၁၂/တမန(ပြ)၁၀၀၂၈၅)နှင့် အများသိစေရန်

သင်္ဃန်းကျွန်းမြို့နယ်၊(က)ရပ်ကွက်၊နှင်းဆီကုန်းအဆင့်မြင့်အိမ်ရာ၊တိုက်(၈)၊ အခန်း(၅၀၂)နေ၊ အဘ-ဦးထွန်းမောင်၏သား-မောင်အောင်နိုင်ထွန်း(ခ)အမာန်နူလ္လာဟ်၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာ အသိပေးအပ်ပါသည်။

တာမွေမြို့နယ်၊မအူကုန်းရပ်ကွက်၊လမ်း(၁၄၀)၊အမှတ်(၃၅)၄-လွှာ(ညာ)နေ၊အဘ-ဟာဂျီဦးယာဆင်၏သမီး-မနီလာဆွေ(ခ)ဆူဖီယာဟ်နှင့် ကျွန်ုပ်မိတ်ဆွေသည် တရားဝင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရာမှ (၁၆. ၆. ၂၀၁၆)နေ့တွင် ခွဲခွာနေထိုင်ခဲ့ကြကြောင်း သိရပါသည်။ နှစ်ဖက်လူကြီးများနှင့်ညှိနှိုင်းသော်လည်း အဆင်မပြေ၍ကျွန်ုပ်မိတ်ဆွေမှ(၁၂. ၁၂. ၂၀၁၆)ရက်စွဲပါ တလာဘ်ပေးကွာရှင်းပြတ်စဲကြောင်း အကြောင်းကြားစာနှင့် (၁၄. ၁၂. ၂၀၁၆)ရက်စွဲပါ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၏ဖသ်ဝါ ဓမ္မသတ် ဖြေကြားချက်စာကိုပါ လူကြီးမင်းထံပေးပို့ခဲ့ပြီး ဖြစ်ကြောင်း သိရပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့သည် လင်မယားအဖြစ်မှပြတ်စဲသွားကြပြီ၊ တစ်ဦးနှင့် တစ်ဦး သက်ဆိုင်ပတ်သက်ခြင်း မရှိတော့ပါကြောင်းနှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို ဝင်ရောက်စွက်ဖက် နှောက်ယှက်ခွင့်မရှိတော့ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
မောင်အောင်နိုင်ထွန်း(ခ)အမာန်နူလ္လာဟ်

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းရီ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၈)
ဖုန်း- ၀၁-၂၃၃၃၈၀၊ ၀၉-၄၂၅၀၂၀၄၁၅။

ရဟန်းမယ်တော်ကြီး
ဒေါ်အုန်းရှင် (ထောက်ကြန့်)
အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ (ဦးသက်ထွန်း-ဒေါ်အေးမယ်)တို့၏သမီး၊ ဦးစန္ဒိမာ၊ ဦးစန်းဟိန်း-ဒေါ်စိန်မြင့်၊ ဦးအောင်သာကျော်-ဒေါ်ခင်စိန်မြင့်၊ ဦးထွန်းလှကျော်-ဒေါ်စောခိုင်၊ ဒေါ်စန်းစန်းအေး၊ ဒေါ်ဘေဘီ(ခ)ဒေါ်မြရင်၊ စင်ကာပူနေ Mr. Ho Poh Chuen -ဒေါ်ဂျူးဂျူး၊ (ဦးချစ်ကိုကို)-ဒေါ်သန်းသန်းဌေး၊ ဦးဝေယံလွမ်းနောင်(ခ)ဦးဝင်းကိုကို၊ ဦးစန်းကိုကို-ဒေါ်ငြိမ်းငြိမ်းအေး (ခ) မသဲတို့၏ မိခင်၊ မသီတာစန်း (Chief Designer Concorde)၊ မောင်ရန်နိုင်ဟိန်း(RMS Officer, OD, MRCS)၊မောင်မင်းဆန်းသူ၊ မောင်အောင်ကိုကို (Accounting Manager CD Co.,Ltd)၊ မောင်အောင်သူဟိန်း၊ မောင်ဇေယျာကျော်၊ မသရဖီအောင်၊ မောင်ကောင်းခန့်ဇော်၊ မောင်သုတဇော်တို့၏ဘွားဘွားကြီး၊ (ဦးသိန်းမောင်)၏ဇနီးသည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ထောက်ကြန့်၊ ပ/စံပြရပ်ကွက်၊ မင်္ဂလာလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ထောက်ကြန့်၊ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမျိုးခင် (မြန်အောင်မြို့)
ဓာတ်ဆီဆိုင်မန်နေဂျာ[MPPE(ငြိမ်း)]
ဆူးလေဂေါပကအဖွဲ့ဝင်
အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက၊ တိုင်းသံဃာအဖွဲ့ဘဏ္ဍာရေးမှူး
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဥ့်အိုးတန်းအပေါ်လမ်း၊ (၄)ရပ်ကွက်၊ အမှတ် ၁၂၆(ပထပ်၊ ဘယ်)နေ ဦးမြ(မြန်အောင်) ယခင် BOC Agent (Myanmar Company) ရွှေတောင်မြို့-ဒေါ်သန်းညွန့်တို့၏သား၊ (ဦးတင်အောင်-ဒေါ်အေးအေးသန့်)တို့၏ညီ၊ (ဦးနေဝင်း)၊ ဒေါ်ခင်သိန်းသန်းဆွေ(ခ)ဒေါ်သီတာမြတို့၏အစ်ကို၊ ဦးကျော်မိုးအောင်-ဒေါ်မိုးသန္တာ၊ဦးညိုထွန်းအောင်-ဒေါ်နုနုငယ် (နုနုငယ် အိမ်ခြံမြေ အကျိုးဆောင်)၊ ဦးကျော်ဝင်း - ဒေါ်လင်းလင်းမြတ်သာ (Lucky Child Co.,Ltd)တို့၏ဖခင်၊ ဦးခင်မောင်ဇော် - ဒေါ်ခင်စန်းစန်းဝင်း (Asia Window Co.,Ltd)၊ ဦးကျော်ဆန်းအောင် (Resident Technical Officer Mott Macdonald Singapore PTE Limited) - ဒေါ်သင်းသင်းနု (Diamond Distributor Double Crane Myanmar)၊ ဒေါ်သန်းသန်းတင်(Asia Window Co.,Ltd)တို့၏ ဘကြီး၊ မြေးခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁-၄-၂၀၁၇ရက် (စနေနေ့)နံနက် ၇း၃၅နာရီတွင်ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊မြေပုံပိုင်းရပ်ကွက်အမှတ်-၁၀/ကံဘဲ့၊ မြေကွက်အမှတ်-၁/ဖ-၈၊ မြေကွက်တည်နေရာ အမှတ်-၂၄၊ ခေမာသီလမ်း၊ မိကျောင်းကန်အပိုင်း(၃)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဒေါ်ရီရီ(CG-၀၁၇၉၃၇)၊ ဒေါ်ခင်ဝင်းကြည် (ISN-၅၄၀၇၈၈)အမည်ပေါက် မြေပိုင်မြေ ၁၀/န ၃၉ ရှိုး အိမ်ယာမြေသတ်မှတ်မြေအား အရောင်းအဝယ်စာချုပ် ၇၃၄/၁၉၉၃ (၂၉-၃-၁၉၉၃)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ရီရီ (BE-၀၀၉၄၄၉)(၁၂/ကတတ(နိုင်)၀၁၂၈၈၃)နှင့်ခင်ပွန်းဖြစ်သူ ဦးကျော်မြင့်တို့အသီးသီး ကွယ်လွန်ကြသဖြင့် သားသမီးများဖြစ်သူ (၁)ဦးနိုင်မြင့်(၁၂/ကတတ(နိုင်)၀၁၂၈၇၈) (၂)ဒေါ်မိမိမြင့်(၁၂/ကတတ(နိုင်)၀၁၂၈၇၆) ကိုယ်စား GP-၁၀၄၂၈/၂၀၁၆ ရရှိ ဦးသက်မြင့် (၁၂/ကတတ(နိုင်)၀၁၂၈၇၇)(၃)ဦးသက်မြင့် (၁၂/ကတတ(နိုင်)၀၁၂၈၇၇)တို့က ကျွန်ုပ်ထံသို့လွှဲသေတရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးမောင်လေး၏ဇနီး၊ ဦးတင်ဦး-ဒေါ်မြင့်ဆန်း၊ ဦးကိုနိုင်-ဒေါ်ဝေဝေကြူ၊ ဦးဗိုလ်နိုင် (ဒုမြို့နယ်ပညာရေးမှူး၊လပွတ္တာမြို့နယ်)-ဒေါ်ခင်မာရီ(အထက်တန်းပြ၊အထက-ခွဲ၊ အလက-၃၊ ပုသိမ်မြို့)၊ ဦးခန့်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR) တို့၏မိခင်၊ မြေးခုနစ်ယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာ၊ အိမ်အမှတ်(၅၀၉/A)၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
အသက်(၈၁)နှစ်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်-ဒေါ်ရီရီခိုင်(TOTAL E & P Myanmar)တို့၏မိခင်ဖြစ်သူ ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ) အသက်(၈၁)နှစ်သည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးမောင်လေး၏ဇနီး၊ ဦးတင်ဦး-ဒေါ်မြင့်ဆန်း၊ ဦးကိုနိုင်-ဒေါ်ဝေဝေကြူ၊ ဦးဗိုလ်နိုင်(ဒုမြို့နယ်ပညာရေးမှူး၊ လပွတ္တာမြို့နယ်)-ဒေါ်ခင်မာရီ(အထက်တန်းပြ၊ အထက-ခွဲ၊ အလက-၃၊ ပုသိမ်မြို့)၊ ဦးခန့်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR) တို့၏မိခင်၊ မြေးခုနစ်ယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊ဇေယျာသိဒ္ဓိရပ်ကွက်၊စံပယ်အိမ်ရာ၊အမှတ်(၅၀၉/A)၌ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်အောင်
အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ငပုတောမြို့နယ်၊ရေကျော်ကျေးရွာနေ (ဦးဖိုးထင်-ဒေါ်မိကျော်)တို့၏သမီး၊ ဦးမောင်လေး၏ဇနီး၊ ဒေါ်မြင့်ဆန်း၊ ဦးကိုနိုင်-ဒေါ်ဝေဝေကြူ၊ ဦးဘိုနိုင်(လက်ထောက်မြို့နယ်ပညာရေးမှူး၊ လပွတ္တာ)-ဒေါ်ခင်မာရီ (အလယ်တန်းပြ)၊ ဦးခန့်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင်တို့၏မိခင်၊မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၇ရက် ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဧရာဝတီတိုင်းဒေသကြီး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးမောင်လေး၏ဇနီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာ၊ အမှတ် ၅၀၉/A နေ ဦးခန့်ဇော် (ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR)တို့၏မိခင် ဒေါ်ကြည်အောင်သည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဝန်ထမ်းများနှင့် မိသားစုများ

ဦးတင်အုန်း
မြန်မာ့စီးပွားရေးဘဏ်၊ ကြီးကြပ်ရေးမှူး(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၃)ရပ်ကွက်၊လှည်းတန်း ၅လမ်း၊တိုက် ၃၊ ငါးလွှာ(ဘီ)နေ (ဦးဘိုးခိုင်-ဒေါ်ရွှေခိုင်မ)တို့၏သား၊ (ဒေါ်ခင်ကြည်)၏အစ်ကို၊ (ကိုသက်ခိုင်)၊ ကိုတင်မောင်ခိုင်၊ ကိုကျော်မျိုးခိုင်၊ မမေမျိုးခိုင်၊ မောင်နေဝင်းနိုင်၊ မရှားလက်မွန်တို့၏ဖခင်၊ ဒေါ်မိမိလေး၏ခင်ပွန်းသည် ၁-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကျောက်ဖြူမြို့နယ်အသင်းမှကားများ နံနက် ၁၁နာရီနှင့် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတို့တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အများသိစေရန်ကြေညာချက်

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၆-ရပ်ကွက်၊ နီလာ၁လမ်း၊ မြေကွက်အမှတ်(၈၁၆)တွင် ၂ခန်းတွဲ (၈ ၁/၂)ထပ်တိုက်အဆောက်အဦဆောက်လုပ်ခွင့်အား မြေရှင် ဦးစိုးဝင်း၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်နန့်စုရွှေစင်(LC-569)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်မေသန္တာစိုး(LS-1802)တို့မှ တင်ပြလျှောက်ထားလာပါသဖြင့် ဤဌာန၏(၁၆-၁၁-၂၀၁၅)ရက်စွဲပါစာအမှတ်၊ ၃၁၄၀/၃၁၄၁/ စည်ပင်-ယာ(အုံ)ဖြင့်ဆောက်လုပ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၂ခန်းတွဲ (၈ ၁/၂)ထပ်တိုက်အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်၍ (၃ ၁/၂)ထပ်တိုက်ဆောက်လုပ်ခွင့်ပြုပါရန် မြေရှင်မှ တင်ပြလာပါသဖြင့် ကန့်ကွက်ရန် ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

မေခဆောင် ဖောင်ဒေးရှင်းနာယက ဦးကျော်မိုး၏ မွေးသမိခင် ဒေါ်ဖွားပြည့် အသက်(၉၄)နှစ် (မြင်းခြံမြို့) သည် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မေခဆောင်ဖောင်ဒေးရှင်းမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

ရန်ကုန်မြို့တော်ဝန်
ဦးမောင်မောင်စိုးနှင့် ဇနီး ဒေါ်ခင်မြမြအောင်

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်မြင့်
(Florence Kyaw Hein)
အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ် ၁၅နေ (ဦးကျော်ဟိန်း-ဒေါ်ထွားအိ)တို့၏ တစ်ဦးတည်းသောသမီး၊ စည်သူတံဆိပ်ရ၊ စည်သူ၊ သီရိပျံချီ၊ သရေစည်သူ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (စာရေးဆရာ မှူးသမိန်၊ ယိမ်းနွဲ့ပါး၊ အယ်ဒီတာချုပ်၊ မဟေသီမဂ္ဂဇင်း)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာယုဇနစောမြင့်(တွဲဖက်ပါမောက္ခ၊ ငြိမ်း၊ ကလေးအထူးကုဆရာဝန်ကြီး)၊ ဦးဇော်ဝင်းမြင့်(ညွှန်ကြားရေးမှူးချုပ်၊ ကညန၊ ငြိမ်း)-ဒုဗိုလ်မှူးကြီးဒေါ်ရင်ရင်ဇော်(ငြိမ်း)[ပါမောက္ခ/ဌာနမှူး၊ ငြိမ်း၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး]တို့၏ ချစ်လှစွာသောမိခင်၊ မောင်ပြည့်ဖြိုးဝင်း၊မောင်ပြည့်စုံဝင်း-မမေလှိုင်ထွေး(ခေတ္တ-ထိုင်းနိုင်ငံ)၊ မဝင်းလဲ့ခိုင်[အလုပ်သင်ဆရာဝန်၊ဆေးတက္ကသိုလ်(၁)]တို့၏အဘွား၊ မောင်လင်းခေတ်ဟန်၏ဘွားဘွားကြီးသည် ၁-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၁း၂၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်နု
အသက်(၈၄)နှစ်

ဒေါက်တာဒေါ်ချိုချိုဝင်း (န·န·လ·ဥ·လ အထူးကုဆရာဝန်ကြီး၊ နေပြည်တော်)၏ မိခင်ကြီး ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ နားနှာခေါင်းလည်ချောင်း
ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုဆရာဝန်များအသင်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မမကြီး
အသက်(၈၄)နှစ်

သူငယ်ချင်း ဗိုလ်မှူးရီလှိုင်(ငြိမ်း)-ဒေါ်ခင်ကြူကြူတို့၏မိခင် ဒေါ်မမကြီး အသက်(၈၄)နှစ်သည် ၂၄-၃-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

RC2 မှသူငယ်ချင်းများ
ကလျာ၊ စန္ဒာ၊ ချိုမာ၊ Annie, Dolly, အေးအေးလွင်၊ လှလှသွင်(ဇေယျာ)

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြ
အသက်(၈၃)နှစ်

ပါမောက္ခ ဒေါက်တာအေးကို [မြန်မာ့ပထဝီဝင်အသင်း အထွေထွေအတွင်းရေးမှူး၊ တာဝန်ခံပါမောက္ခချုပ်(ငြိမ်း)၊ မြစ်ကြီးနားတက္ကသိုလ်]-ဒေါ်စိန်မေဦးတို့၏မိခင် ဒေါ်မြသည် ၂၉-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ပထဝီဝင်အသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်သက်လွင်(ခ)လေးလေး
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၇၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုးသောင်ကျေးရွာနေ (ဦးမိုး-ဒေါ်နှင်း)တို့၏သမီး၊ (ဦးဖိုးလှ-ဒေါ်ပု)၊ (ဒေါ်လှမြင့်)၊ (ဦးသက်နိုင်)တို့၏ညီမ၊ ဦးစိန်ညွှန့်-ဒေါ်သန်းမြင့်၊(ဦးခင်ရွှေ-ဒေါ်မြင့်ကြည်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က စံပြရပ်ကွက်၊ ဉာဏသုခလမ်း၊ အမှတ် ၉နေ ဦးအောင်သော်ဝင်း-ဒေါ်မိမိလှိုင်၊ ဒေါ်ဆွေဆွေသက်၊ ဒေါ်အေးအေးသက်၊ ဒေါ်အေးမီမြင့်၊ ဦးမျိုးမြင့်အောင်-ဒေါ်ခင်မြတ်နွယ်၊ ဒေါ်အေးယုယုထွေးတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ [ဦးဒီစီဂျိမ်း(စ်)]၏ဇနီးသည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့) ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ပြုံးခင်ဇော်
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော် ဝတ်ကျောင်းလမ်းနေ [ဦးခင်ဇော်(K) - ဒေါ်သန်းနုစ် (မြန်မာ့အသံ)]တို့၏သမီး၊ ဦးလှကြွယ် (တက္ကသိုလ်လှကြွယ်)၏ဇနီး ဒေါ်ပြုံးခင်ဇော်သည် ၂၉-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးတင်မောင်၊ ဒေါ်တင်တင်မြ၊ ဒေါ်မူမူမြင့်၊ ဒေါ်သန္တာခင်
(မြန်မာ့အသံဝန်ထမ်းဟောင်းများ)

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပညာလောက
သာကေတမြို့နယ် သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်)
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ ထန်းတော ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာလောက အရှင်သူမြတ်သည် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၄ရက်) ၃၁-၃-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများအားအကြောင်းကြားအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းကြေကွဲခြင်း
ဦးရုံး (အိမ်မဲ/လှည်းကူး)
အသက်(၉၀)

Rajah & Tann NK Legal (Law Firm) မှ ဆရာဦးခင်ဇော် (Senior Associate) တရားလွှတ်တော်ရှေ့နေ၏ ဖခင်ကြီး ဦးရုံးသည် ၃၁-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Rajah & Tann NK Legal Co.,Ltd. မိသားစု

ဦးတင်အေး
နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ် ၄၀နေ (ဦးပိုက်-ဒေါ်မြရင်)တို့၏သား၊ (ဒေါ်ခင်သိန်း)၏ခင်ပွန်း၊ ဒေါ်ခင်ခင်အေး(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)၊ (ဦးတက်ထွန်း) ဒေါ်လှလှအေး၊ ဦးထွန်းထွန်းအေး-ဒေါ်လှလှဝင်း၊ (ဦးကျော်ကျော်အေး)-ဒေါ်မြသန္တာခိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၃၁-၃-၂၀၁၇ရက်(သောကြာနေ့)ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးလှထွန်း အသက်(၇၄)နှစ်
ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ အထပ်သားစက်ရုံ၊ ဆွာမြို့

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ဦးစစ်ကိုလမ်း၊ အမှတ် ၂/၂၃၁၊ ရခိုင်စုရပ်နေ ဒေါ်လှိုင်၏ခင်ပွန်း၊ ဦးငွေးလွင်-ဒေါ်ချယ်ရီထွန်း၊ ဒေါက်တာအောင်ကျော်ဦး(ENT Surgeon၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့) - ဒေါ်စောဥမ္မာတင်၊ ဦးထွန်းလွင်ဦး၊ ဦးသက်နိုင်ဦး-ဒေါ်ခွာညိုထွန်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးကျော်သိန်းထွန်း(ခ)အဂ္ဂါမင်းမောင်
(St. Philips ကျောင်းသားဟောင်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၄လမ်း၊ အမှတ် (၁၃၈/ခ)နေ [ဗိုလ်ကြီးနေဒွန်း(ခ)ဦးမင်းမောင် (နိုင်ငံ့ဂုဏ်ရည်(ပ)ဆင့်)-ဒေါ်မေသိန်း]တို့၏သား၊ [ဦးတင်မောင် (ကရမက်စာပေ၊ ပေါင်းကူးပုံနှိပ်တိုက်)-ဒေါ်စန်းမြင့်]တို့၏သားသမက်၊ ဒေါ်အေးအေးခိုင်၏ခင်ပွန်း၊ ကိုစိုင်းမြတ်သူလှိုင် (ပင်လုံနှင်းဆီ ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်စုရတနာကျော်၊ ဒေါက်တာခိုင်ဝတ်ရည်ကျော်(လက်ထောက်ကထိက၊ ကလေးကျန်းမာပညာဌာန၊ ဆေး-၂)၊ ဗိုလ်ကြီးဟိန်းစိုးကျော်(အမှတ်-၂၂၊ တပ်မတော်ဆေးရုံ၊ ခုတင်-၁၀၀)-ဒေါ်မီမီကျော်တို့၏ချစ်လှစွာသောဖခင်၊ မောင်တာရာဟိန်း၊ မောင်ထူးထက်ဇော်(ခ) Daniel၊ မောင်ကောင်းကင်ဟိန်းတို့၏အဘိုးသည် ၃၁-၃-၂၀၁၇ရက်(သောကြာနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစောဝင်း
(LL.B) (စွမ်းအားအီလက်ထရွန်နစ်ကုမ္ပဏီ)
စွမ်းအားအီလက်ထရောနစ်ကုမ္ပဏီလီမိတက်
အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးစံခင်-ဒေါ်စောရီ)တို့၏သား၊ ဦးစိန်လွင်(တပ်ကြပ်ကြီး၊ အငြိမ်းစား) - ဒေါ်ခိုင်ဇာဝင်းတို့၏ညီ၊ ဦးဌေးဝင်း (နပခငွေစာရင်းဌာနခွဲ)၊ ဦးမောင်မောင်နိုင်-ဒေါ်အမှတ်ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နေ ဒုအရာခံဗိုလ်အောင်နိုင်-ဒေါ်သွယ်လေးတို့၏အစ်ကို၊ မန္တလေးမြို့၊ မြောက်ပြင် ဥပုသ်တော်ရပ်ကွက်နေ (ဦးရဲငွေ)-ဒေါ်စန်းရီတို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးမျိုးဦး-ဒေါ်ခင်စောမူ၊ မန္တလေးမြို့၊ မြောက်ပြင်နေ ဦးသိန်းအောင်-ဒေါ်ရီရီမာ(ခ)ဒေါ်ပေါက်၊ (ဦးကျော်ဝင်း)-ဒေါ်နီနီမာတို့၏မောင်၊ မုံရွာမြို့၊ အလုံတပ်မြို့နေ ဒုအရာခံဗိုလ်နိုင်ထွေး-ဒေါ်ဝင်းမာမာတို့၏အစ်ကို၊ မန္တလေးမြို့၊ မြောက်ပြင်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ် ၂၁နေ မမိုးယုသွယ်၏ဖခင်၊ ဒေါ်မိမိမိုး (မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စစ်ဆေးရေးဌာန)၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၄-၂၀၁၇ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရှမ်းယူနိုက်တက် အိမ်ကွင်းတွင်အနိုင်ရပြီး ရန်ကုန်အသင်း ရာသီဝက်ချန်ပီယံဖြစ်

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်

ရန်ကုန် မေ ၁

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) ပထမနေ့ကို ယနေ့ညနေပိုင်းက တောင်ကြီး YUSC ၊ သုဝဏ္ဏနှင့် ဝဏ္ဏသိဒ္ဓိကွင်းတို့၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း အနိုင်ရပြီး ရန်ကုန်အသင်း ရာသီဝက် ချန်ပီယံဖြစ်ခဲ့သည်။

တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းက Southern အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တစ်ရက်တည်းကစားသည့်ပွဲတွင် လက်ရှိချန်ပီယံ ရတနာပုံအသင်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အိမ်ကွင်း၌ အနိုင်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယနေရာကို ရယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ကစားရသောကြောင့် နိုင်ငံခြားသားတိုက်စစ်မှူးများဖြစ်သော ခရစ္စတိုဖာနှင့် ကင်မ်ကို တစ်ပြိုင်နက်အသုံးပြုကာ လူစုံပါဝင်ခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ဖိကစားနိုင်ခဲ့သော်လည်း Southern အသင်းအမှားမရှိခဲ့သောကြောင့် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက *စာမျက်နှာ ၁၂ ကော်လံ ၁* ■

ရှမ်းယူနိုက်တက်တိုက်စစ်မှူး စိုးမင်းဦး Southern ဘက်သို့ ပြစ်ဒဏ်ဘော ကန်သွင်းနေစဉ်

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များအားမေ ၂ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်

နေပြည်တော် မေ ၁

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအား မေ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။

ယနေ့ည ၉နာရီတွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအား ထုတ်ပြန်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက မဲဆန္ဒရှင်မိဘပြည်သူများအား မီဒီယာများမှတစ်ဆင့် ရှင်းလင်းပြောကြားစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို မဲဆန္ဒရှင်မိဘပြည်သူများအား ဆောလျင်စွာ အသိပေးလိုသော်လည်း ယခုအချိန်ထိ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် *စာမျက်နှာ ၇ ကော်လံ ၁* ✻

လယ်မြေကေတစ်သောင်းအား စစ်တောင်းမြစ်ရေလွှမ်းခြင်းမှ ကာကွယ်နိုင်ရန် ရေလျှံထိန်းတာပေါင်ပြုလုပ်နေ

သက်ဦး(သထုံ)

သထုံ မေ ၁

စစ်တောင်းမြစ်ဝှမ်း (ပွဲ့တန်ဆာလွင်ပြင်)နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝေါ၊ ဒိုက်ဦး၊ ပွဲ့တန်ဆာနှင့် ညောင်လေးပင်မြို့နယ်များမှ လယ်ယာမြေကေ တစ်သောင်းအား မိုးရာသီကာလတွင် စစ်တောင်းမြစ်ရေလွှမ်းခြင်းမှ ကာကွယ်နိုင်ရန် ဝေါမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့ရှိ တာဦးရွာမှ ဆင်ရွာအထိ ရေလျှံထိန်းတာပေါင် တာဖို့ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုရန်ပုံငွေကျပ်သန်းပေါင်း တစ်ထောင်ဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၆) သထုံမှ တာဝန်ယူကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီတာပေါင်က မိုးအခါ စပါးစိုက်လယ်မြေတွေကို စစ်တောင်းမြစ်ရေလွှမ်းတာက ကာကွယ်ပေးမှာဖြစ်သလို *စာမျက်နှာ ၇ ကော်လံ ၁* ❖

စစ်တောင်းမြစ်ရေလွှမ်းခြင်းမှ ကာကွယ်ရန် ရေလျှံထိန်းတာပေါင် တာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်

ထူးခြားသည့် မြစ်ရေအခြေအနေ

နေပြည်တော် မေ ၁

ဧရာဝတီမြစ်ရေသည် မတ် ၃၁ ရက်တွင် မြစ်ကြီးနားမြို့၌ ၇ ပေခွဲခန့် မြင့်တက်ခဲ့ပြီး မေ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တစ်ရက်အတွင်း ၂ ပေခွဲခန့် ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါ မြစ်ရေသည် ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် တစ်ရက်အတွင်း ၂ ပေခွဲမှ ၅ ပေခွဲခန့်အထိ မြင့် တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်နှစ်ရက်အတွင်း ရွှေကူမြို့နှင့်ကသာမြို့တို့တွင် ၂ ပေခွဲမှ ၆ ပေခန့်၊ နောက်နှစ်ရက်မှ ခြောက်ရက်အတွင်း သပိတ်ကျင်းမြို့ မန္တလေးမြို့ စစ်ကိုင်းမြို့ မြင်းမူမြို့ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၂ ပေခွဲမှ ၄ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

အစိုးရသစ်သက်တမ်း တစ်နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

● ခိုင်ကျော်ညို

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း

> တပ်မတော်အနေဖြင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက်ကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာတပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အတွက် ကာကွယ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နေသောလုပ်ငန်းများမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများအား ကူညီထောက်ပံ့မှု၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ပြန်လည်ဖွင့်လှစ်ပေးနိုင်မှု၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းဆောင်ရွက်မှုတို့ကို စုစည်းဖော်ပြအပ်ပါသည်။

တောမြိုင်ရဂုံဇီဝစုံ၏

သက်ရှိသတ္တဝါအားလုံးတို့သည် သဘာဝပတ်ဝန်းကျင်ကို အမှီပြုနေထိုင်ကြရသည်။ သဘာဝပတ်ဝန်းကျင်တွင် မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့တို့ အားလုံးပါဝင်နေကြရာ ရေမြေတောတောင်သဘာဝအရင်းအမြစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ၊ ဇီဝမျိုးစုံမျိုးကွဲဖြစ်သော သစ်ပင်ပန်းမန်များ ပေါက်ရောက်ရှင်သန်ရာနေရာနှင့် တိရစ္ဆာန်သတ္တဝါများ မှီတင်းနေထိုင်ရာတို့သည် သဘာဝပတ်ဝန်းကျင်ပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်အခြေအနေသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း သိသိသာသာ ယိုယွင်း ပျက်စီးလာခဲ့ရာ သဘာဝအလျောက် ယိုယွင်းပျက်စီးမှုအခြေအနေထက် လူတို့ပယောဂကြောင့် ပျက်စီးမှုက ပိုမိုများပြားကြောင်း လေ့လာတွေ့ရှိရသည်။

သဘာဝအလျောက် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု အခြေအနေများမှာ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ ရေကြီးရေလျှံခြင်းကြောင့် မြေထု၊ ရေထု၊ လေထုတို့ညစ်ညမ်းလာပြီး မြေဆီလွှာတိုက်စားခံရခြင်းတို့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများတွင် လူဦးရေထူထပ်ခြင်းနှင့် ဆင်းရဲကျပ်တည်းခြင်းတို့ကြောင့် သဘာဝအရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲကြရာမှ သစ်တောများပြုန်းတီးမှု၊ မြေဆီလွှာပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်လာမှုတို့သည် လူတို့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကြောင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်လာပြီး သဘာဝဘေးအန္တရာယ်များဖြစ်သည့် တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ရေကြီး ရေလျှံဖြစ်ခြင်း၊ မြစ်ချောင်းများတိမ်ကောခြင်း၊ မီးတောင်များ ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်းနှင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းတို့ကို ကမ္ဘာ့ပြည်သူများကြုံတွေ့နေကြရသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝဘေး အန္တရာယ်လျော့ပါးစေရန် သစ်တောများထိန်းသိမ်းရေးနှင့် သစ်ပင်စိုက်ပျိုးရေးကို နိုင်ငံအလိုက်အမျိုးသားအဆင့် မူဝါဒများ ချမှတ်ဆောင်ရွက်နေကြသည်။

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု (Provisional Services) များမှာ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ စားနပ်ရိက္ခာနှင့် ရေကောင်းရေသန့်ရရှိစေခြင်း၊ ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာဝန်ဆောင်မှု (Regulating Services) များမှာ ရာသီဥတုပြောင်းလဲမှုကိုထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ ရေနှင့် လေသန့်စင်မှုလုပ်ငန်းများ၊ မြေတိုက်စားမှု၊ မြေပြိုမှုကိုကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားကျရောက်မှုမှ ကာကွယ်ပေးခြင်းစသည်တို့ဖြစ်ကြောင်း သိရသည်။

တောတောင်စိမ်းမှစမ်းရေရ၏

သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်နိုင်ခြင်း၊ ရာသီဥတု ဖောက်ပြန်ပျက်စီးမှုများကို ကာကွယ်နိုင်ခြင်း၊ ရောဂါဆိုးများမပေါ်ပေါက်အောင် ဟန့်တားနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို စိမ်းစိုသာယာလှပစေနိုင်ခြင်းနှင့် ဂေဟစနစ်ကို ထိန်းညှိနိုင်ခြင်းစသော ကောင်းကျိုးများကို ရရှိမည့်အပြင် သစ်ပင်သစ်တောများသည် ရေကိုစုစည်းခြင်း၊ သိုလှောင်ခြင်း၊ ပတ်ဝန်းကျင်ကိုဖြန့်ဖြူးခြင်း၊ လူသားတို့အတွက် ကောင်းကျိုးမပြုသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူ၍ အောက်ဆီဂျင်ဓာတ်ငွေ့ကိုထုတ်ပေးခြင်း၊ အပူရှိန်ကို စုပ်ယူခြင်း၊ ပတ်ဝန်းကျင်ရောင်ပြန်ဟပ်မှုနည်းပါးခြင်း၊ လေပြင်း တိုက်ခတ်မှုများကို ကြားဖြတ်ဟန့်တားခြင်း၊ မြစ် / ချောင်း / ရေကာတာတို့အား နုန်းမြေတင်မှုကိုကာကွယ်ပေးခြင်း၊ မြေဆီလွှာများဖြစ်ပေါ်စေခြင်းနှင့် ထိန်းသိမ်းပေးခြင်း၊ အမြင့်ပိုင်းမှလာသော လေအေးလှိုင်းများဒဏ်မှ ကာကွယ်ပေးခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိစေပါသည်။

တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်နေသည်သာမက

အချပ်ပို (ခ) သို့

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်သားများနှင့် မိသားစုဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးစဉ်

အချပ်ပို(က)မှ

နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် နိုင်ငံတစ်ဝန်း ထာဝစဉ်စိမ်းလန်းစိုပြည်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တပ်မတော်တစ်ရပ်လုံးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်၍ သစ်ပင်များ စိုက်ပျိုးလျက်ရှိရာ ၂၀၁၆ ခုနှစ် မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးပွဲတော် သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် စက်မှုကုန်ကြမ်း သီးနှံပင် ၅၈၇၈၁ ပင်၊ ရတနာတန်းဝင်ပင် ၃၆၄၂၃၂ ပင်၊ နှစ်ရှည်သီးနှံပင် ၂၂၃၈၀၇ ပင်၊ အရိပ်ရလေကာပင် ၅၅၅၇၄၉ ပင် စုစုပေါင်း ၁၂၂၂၅၆၉ ပင်အား စိုက်ပျိုးနိုင်ခဲ့ပါသည်။

သဘာဝဘေးကယ်ဆယ်ရေးကူညီထောက်ပံ့ပေး

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများလျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအမံများ ထည့်သွင်းဆောင်ရွက်သည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ"ကို ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇) ပုဒ်မ-၃၄၁၌ **နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်ကကူညီဆောင်ရွက်ရမည်**ဟု ပြဋ္ဌာန်းထားသကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ-၁(ဏ)တွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဘေးသင့်သူများအား အကူအညီပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအပြင် လိုအပ်ပါက တပ်မတော်၏အကူအညီများ ရယူဆောင်ရွက်ခြင်းဟူ၍ လည်းကောင်း၊ ပုဒ်မ-၁(တ)တွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသတွင် လုံခြုံရေးဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အင်အားအပြင် လိုအပ်ပါကတပ်မတော်၏ အင်အားကိုရယူဆောင်ရွက်ခြင်းဟူ၍လည်းကောင်း၊ ပုဒ်မ-၁၅(ဆ)တွင် ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ အကူအညီများရယူရန် စီမံထားရှိခြင်းဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် တပ်မတော်အနေဖြင့် **သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက်ကူညီဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာတပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက် ညွှန်ကြားထားရှိပြီး ဖြစ်ပါသည်။

ထို့ကြောင့် တပ်မတော်သည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ဂီရိဆိုင်ကလုန်းမုန်တိုင်း၊ တာလေငလျင်၊ ၂၀၁၁ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း ရေကြီးမှုများ၊ ရွှေဘိုငလျင်၊ မဟာဆင်မုန်တိုင်း (ရခိုင်ဒေသ)၊ ၂၀၁၅ ခုနှစ်တွင် ကိုမန်မုန်တိုင်းကြောင့် ဖြစ်ပွားခဲ့သည့် ရေကြီး/ရေလျှံမှု၊ မြေပြိုမှုများစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အချိန်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တပ်မတော်မိသားစုဝင်များကလည်း ငွေကြေး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ခုနှစ် အစိုးရသစ်လက်ထက် တာဝန်ယူချိန်ကာလအတွင်း ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းနှင့် မီးလောင်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့် အချိန်တိုင်းတွင် တပ်မတော်သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် လေပြင်းတိုက်ခတ်မှုကြောင့် စေတီပုထိုးများနှင့် လူနေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ပြီး တပ်မတော်မှ ဘုရားစေတီ ၉၄၄ ဆူ၊ ဘုန်းကြီးကျောင်း ၅၈ ကျောင်း၊ အိမ်ခြေ ၄၆၈၇ လုံး၊ စာသင်ကျောင်း ၆၄ ကျောင်း၊ ဆေးရုံငါးရုံတို့ကို ပြုပြင်ပေးခြင်းများဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၁၆ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တနင်္သာရီတိုင်းဒေသကြီး၌ မြစ်ရေကြီးမှုများဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၇၇၇၇ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရာတွင် တပ်မတော်ပိုင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၄၁ ခေါက်၊ ကုန်တန်ချိန် ၁၂၇ တန်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ဖိုးငွေကျပ် ၁၁၉ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း၌ဖြစ်ပွားခဲ့သည့် ပုဂံငလျင်တွင် ပျက်စီးသွားသော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များမှ အလှူငွေကျပ် ၇၉၈ သန်းကျော် ပေးအပ်လှူဒါန်းနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၅၈၀ စု ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ဖိုးငွေကျပ် ၁၃ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

တို့ပြည်မှာ ရန်မရောက်အောင် တို့စောင့်ရှောက်ကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်တို့သည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း အေးအတူပူအမျှ အတူတကွနေထိုင်လျက်ရှိကြရာ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော လူဦးရေနှင့် သန်းခေါင်စာရင်းအရ လူဦးရေစုစုပေါင်း ၅၁ ဒသမ ၄ သန်းကျော်ရှိပြီး လူဦးရေတိုးနှုန်းမှာ တစ်နှစ်အတွင်း ပျမ်းမျှ ၀ ဒသမ ၈၉ ရာခိုင်နှုန်းရှိသဖြင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်အရ ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၇၀ ခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ နိုင်ငံတော်လက်ရှိလူဦးရေမှ အလုပ်လုပ်နိုင်သောလူဦးရေ (အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း)သည် ၆၅ ဒသမ ၆ ရာခိုင်နှုန်းရှိပါသည်။ လူဦးရေသိပ်သည်းမှုအနေဖြင့် ၁ စတုရန်း ကီလိုမီတာလျှင် ပျမ်းမျှ ၇၆ ဦးနေထိုင်လျက်ရှိပါသည်။ မသန်စွမ်းသူဦးရေသည် နိုင်ငံတော်လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိပါသည်။

မျက်မှောက်ကာလ ဘက်စုံစစ်ပွဲဆင်နွှဲနေကြသော အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့လက်တွဲ၍ ပြည်သူ့စစ်မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ယနေ့ခေတ်လုံခြုံရေးသည် စစ်မှုရေးရာတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် အားလုံးပတ်သက်ဆက်နွှယ်နေကြောင်း ကမ္ဘာ့နိုင်ငံများမှ ဖြစ်စဉ်ဖြစ်ရပ်များ အရ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့ဘဝလုံခြုံရေးအတွက် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် လေ့ကျင့်ရေးသင်တန်းများ ပြန်လည် ဖွင့်လှစ်သင်ကြားပေးနိုင်မှုအခြေအနေများကို ဖော်ပြအပ်ပါသည်။

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိစေရန်နှင့် နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက လေ့ကျင့်သားပြည့်ဝသည့် အရန်အင်အားစုတစ်ခု တည်ဆောက်ထားရှိပြီးဖြစ်ရန်အတွက် ၂၀၁၂-၂၀၁၃ ပညာသင် နှစ်မှစ၍ တက္ကသိုလ်လေ့ကျင့်ရေးတပ်များဖွင့်လှစ်ခဲ့ပါသည်။ အမှတ်(၂)နှင့် အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် အခြေခံနှင့် တန်းမြင့်စစ်ပညာသင်တန်း နှစ်နှစ်သင်ရိုးဖြင့် ဆန္ဒပြုသည့် တက္ကသိုလ်ဆရာများနှင့် ကျောင်းသားများကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပညာရေးစနစ် လေးနှစ်သို့ ပြောင်းလဲသွားသဖြင့်ယခင် ၁၉၇၉-၁၉၈၀ပြည့်နှစ်မတိုင်မီ သင်ရိုးညွှန်းတမ်းများအတိုင်း လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် သင်တန်းများ ပြန်လည်ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အမှတ်(၄) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင်လည်း သင်တန်းဖွင့်လှစ်၍ ကျောင်းသူများကိုပါ သင်ကြားပေးနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့်ဦးရေမှာ ဆရာ ၄၂ ဦး၊ ဆရာမ ၂၆ ဦး၊ ကျောင်းသား ၁၅၂၃ ဦးနှင့် ကျောင်းသူ ၁၆၀၈ ဦး စုစုပေါင်း ၃၁၉၉ ဦး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့်ဦးရေမှာ ဆရာ ၂၄ ဦး၊ ဆရာမ ၂၃ ဦး၊ ကျောင်းသား ၁၇၃၇ ဦးနှင့် ကျောင်းသူ ၂၃၅၇ ဦး စုစုပေါင်း ၄၁၄၁ ဦး ဖြစ်ပါသည်။

အချပ်ပို(ဂ) သို့

မျက်မှောက်ကာလ ဘက်စုံစစ်ပွဲဆင်နွှဲနေကြသောအချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့လက်တွဲ၍ ပြည်သူ့စစ်မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ယနေ့ခေတ်လုံခြုံရေးသည် စစ်မှုရေးရာတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် အားလုံးပတ်သက်ဆက်နွှယ်နေကြောင်း ကမ္ဘာ့နိုင်ငံများမှ ဖြစ်စဉ်ဖြစ်ရပ်များအရ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့ဘဝလုံခြုံရေးအတွက် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုလို

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

အချပ်ပို(ခ)မှ

တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ဖွင့်လှစ်ရခြင်းမှာ တက္ကသိုလ်ပညာရပ်များ သင်ကြားပြီးနောက် တပ်မတော် အရာရှိများအဖြစ် ထမ်းဆောင်နိုင်ရန်၊ ပြည်သူ့စစ်မဟာဗျူဟာအတွက် အခြေခံအင်အားစုတစ်ရပ်အနေဖြင့် တည်ဆောက်ထားရန်၊ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာ၌ အရည်အသွေးပြည့်ဝပြီး ကိုယ်ကျင့်တရား၊ စည်းကမ်း၊ စိတ်ဓာတ်ကောင်းမွန်စေရန်၊ ပြည်သူ့စစ်အခြေခံသဘောတရားများ ပြည့်ဝလာစေရန်နှင့် ကာကွယ်ရေးဆိုင်ရာ အသိအမြင်များ ရရှိစေရန်ဖြစ်ပါသည်။

တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား သင်တန်းတက်ရောက် လေ့ကျင့်စေခြင်းဖြင့် နိုင်ငံတော်၏မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ထိန်းလိုသော စိတ်ဓာတ်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာနိုင်စေမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ နိုင်ငံတော်အတွက် အားထားရသော နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

အကြင်နာ စေတနာ ဘေးကင်းကွာ ပြည်သူများကျန်းမာကြစေရာ

တပ်မတော်က ထမ်းဆောင်နေသော နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တို့တွင် ဆေးဝန်ထမ်းတပ်ဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြင့် ပါဝင်ထမ်းဆောင်လျက်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တာဝန်ထမ်းဆောင်ရာတွင် တပ်မတော်သားများနှင့်မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသကဲ့သို့ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ ပြုစုစောင့်ရှောက်ပေးလျက် ရှိပါသည်။

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် အခမဲ့ကျန်းမာရေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသော်လည်း ဝေးလံခေါင်းပါး၍ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လျက်ရှိသော ကျေးလက်ဒေသများသို့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် အထူးဆေးကုသမှုအဖွဲ့များစေလွှတ်၍လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့်လည်းကောင်း၊ ဒေသခံပြည်သူလူထုများအား ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် အကြိမ်အရေအတွက် ၂၉၈၃ ကြိမ်၊ ဆေးဝါးကုသမှုခံယူသည့် ပြည်သူ ၁၃၃၂၀၁၂ ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၁၃ ဦးအား တပ်မတော်ဆေးရုံများသို့ ပြောင်းရွှေ့တက်ရောက်စေ၍ ဆေးကုသမှုများလုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။

ရွှေ့လျားခွဲစိတ်ယာဉ်၊ ဓာတ်ခွဲယာဉ်နှင့် ဓာတ်မှန်ရိုက်ယာဉ်များပါဝင်သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါကအချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိပါသည်။

ရွှေ့လျားခွဲစိတ်၊ ဓာတ်ခွဲနှင့် ဓာတ်မှန်ယာဉ်များဖြင့် ပြည်သူလူထုအတွင်းအဖြစ်များသော တီဘီရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ နာတာရှည်အဆစ်ရောင်ရောဂါ၊ ထိခိုက်အရိုးကျိုးဒဏ်ရာများနှင့် ရင်သားကင်ဆာရောဂါများ ရှာဖွေဖော်ထုတ်ကုသပေးနိုင်ခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်း၊ အသေးစားခွဲစိတ်မှုများ၊ အကြီးစားခွဲစိတ်မှုများ၊ အရေးပေါ်ခွဲစိတ်မှုများနှင့် မျက်စိခွဲစိတ်မှုများ ပြုလုပ်ပေးခဲ့ရာ ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ခုနစ်ကြိမ်ဆောင်ရွက်ခဲ့ကာ အထွေထွေရောဂါ၊ ခွဲစိတ်မှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၉၅၉၁၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပါသည်။

မြို့ ရွာနှင့် အလှမ်းကွာဝေးကာ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ကျန်းမာရေးဝန်ထမ်းများ လက်လှမ်းမမီသည့် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူများထံသို့ တပ်မတော်မှ အထူးကုပါရဂူကြီးများ၊ ဆေးမှူးများ၊ သူနာပြု(အရာရှိ)များ လိုက်ပါပြီး CT Scan Room, Minor Eye Operation Room, Minor Operation Theatre ၊ အထူးကြပ်မတ်ကုသဆောင်၊ ECG နှင့် နှလုံးရောဂါရှာဖွေစစ်ဆေးသည့် Echo စက်၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်စက်၊ သွေးအတွင်း ရောဂါရှာဖွေရေးစက်များ၊ မျက်စိ၊ နား၊ နှာခေါင်း စမ်းသပ်စက်များနှင့် သားဖွား၊ မီးယပ်လူနာများကို ကုသပေးနိုင်သည့် သားဖွားခန်းတစ်ခန်းပါရှိကာ ၂၅ ခုတင်ဆံ့ အဆင့်မြင့်ဆေးရုံတစ်ခုနှင့်ညီမျှသည့် ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ် မတ် ၁၈ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၆ ရက်ကာလအတွင်း ရန်ကုန်မှ ဟိန်းဇဲ၊ ဂျာလန်းကျွန်း၊ ဟိုင်းကြီးကျွန်းနှင့် ကျောက်ဖြူမြို့များသို့ သွားရောက်ကာ ကြည့်ရှုကုသပေးခဲ့ပြီး အထွေထွေရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၄၀၈၁၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ ဆေးရုံရေယာဉ်သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်ခြောက်ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည့်အပြင် ဟိုင်းကြီးကျွန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် ပုံမှန်အတိုင်းမွေးဖွားနိုင်ခြင်းမရှိသည့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကိုလည်း ဆေးရုံရေယာဉ်ပေါ်ရှိ ခွဲစိတ်ခန်း၌ မိခင်နှင့် ကလေးအား ကျန်းမာစွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၂၈ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်အထိ ရန်ကုန်မှ သာယာဝဲ၊ ဘိတ်တွတ်၊ ကန်ကြီးထောင့်၊ ဘိုကလေးမြို့တို့သို့သွားရောက်ကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူစုစုပေါင်း ၃၈၇၆၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်ငါးဦးအား ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်းတွင် အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ နာဂဒေသ လဟယ်မြို့နယ် ထန်ခေါ်လမ္ဘရွာနှင့် နန်းယွန်းမြို့နယ် ကဲဆန်ကားလန်ရွာတို့တွင် ဝက်သက်ရောဂါပြန့်ပွားမှုနှင့် ပတ်သက်၍ ဒေသခံပြည်သူ ၁၇၈၅ ဦးကို ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးကုသခြင်း၊ ၁၅၀၅၃ ဦးကို ဝက်သက်ကာကွယ်ဆေးထိုးခြင်း၊ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း ဒေသခံပြည်သူ ၈၆၃၂၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ပါရဂူ၊ ဆေးမှူးအရာရှိများအနေဖြင့် နာဂဒေသရှိ မြို့နယ် ၂၂ မြို့နယ်တွင်ဆေးကုသမှုလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့်အပြင် ကျောင်းသားလူငယ်များ၏ အတန်းပညာသင်ကြားရေးတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပါသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆ ခုနှစ် မေ ၅ ရက်မှ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၅ ရက်ကာလအတွင်း ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူအမျိုးသား ၃၃၉၁ ဦး၊ အမျိုးသမီး ၅၃၈၄ ဦး စုစုပေါင်း၈၇၇၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၄ ရက်ကာလအတွင်းရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နယ်အတွင်းရှိ မီးဘေးသင့်ပြည်သူ အမျိုးသား ၅၄၉ ဦး၊ အမျိုးသမီး ၁၆၄၄ ဦး စုစုပေါင်း ၂၁၉၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပါသည်။

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် စဉ်ဆက်မပြတ် ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

သတ်မှတ်အရည်အချင်းပြည့်မီသူကိုသာ စစ်မှုထမ်းခွင့်ပြုပါသည်

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရန် ရည်မှန်းချက်ထား အကောင်အထည်ဖော်လျက်ရှိရာ အသက် ၁၈ နှစ်ပြည့်ပြီး ကျန်းမာရေးကောင်းမွန်သော နိုင်ငံသားများကို မိမိဆန္ဒအလျောက် တပ်မတော်တွင်ဝင်ရောက် တာဝန်ထမ်းဆောင်ခွင့်ပြုပါသည်။ တပ်မတော်သို့ တပ်သားသစ်အဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသူများ စစ်သားစုဆောင်းရေးတပ်များသို့ လာရောက်စဉ် ယူဆောင်လာရမည့် အထောက်အထား စာရွက်စာတမ်းများမှာ နိုင်ငံသားစိစစ်ရေးကတ်၊ ကျောင်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို တင်ပြရန်လိုအပ်ပါသည်။ အထောက်အထားအပြည့်အစုံတင်ပြနိုင်သူကိုသာ တပ်သားသစ်အဖြစ် လက်ခံစာရင်းသွင်းပေးပါသည်။

တပ်မတော်စစ်သား စုဆောင်းရေးတပ်များသို့ လာရောက်အပ်နှံသည့် တပ်သားလောင်းများအား အထက်ပါစာရွက်စာတမ်းများအပြင် အသက် ၁၈ နှစ်မပြည့်သေးကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက လက်ကောက်ဝတ်အား အရိုးဓာတ်မှန်ရိုက်၍ အသက်အရွယ် ပိုင်းခြားပြီး စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အသက်ငယ်ရွယ်သူများ မှားယွင်းစွာမပါရှိစေရေး အဆင့်ငါးဆင့်ဖြစ်သည့် စုဆောင်းရေးတပ်ဖွဲ့ဝင်များမှ စတင်စုဆောင်းစဉ်စိစစ်ခြင်း၊ တပ်မတော်စစ်သား စုဆောင်းရေးတပ်များတွင် တပ်မှူး ဦးစီးဘုတ်အဖွဲ့ဖြင့်စိစစ်ခြင်း၊ တပ်မတော်စစ်သား စုဆောင်းရေးတပ်များတွင် စုစည်းထားရှိစဉ် လေ့ကျင့်ရေးတပ်များက ကိုယ်စားလှယ်ဖြင့် လာရောက်ခေါ်ယူစဉ် စိစစ်ခြင်း၊ လေ့ကျင့်ရေးတပ်များသို့ ရောက်ရှိစဉ် တပ်မှူးဦးစီးဘုတ်အဖွဲ့ဖြင့် ထပ်မံ စိစစ်ခြင်း၊ သင်တန်းဆင်းပြီးနောက် တပ်ရင်း/တပ်ဖွဲ့များသို့ ရောက်ရှိစဉ် တပ်မှူးဦးစီးဘုတ်အဖွဲ့ဖြင့် စိစစ်ခြင်း စသည်တို့ဖြင့် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါသည်။

တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးရေးကိစ္စများကို ၂၀၀၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့မှုများအား ပထမဦးစွာဖော်ပြလိုပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၅-၁-၂၀၀၄ ရက်စွဲပါစာအမှတ်၊ ၂၀၅/နယက(ဥ)/ကစ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၈/၂၀၁၄၊ စာအမှတ်၊ ၁၁၂(၂)/၈/သမ္မတရုံးဖြင့် အဖွဲ့ဝင်နှစ်ဦး ထပ်မံဖြည့်စွက်ကာ အဖွဲ့ဝင် ၁၃ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ United Nation Country Task Force on Monitoring and Reporting (UNCTFMR) နှင့် Plan of Action စာချုပ်အား လက်မှတ်မရေးထိုးမီ ၂၀၁၂ ဇွန်လ ၂၆ ရက်နေ့အထိ အရွယ်မရောက်သေးသူကလေးသူငယ် ၅၉၇ ဦးအား တပ်မတော်မှ နုတ်ထွက်ခွင့်ပေးခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် United Nation Country Task Force on Monitoring and Reporting (UNCTFMR)တို့ အကြား ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် (Plan of Action)စာချုပ်အား ၂၇-၆-၂၀၁၂ ရက်နေ့တွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်၌ ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန ဦးဆောင်၍ နှစ်ဖက်သဘောတူလက်မှတ် ရေးထိုးခဲ့ပြီးနောက်

အချပ်ပို(ဃ)သို့

သဘာဝဘေးအန္တရာယ်ကြောင့် အများပြည်သူသုံး လမ်းမကြီးများပျက်စီးခဲ့ရာ တပ်မတော်သားများက ကူညီဆောင်ရွက်ပေးနေစဉ်

တပ်မတော်သားများ ကြံ့ခိုင်မှုစွမ်းရည် ပြည့်ဝစေရန် လေ့ကျင့်နေစဉ်

အချပ်ပို(ဂ)မှ

အစိုးရသစ်မတိုင်မီ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က)ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် UNCTFMR တို့ တွေ့ဆုံဆွေးနွေးပွဲများအား ကုန်သည်ကြီးများဟိုတယ်တွင် ၁၂ ကြိမ်၊ ကာကွယ်ရေးဝန်ကြီးရုံးတွင် ၁၇ ကြိမ် ယူနီဆက်ဖ်ရုံးတွင် ၁၀ ကြိမ်၊ အမရာဟိုတယ်တွင် တစ်ကြိမ်၊ ရှန်ဂရီလာဟိုတယ်တွင် တစ်ကြိမ် စုစုပေါင်း ၄၁ ကြိမ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

(ခ) Monitoring Visit အနေဖြင့် ဌာနချုပ် ၁၆ ခု၊ ခြေလျင်/ခြေမြန်တပ်ရင်း ၇၈ ရင်း၊ လက်ရုံး/ဝန်ထမ်း ၆၁ တပ်သို့ ၄၂ ကြိမ် သွားရောက်ရာတွင် တပ်မတော်မှ အကြီးတန်းဆက်ဆံရေးအရာရှိတစ်ဦး လိုက်ပါဆောင်ရွက်ပေးခဲ့ပါသည်။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သားအဖြစ်စုဆောင်းခြင်းနှင့် အသုံးပြုခြင်း အဆုံးသတ်စေရေးအတွက် စံချိန်စံညွှန်း ၂၁ ချက်ပါ သဘောတူညီမှုများကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင်ရေးဆွဲခဲ့ပြီး ပူးတွဲဆောင်ရွက်ခဲ့ပါသည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် UNCTFMR တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်း စီမံချက်အရ လူထုပညာပေးအစီအစဉ်များ ဆောင်ရွက်ရန် လက်ကမ်းစာစောင် ၃၀၀၀၀၊ နံရံကပ်ပိုစတာ ၄၈၄၀ နှင့် နံရံကပ်ကြော်ငြာ ၃၀၀၀၀ တို့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တစ်ဆင့်သက်ဆိုင်ရာမြို့နယ်များအတွင်း ဖြန့်ဝေနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူးများထံသို့ ပေးပို့ခဲ့ပြီး Billboard ၂၈၆ ခုအား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ထူခဲ့ပါသည်။ ထို့အပြင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ခြောက်လတာကာလအတွင်း နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ခြင်းနှင့် သတင်းစာများတွင် ပညာပေးကြော်ငြာများ ထည့်သွင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အသက်မပြည့်စုဆောင်းမှုဆိုင်ရာ National Campaign Materials များအား ပုဂ္ဂလိကသတင်းစာခြောက်စောင်ဖြစ်သည့် The Voice Weekly၊ The Voice Daily၊ 7 Days Journal၊ Yangon Time၊ Flower News Journal နှင့် Myanmar Times တို့တွင် နှစ်ရက်ထည့်သွင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

(ဃ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် UNCTFMR တို့ပူးပေါင်း၍ ၃-၉-၂၀၁၂ ရက်နေ့မှ ၃၁-၃-၂၀၁၆ ရက်နေ့အထိ တပ်မတော်သို့ဝင်ရောက်စဉ် အသက် ၁၈ နှစ်ပြည့်မြောက်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၇၄၄ ဦးအား တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

(င)အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများအား အရာရှိ ၁၂၄၅၉ ဦး၊ အခြားအဆင့် ၂၆၄၁၂ ဦး၊ စုစုပေါင်း ၃၈၈၇၁ ဦးတို့အား တိုင်းစစ်ဌာနချုပ်များအစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ဆက်လက်၍လည်း တိုင်းစစ်ဌာနချုပ်အလိုက် နှစ်လတစ်ကြိမ် ဖွင့်လှစ်လျက်ရှိပါသည်။

(စ)တပ်မတော်သို့ဝင်ရောက်စဉ် အသက် ၁၈ နှစ်မပြည့်သေးသည့်စစ်သည်များအား စုဆောင်းမှုနည်းလမ်း မမှန်ဘဲမှားယွင်းစုဆောင်းခဲ့သည့် အရာရှိ ၇၈ ဦး၊ အခြားအဆင့် ၃၂၃ ဦး၊ စုစုပေါင်း ၄၀၁ ဦးအား စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း CTFMR နှင့် ပူးပေါင်းဆောင်ရွက်မှုများ

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေးကိစ္စရပ်များကို CTFMR နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် နိုင်ငံတော်သမ္မတရုံး၏ ၁၁-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၂/(၂)/၈/ သမ္မတရုံးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ခ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့ တွေ့ဆုံဆွေးနွေးပွဲများအနေဖြင့် ကာကွယ်ရေးဝန်ကြီးရုံးတွင် သုံးကြိမ်၊ ယူနီဆက်ဖ်ရုံးတွင်တစ်ကြိမ်၊ စုစုပေါင်း လေးကြိမ် ပြုလုပ်ခဲ့ပါသည်။

(ဂ) Monitoring Visit အနေဖြင့် CTFMR မှ အဖွဲ့ဝင်များသည် ခြေလျင်/ခြေမြန်တပ်ရင်း (၄)ရင်း၊ လက်ရုံး/ဝန်ထမ်း(၉)တပ်၊ စုစုပေါင်း တပ်ရင်း/တပ်ဖွဲ့(၁၃) ခုသို့ သွားရောက်ရာတွင် တပ်မတော်အကြီးတန်း ဆက်ဆံရေးအရာရှိတစ်ဦး လိုက်ပါဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(ဃ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့ပူးပေါင်း၍ တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်ပြည့်မြောက်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၆၆ ဦးအား အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ၉-၉-၂၀၁၆ ရက်နေ့တွင် တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍မိဘ/အုပ်ထိန်းသူများထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

(င) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများအား အရာရှိ ၂၅၁၂ ဦး၊ အခြားအဆင့် ၈၃၇၃ ဦး စုစုပေါင်း ၁၀၈၈၅ ဦးတို့အား တိုင်းစစ်ဌာနချုပ်များ အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ဆက်လက်၍လည်း တိုင်းစစ်ဌာနချုပ်အလိုက် နှစ်လတစ်ကြိမ် ဖွင့်လှစ်လျက်ရှိပါသည်။

(စ) တပ်မတော်သို့ဝင်ရောက်စဉ် အသက် ၁၈ နှစ်မပြည့်သေးသည့်စစ်သည်များအား စုဆောင်းမှုနည်းလမ်း မမှန်ဘဲမှားယွင်းစုဆောင်းခဲ့သည့် အရာရှိ ၈ ဦး၊ အခြားအဆင့် ၁၂ ဦး စုစုပေါင်း ၂၀ အား စစ်စည်းကမ်းအရ အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူကလေးသူငယ်တားဆီးကာကွယ်ရေးအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် CTFMR နှင့်ပူးပေါင်း၍ Plan of Action စာချုပ်အား လက်မှတ်ရေးထိုးကာ စာချုပ်ပါအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံရသူများ စစ်မှုထမ်းဆောင်နေခြင်း လုံးဝမရှိစေရေး ဖော်ထုတ်လျက်ရှိပြီး မြန်မာ့တပ်မတော်အား ကလေးစစ်သားအသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး CTFMR (မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့)နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန်ကို ထမ်းဆောင်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတို့ ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးကို တပ်မတော်၏ ရည်ရွယ်ချက်အဖြစ် မြဲမြံစွာခံယူထားပါသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားကို တပ်မတော်က ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူတို့နှင့် လက်တွဲ၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ရှာကြီးတစ်ရှာအလား ပြောင်းလဲလာခဲ့သော ကမ္ဘာကြီးအတွက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP 21)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကမ္ဘာကြီး၏အပူချိန်ကို စက်မှုတော်လှန်ရေး မတိုင်မီကထက် ၂ ဒီဂရီဆဲလ်စီးရပ်အထိ မကျော်လွန်စေရေး ဆွေးနွေးခဲ့ကြပါသည်။ အကယ်၍ ကမ္ဘာကြီး၏ အပူချိန်သည် ၂ ဒီဂရီဆဲလ်စီးရပ်ထက် ပိုမိုပူနွေးပါကလူဦးရေသန်း ၃၀၀ ခန့် ဆင်းရဲဒုက္ခခံစားရဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားကြသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် မြေထု၊ ရေထု၊ လေထုတို့ ယိုယွင်းပျက်စီး၊ အရည်အသွေးကျဆင်းမှုများကို ကာကွယ်ရန် သစ်ပင်များ စိုက်ပျိုးရေးကို တပ်မတော်က အလေးအနက်ထား၍ ဆောင်ရွက်နေပါသည်။

သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးတို့ကိုလည်း ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ တပ်မတော်က ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါသည်။ သိပ္ပံနှင့်နည်းပညာအရှိန်အဟုန်ဖြင့် တိုးတက်လာချိန်တွင် ကမ္ဘာ့နိုင်ငံတိုင်း မိမိနိုင်ငံကာကွယ်ရေးအင်အား တောင့်တင်းအောင်ကြိုးပမ်းနေကြပါသည်။ မြန်မာနိုင်ငံကာကွယ်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်လျက်ရှိရာတွင် အသက် ၁၈ နှစ်ပြည့်ပြီး သတ်မှတ်အရည် အချင်းပြည့်စုံသော နိုင်ငံသားများကို ကာယကံရှင်၏ဆန္ဒအရ တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခွင့်ပြုထားပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၈)ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားစေကာမူ အရည်အချင်းပြည့်မီသူများကိုသာ စစ်မှုထမ်းခွင့်ပြုထားပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကို ချမှတ်ထားပါသည်။ ၂၁ ရာစု နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတို့၏ အဓိပ္ပာယ်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူများအားလေ့ကျင့်ထားရန် လိုအပ်ချက်နှင့်အညီ တက္ကသိုလ်အရန်တပ်ရင်းများမှ သင်တန်းများကို ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကိုလည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း (UNCTFMR)နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ အလုပ်လုပ်နိုင်မှတစ်ဦးချင်းဝင်ငွေတိုးတက်လာပြီး နိုင်ငံတော်၏ ပြည်တွင်းထုတ်ကုန်စုစုပေါင်းတန်ဖိုး(GDP)မြင့်မားလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ကုသပေးရန် လိုအပ်သော ဒေသများနှင့် ကျေးလက်ဒေသများသို့ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များ သွားရောက်ကုသပေးလျက်ရှိပါသည်။

ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုမှ သန္ဓေတည်ပေါက်ဖွားလာသော တပ်မတော်၏ မွန်မြတ်သော အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို ဦးလည်မသုန်ထမ်းဆောင်လျက်ရှိသော တပ်မတော်ဖြစ်ပါသည်။ ။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်
ဒေါက်တာ ဒေါ်လဲ့လဲ့မော်

တနင်္သာရီတိုင်းဒေသကြီး၏ တစ်နှစ်တာခရီးလမ်း

အောဝမ်းစိုး

မြန်မာနိုင်ငံတောင်ပိုင်းရှိ တနင်္သာရီဒေသသည် လွန်ခဲ့သည့် ၁၅ ရာစုနှစ်ကတည်းက ကမ္ဘာ့ကုန်သွယ်ရေးကြောင်းသွားလာမှုတွင်လွန်စွာအရေးပါသည့် ဒေသတစ်ခုဖြစ်သည်ဟု မှန်နန်းရာဇဝင်၊ ရှေးဟောင်း တရုတ်မှတ်တမ်းများနှင့်အနောက်ဥရောပခရီးသွားမှတ်တမ်းများတွင် ဖော်ပြထားကြောင်းသိရသည်။ ယနေ့မျက်မှောက်ကာလတွင်လည်း မဟာဗျူဟာအရ အလွန်အရေးပါသည့် ထားဝယ်ရေနက် ဆိပ်ကမ်းကဲ့သို့ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာကုန်သွယ်ရေးကြောင်းသွားလာမှုတွင် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ရှည်မျောမျောနှင့် ခပ်ကွေးကွေး သဏ္ဌာန်တည်ရှိ

တနင်္သာရီတိုင်းဒေသကြီးသည် ပထဝီမြေမျက်နှာသွင်ပြင် အနေအထားအရ မြေပုံပေါ်တွင် ရှည်မျောမျောနှင့် ခပ်ကွေးကွေး သဏ္ဌာန်တည်ရှိနေသည်။ မြန်မာနိုင်ငံ တောင်ဘက်စွန်းတွင် တည်ရှိပြီး အရှေ့နှင့်အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။ ဧရိယာအားဖြင့် ၁၆၇၃၅ စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

မြန်မာနိုင်ငံတွင် ကျွန်းပေါင်း ၁၀၀၀ ခန့်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၀၀ ကျော် တည်ရှိသည်။ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် သာယာလှပသည့် ကျွန်းစုများကြောင့် ကမ္ဘာ့လှည့်ခရီးသွားများကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းများဖြစ်ထွန်းပြီး ခဲမဖြူ၊ အဖြိုက်နက်၊ ပုလဲ၊ ငှက်သိုက်စသည့် သဘာဝသယံဇာတများ ထွက်ရှိသောကြောင့် စီးပွားရေးအရ အားထားရသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

စီးပွားရေးတိုးတက်မှု

တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ခုနှစ် စီမံကိန်း ရည်မှန်းချက်အား ကျပ်သန်းပေါင်း ၂၀၈၅၆၅၅ ဒသမ ၆ သန်း ရရှိရန် ရည်မှန်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်အထိ (ဒေသစာရင်းအရ) ကျပ်သန်းပေါင်း ၁၇၈၁၈၁၅ ဒသမ ၆ သန်း (၈၅ ဒသမ ၄ ရာခိုင်နှုန်း) ရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု သိရသည်။

ရေခူများ

ရေလုပ်ငန်းကလည်း ပြည်တွင်းအပြင် ပြည်ပအထိ ထုတ်လုပ်ဖြန့်ဝေနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီး၏ ရေလုပ်ငန်းသည် နိုင်ငံ၏ကုန်ထုတ်လုပ်မှုတွင်

အရေးပါသော ကဏ္ဍ တစ်ခုဖြစ်သည်။ ရေထွက်ပစ္စည်းဖြစ်သော ရေခူ (Jelly Fish) ကို စီးပွားဖြစ် ထုတ်လုပ်နိုင်ခဲ့သည်။ ဇန်နဝါရီလမှစ၍ ကုန်ကြမ်းစတင် စုဆောင်းပြီး ရေခူများကို ဈေးကွက်သို့ တင်ပို့ခြင်းအားဖြင့် ဒေသခံပြည်သူတို့ ဝင်ငွေ တိုးတက်ကောင်းမွန်ခဲ့သည်။ ယခုနှစ်ရာသီတွင် ရေခူ တန်ချိန် ၂၀ ခန့် ထုတ်လုပ်နိုင်ခဲ့သည်။

အစိုးရသစ်ကာလတစ်နှစ်တာအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော ကော့သောင်း၊ မြိတ်နှင့် ထီးခီးဒေသတို့မှ ရေထွက်ပစ္စည်းများတင်ပို့ရောင်းချခဲ့ရာ ငါးတန်ချိန် ၁၄၅၁၄၀ ကျော်၊ ပုစွန်တန်ချိန် ၃၁၀၀ ကျော်နှင့် အခြားရေထွက်ပစ္စည်းတန်ဖိုး ၃၅၃၂၅ တန်ကျော် စုစုပေါင်းတန်ဖိုး ဒေါ်လာသန်း ၁၉၅ သန်းခန့် တင်ပို့ပေးနိုင်ခဲ့သည်။ အလားတူကာလ တင်ပို့မှုတန်ဖိုးမှာ ဒေါ်လာသန်း ၁၅၀ သန်းကျော်သာ ရရှိသဖြင့် ၄၂ ဒသမ ၇၉၂ ဒေါ်လာသန်း ပိုမိုတိုးတက်ရရှိခဲ့သည်ဟု သိရသည်။

‘တနင်္သာရီတိုင်းဒေသကြီးတွင် စပါးအပြင် နှစ်ရှည်ပင်များဖြစ်သည့် ကွမ်းသီး၊ အုန်းသီး၊ ရော်ဘာ၊ ဓနိ၊ ဒူးရင်း၊ မင်းဂွတ်၊ ကြက်မောက်၊ သီဟို၊ သရက်၊ ဆီအုန်းတို့ စိုက်ပျိုးဖြစ်ထွန်း’

စိုက်ပျိုးရေး

တနင်္သာရီတိုင်း ဒေသကြီးတွင် စပါးအပြင် နှစ်ရှည်ပင်များဖြစ်သည့် ကွမ်းသီး၊ အုန်းသီး၊ ရော်ဘာ၊ ဓနိ၊ ဒူးရင်း၊ မင်းဂွတ်၊ ကြက်မောက်၊ သီဟို၊ သရက်၊ ဆီအုန်းတို့ စိုက်ပျိုးဖြစ်ထွန်း ကြသည်။တနင်္သာရီတိုင်းဒေသကြီး အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရော်ဘာစိုက်ပျိုးပြီးစီးမှုအပေါ် ရော်ဘာထွက်ရှိမှု အခြေအနေမှာ စိုက်ပျိုးပြီးဧရိယာ ၃၄၅၈၃၄ ဧက၊ အစေးလှီး ၁၃၅၆၃၉ ဧက၊ အထွက်နှုန်း ၄၉၃ ဒသမ ၄၇ ပေါင်၊ အထွက် စုစုပေါင်း ၆၆၉၃၃၂၄၆ ပေါင်ဖြစ်သည်။

ယခုနှစ်တွင် ရော်ဘာဈေးမှာ တစ်ပေါင် ၁၂၀၀ ဖြစ်၍ မနှစ်ကတစ်ပေါင်ဈေး ၅၀၀ ထက်နှစ်ဆနီးပါး ဈေးကောင်းရသဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိခဲ့ကြသည်။ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေမှာ စိုက်ပျိုးပြီးဧရိယာ ၃၉၄၇၁၉ ဧက၊ အသီးခူးဧရိယာ ၁၃၈၅၁၂ ဧက အထွက်နှုန်း ၂ ဒသမ ၁၄ တန်၊ ဆီသီးခိုင်အထွက်စုစုပေါင်း ၂၉၆၅၈၈ တန်ထွက်ရှိခဲ့ပြီးဖြစ်သည်။

သတ္တုကဏ္ဍ

တနင်္သာရီတိုင်းဒေသကြီးသည် သယံဇာတပေါကြွယ်လှသည်။ ထင်ရှားသော သတ္တုတွင်းများမှာ ဟိန်းဒါး၊ ဟာမြစ်ကြီး၊ ကန်ဘောက်၊ ကျောက်မဲတောင်၊ နတ်သီတာ၊ ရတနာပုံ၊ သိန္ဓောတို့ ဖြစ်ကြပြီး ရေနံ၊သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့ ထုတ်လုပ်နိုင်သည့်အပြင် ငှက်သိုက်နှင့် ပုလဲလုပ်ငန်းများမှလည်း နိုင်ငံခြားဝင်ငွေ အများအပြားရရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် ခဲမဖြူ၊ အဖြိုက်နက်နှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်ရန် ကုမ္ပဏီ ၂၈ ခု ခွင့်ပြုထားရှိပြီး ခဲမဖြူ၊ အဖြိုက်နက် လုပ်ကွက် အကြီးစား ကိုးကွက်၊ လုပ်ကွက်အသေးစား ၂၇ ကွက် စုစုပေါင်းလုပ်ကွက် ၃၆ ကွက်ရှိသည်။

သတ္တုထုတ်လုပ်ရန် ၉၁၀ ဒသမ ၀၀၃ မက်ထရစ်တန် လျာထားပြီး ၇၃၉ ဒသမ ၅၈၁ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။ ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တု စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကုမ္ပဏီ ၁၇ ခုအား ခွင့်ပြုထားပြီး လုပ်ကွက်အကြီးစား ငါးကွက်၊ လုပ်ကွက် အသေးစား ၄၆ ကွက် စုစုပေါင်း ၅၁ ကွက်မှာ စမ်းသပ်တိုင်းတာမှုများပြုလုပ်လျက်ရှိသည်။ သတ္တုထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အချပ်ပို (၈) သို့

အချပ်ပို(င)မှ

ပုလဲနှင့် မုတ်ခွံ

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်း ၁၃ ကျွန်းတွင် နိုင်ငံပိုင်ပုလဲလုပ်ငန်းအပါအဝင် ကုမ္ပဏီ ၁၀ ခုမှ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို ရေပြင်ဧရိယာ ဧက ၁၃၃၁၂၀ ကျော်နှင့် မြေပြင်ဧရိယာ ဧက ၁၆၁၅၀ ကျော်တို့တွင် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ပုလဲထုတ်လုပ်ရန် ၃၃၄၀၀၀ မိုမီ လျာထားချက်အပေါ် ၅၁၂၃၃၄ ဒသမ ၄၇ မိုမီ ထုတ်လုပ်နိုင်ခဲ့ပြီး မုတ်ခွံထုတ်လုပ်ရန် ၁၂၆ ဒသမ ၀၀ မက်ထရစ်တန် လျာထားချက်အပေါ် ၁၄၂ ဒသမ ၂၃ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့၍ ထုတ်လုပ်မှုရာခိုင်နှုန်းမှာ ၁၁၂ ဒသမ ၈၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ဆလုံလူမျိုးများ

တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်း ၁၂ ကျွန်းတွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းအနေဖြင့် မြိတ်ကျွန်းစုသည် ကမ္ဘာလှည့်ခရီးသည်များအတွက် လေ့လာစရာများပြားသည့်အပြင် ထိုဒေသရှိ ဆလုံလူမျိုးများ၏ ဓလေ့စရိုက်ကလည်း စိတ်ဝင်စားစရာကောင်းလှပေသည်။

တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရေးအတွက် ထားဝယ်၊ မြိတ်နှင့် ကော့သောင်းဒေသများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ တည်းခိုခန်း ၃၆ ခု၌ ပြည်တွင်းဧည့်သည်ဦးရေ ၉၀၂၀၂ ဦးတည်းခိုခဲ့ပြီး ဝင်ငွေရရှိမှုငွေကျပ် ၁၆၀၁၇ ဒသမ ၃၇ သိန်းနှင့် ပြည်ပဧည့်သည်ဦးရေ ၆၀၆၉၀ တည်းခိုခဲ့ပြီး ဝင်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၁၃၈၄၆၆၇ ရရှိခဲ့သည်။ ယခင်နှစ်ထက် ပြည်တွင်းပြည်ပဧည့်သည်ဦးရေ ၄၂၂၁၄ ဦးတိုးတက်များပြားလာကြောင်း တွေ့ရှိရသည်။

ငှက်သိုက်

သစ်တောထွက်ပစ္စည်းဖြစ်သော ငှက်သိုက်သည် တနင်္သာရီတိုင်းဒေသကြီးတွင် ထွက်ရှိသော သဘာဝသယံဇာတဖြစ်သည်။ ယခုနှစ်အတွင်း ပိဿာ ၁၃၀၀ ခန့်ရရှိပြီး အိတ်ဖွင့်တင်ဒါရောင်းရငွေမှာ ကျပ်သန်း ၁၀၀၀ ကျော် ရရှိခဲ့သည်ဟု သိရှိရသည်။

လမ်းပန်းဆက်သွယ်ရေး

တနင်္သာရီတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လှသဖြင့် ရာသီမရွေး ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းတို့ဖြင့် သွားလာနိုင်သည်။ ဒေသတွင်း၌လည်း လမ်းခရီးလုံခြုံချောမွေ့စေရန် လေယာဉ်၊ ကား၊ သင်္ဘော၊ အမြန်ရေယာဉ်တို့ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

လျှပ်စစ်မီးရရှိရေး

နိုင်ငံတော်၏မဟာဓာတ်အားလိုင်း မရောက်ရှိမီကာလအတွင်း ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို သက်သာသောဈေးနှုန်းဖြင့် ပြည့်ဝစွာသုံးစွဲနိုင်ရန်ရည်ရွယ်လျက် ထားဝယ်ခရိုင်တွင် တစ်မဂ္ဂါဝပ် Gas Engine ခြောက်လုံးနှင့် (620) KVA Volvo အရန် ဒီဇယ်ဓာတ်အားပေးစက် ခြောက်လုံးတို့ပေါင်းစပ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး

အချပ်ပို(ဆ)သို့

တနင်္သာရီတိုင်းဒေသကြီး၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်

တနင်္သာရီတိုင်းဒေသကြီးသည် သယံဇာတပေါကြွယ်လှသည်။ ထင်ရှားသော သတ္တုတွင်းများမှာ ဟိန်းဒါး၊ ဟာမြစ်ကြီး၊ ကန်ဘောက်၊ ကျောက်မဲတောင်၊ နတ်သီတာ၊ ရတနာပုံ၊ သိန္နွာတို့ဖြစ်ကြပြီး ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့ ထုတ်လုပ်နိုင်သည့်အပြင် ငှက်သိုက်နှင့် ပုလဲလုပ်ငန်းများမှလည်း နိုင်ငံခြားဝင်ငွေ အများအပြားရရှိ

တနင်္သာရီတိုင်းဒေသကြီးရှိ စားအုန်းဆီထုတ်လုပ်သည့် စက်ရုံကို တွေ့ရစဉ်

မြိတ်မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပစဉ်

တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်း ၁၂ ကျွန်းတွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းအနေဖြင့် မြိတ်ကျွန်းစုသည် ကမ္ဘာလှည့်ခရီးသည်များအတွက် လေ့လာစရာများပြားသည့်အပြင် ထိုဒေသရှိ ဆလုံလူမျိုးများ၏ ဓလေ့စရိုက်ကလည်း စိတ်ဝင်စားစရာကောင်းလှ

အချပ်ပို(စ)မှ

မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် မီးလင်းရေးအဖွဲ့များမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော မီးလင်းရေးကော်မတီများ/ ပုဂ္ဂလိကကုမ္ပဏီများမှ ထုတ်လုပ်ယူနစ်အပေါ်မူတည်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ ပေးသွင်းရမည့် Royalty Fee ကို တစ်ယူနစ်လျှင် ငွေကျပ် ၁၀ ကျပ်နှုန်းအစား ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ ငွေကျပ်ငါးကျပ်နှုန်းဖြင့် တစ်ပြေးညီလျှော့ချကောက်ခံခွင့်ပြုပြီး ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်းရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်သုံးခုအတွင်းရှိ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများအထိ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်းပေါင်း ၂၄၇၂၆ ဒသမ ၀၅၅ ဖြင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများဖြစ်သော (33) KV ဓာတ်အားလိုင်း မိုင် ၅၀၊ (11)KV ဓာတ်အားလိုင်း ၂၂၃ မိုင်၊ (0.4)KV ဓာတ်အားလိုင်း ၁၄၈ ဒသမ ၄၅ မိုင်၊ (33/11) KV (5)MVA ဓာတ်အားခွဲရုံနှစ်ရုံ၊ (11/0.4) KV Transformer ၁၂၈ လုံး တပ်ဆင်ဆောင်ရွက်ခြင်း စသည့် လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ၂၈၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၁၀၂ ရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မည် ဖြစ်ပါသည်။

ပညာရေးကဏ္ဍ

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများမှ ကျောင်းသားကျောင်းသူများကို ထောက်ပံ့ငွေ၊ ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းသုံးပရိဘောဂများအတွက် စုစုပေါင်း ငွေကျပ် ၄၇၈၆ ဒသမ ၁၂ သိန်းခန့် ထောက်ပံ့ပေးခဲ့သည်။

အခြေခံပညာဦးစီးဌာနသို့ အဆင့်တိုးမြှင့်ရန် တင်ပြသည့်ကျောင်းအရေအတွက် ၁၄၀ ရှိပြီး ၇၉ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည့်ကျောင်းများအတွက် ဘွဲ့ရ ဆရာ ဆရာမ ၁၁၁ ဦး အထက်တန်းပြရာထူးသို့ တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့သည်။ ဆရာနှင့်ကျောင်းသားအချိုး ကွာဟမှုမရှိစေရန် ဒေသခံဘွဲ့ရ ပြင်ပပုဂ္ဂိုလ် ၂၉၁ ဦးကိုလည်း နေ့စားလပေးမူလတန်းပြများအဖြစ်

ကော့သောင်းမြို့၌ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးအကြို အသိပေးရှင်းလင်းပွဲ ကျင်းပစဉ်

လည်းကောင်း၊ ကရင်တိုင်းရင်းသားရွာများတွင် ဘွဲ့ရ ကရင်တိုင်းရင်းသူ ၅၉ ဦးကို ယာယီနေ့စားလပေးများအဖြစ်လည်းကောင်း ခန့်ထားပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၇၀၈ ဒသမ ၀၀ သန်းဖြင့် အဆောက်အအုံလုပ်ငန်း အရေအတွက် ၇၇ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံလုပ်ငန်း အရေအတွက် ၁၀၆ ခုအထိ တိုးမြှင့်တည်ဆောက်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးကဏ္ဍ

တိုင်းဒေသကြီးအတွင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကျန်းမာရေးဌာန သုံးခု၊ ဌာနခွဲ ၁၇ ခု၊ ဝန်ထမ်းအိမ်ရာများကို ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၃၈၆သန်းဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့နှစ်ထပ်နှင့် ငါးထပ် လူနာဆောင်ဆောက်လုပ်ခြင်းနှင့် လေးခန်းတွဲသုံးထပ်ဆရာဝန်အိမ်ရာ၊ စခန်းသစ်တိုက်နယ်ဆေးရုံတွင် ဝန်ထမ်း

အချပ်ပို(ဇ)သို့

တနင်္သာရီတိုင်းဒေသကြီး၌ လမ်းများ အဆင့်မြှင့်တင်ထားမှုကို တွေ့ရစဉ်

ရေလုပ်သားများ ဖမ်းဆီးလာသော သားငါးများကို အရည်အသွေးစစ်ဆေးနေစဉ်

အစိုးရသစ်ကာလတစ်နှစ်တာအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော ကော့သောင်း၊ မြိတ်နှင့် ထီးခီးဒေသတို့မှ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချခဲ့ရာ ငါးတန်ချိန် ၁၄၅၁၄၀ ကျော်၊ ပုစွန်တန်ချိန် ၃၁၀၀ ကျော်နှင့် အခြားရေထွက်ပစ္စည်းတန်ဖိုး ၃၅၃၂၅ တန်ကျော် စုစုပေါင်းတန်ဖိုး ဒေါ်လာသန်း ၁၉၅ သန်းခန့် တင်ပို့ပေးနိုင်ခဲ့

အချပ်ပို(ဆ)မှ

အိမ်ရာ၊ သရက်ချောင်းမြို့နယ် ပြည်သူ့ဆေးရုံခွဲစိတ်ခန်း၊ သားဖွားခန်းပါ တိုးချဲ့နှစ်ထပ်ဆောင်နှင့် ရှစ်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း၊ တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံတွင် တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာ၊ ကော့သောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ခြောက်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ၊ ခမောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် ခြောက်ခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အရေးပေါ် ခိုလှုံရန် အဆောက်အအုံများ ဆောက်လုပ်

မြိတ်ခရိုင် တနင်္သာရီမြို့မောတောင်ဒေသ သိန်းခွန်းကျေးရွာအုပ်စုအတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်နေ့များအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်ကျရေများကြောင့် နေအိမ်များမျောပါခြင်း၊ ရေနစ်မြုပ်ခြင်းနှင့် လူသေဆုံးခြင်းများရှိခြင်းတို့ကြောင့် အိမ်ထောင်စု ၄၃ စုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းဖြင့် စုစုပေါင်းငွေကျပ် ၄၃ သိန်း ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီးအတွင်း သဘာဝဘေးဖြစ်ပွားပါက အရေးပေါ်ခိုလှုံနိုင်ရန်အတွက် လူဦးရေ ၅၀၀ ဆံ့ အဆောက်အအုံသုံးလုံးကို ရန်ပုံငွေကျပ် ၃၅၀၄ သိန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ လောင်းလုံးမြို့နယ် သဘော့ဆိပ်ကျေးရွာ၊ သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာနှင့် ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးကျေးရွာတို့တွင် တည်ဆောက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ၃၅ ကြိမ်ဖြစ်ပွားမှုတွင် အိမ်ခြေ ၂၃၃ လုံး၊ အိမ်ထောင်စု ၂၄၀၊ လူဦးရေ ၁၁၂၃ ဦး၊ သေဆုံးသူ ကိုးဦးရှိခဲ့ရာ ထောက်ပံ့ငွေကျပ် ၁၈၂ သိန်းခန့်ကို ကယ်ဆယ်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးနိုင်ခဲ့သည်။

လွန်ခဲ့သည့်တစ်နှစ်တာကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအတွင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ၁၂ ကြိမ်ကျရောက်ခြင်းကြောင့် ထားဝယ်ခရိုင်တွင် နေအိမ် ၁၁ လုံး၊ အိမ်ထောင်စု ၁၂ စုအတွက် ငွေကျပ် ၇၉ ဒသမ ဝ၁ သိန်း၊ မြိတ်ခရိုင်တွင် နေအိမ် ၅၉ လုံး၊ အိမ်ထောင်စု ၅၉ စုအတွက် ငွေကျပ် ၁၆၀ ဒသမ ၇၂၇ သိန်းနှင့် ကော့သောင်းခရိုင်တွင် နေအိမ်လေးလုံး အိမ်ထောင်စုလေးစုအတွက် ငွေကျပ်သိန်း ၂၀ စုစုပေါင်း နေအိမ် ၇၄ လုံး၊ အိမ်ထောင်စု ၇၅ စုအတွက် ငွေကျပ် ၂၅၉ ဒသမ ၇၃၇ သိန်းအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။

လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသစ်၏ မူဝါဒလေးရပ်ဖြစ်သော အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို အစိုးရသစ်၏ တစ်နှစ်တာအတွင်း ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချမည့် သားငါးများကို တွေ့ရစဉ်

အမျိုးသားရင်ကြားစေ့ရေးအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့နှစ်ဖွဲ့ရှိပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံတို့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လက်တွဲညီညီပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးတွင် အပစ်အခတ်ရပ်စဲရေးကော်မတီ JMC-S ဖွဲ့စည်းထားရှိကာ ပြီးခဲ့သည့် တစ်နှစ်တာအတွင်း တွေ့ဆုံညှိနှိုင်းအစည်းအဝေး ငါးကြိမ်ကျင်းပခဲ့ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

တွေ့ဆုံညှိနှိုင်း

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် အေးချမ်းသောဒေသဖြစ်၍ အထူးအထွေဆောင်ရွက်ရမည့်ဒေသ မဟုတ်သော်လည်း ဒေသတွင်း လက်နက်ကိုင် အဖွဲ့အစည်းများ ပဋိပက္ခမဖြစ်ပွားစေရေးအတွက် တိုင်းရင်းသားခေါင်းဆောင်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်နှစ်တာကာလအတွင်း သုံးကြိမ် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးသည် ပြည်သူတို့၏ ဆန္ဒဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးစားပေးအောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ကော်မတီဝင် ကိုးဦးပါသော ကြီးကြပ်မှု ကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့သည်။ ဒုတိယအကြိမ် ကျင်းပမည့် ၂၁ ရာစုပင်လုံညီလာခံကို တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ပါဝင်ဆွေးနွေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။